www.burmeseclassic.com



# ဂျူး

# တိမ်တွေနဲ့ ချိန်းတဲ့ည

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

**ထုတ်ဝေသူ**

ဒေါ်မြင့်မြင့်ရီ (မြဲ-၀၀၆၆၆) (မျိုးစာပေ)

အမှတ်-၅၂၀(က)၊ အင်းဝ (၄)လမ်း၊

(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**

ဦးကျင်ရင် (မြ-၀၀၃၂၆) (ရွှေခြင်္သေ့ပုံနှိပ်တိုက်)

အမှတ် (၁၂)၊ သရဖီလမ်း၊ တော/နောက် ရပ်ကွက်၊

အလုံမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပန်းချီ**

ဇော်ဝိုင်

**အတွင်းဖလင်**

ကိုဖင်ဦးနှင့်ညီများ

**ပုံနှိပ်ခြင်း**

ပထမအကြိမ်

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ

တန်ဖိုး-၁၀၀ ကျပ်၊ အုပ်ရေ- ၅၀၀

**ဖြန့်ချိရေး**

မျိုးစာပေ

၀၉ ၅၀၃၀၁၁၀၆၊ ၀၉ ၅၁၈၅၀၈၄၊ ၀၁ ၈၅၀၀၆၉၆

**မျိုး**
တိမ်တွေနဲ့ချိန်းတဲ့ည
မျိုးစာပေ၊ ၂၀၁၇။
၂၂၄-စာ၊ ၁၂ x ၁၈ စင်တီ။
(၁) တိမ်တွေနဲ့ချိန်းတဲ့ည

## အခန်း (၁)

"ဘုန်း ဘုန်း ဘုန်း"

ကျောကို ဘုန်းခနဲနေအောင် အထုခံလိုက်ရသဖြင့် ဒွိဟ အိပ်ရာထက်မှ ဝုန်းခနဲ ထလိုက်သည်။

အွန်လိုင်း ချစ်သူလေးနှင့် ကျူနေသော ဗီလင်တွေ ငုတ်ကုန်၍ အမေ့ကိုစိတ်ပျက်စွာ ကြည့်လိုက်ပြီး

"အမေကလည်း သား အမေခိုင်းတာတွေ အကုန်လုပ်ပြီးမှ အွန်လိုင်းသုံးတာလေ အမေရာ၊ အဲဒါကို ဘာလို့ ဘလိုင်းကြီး လာထုနေတာလဲ ကျွတ်"

"အဲဒီ အွန်လိုင်းသုံးတာ အလကားသုံးလို့ရလား၊ ပိုက်ဆံ မကုန်ရဘူးလား ဟမ်၊ တစ်နေ့တစ်နေ့ နင့်မုန့်ဖိုးနဲ့ ဘေလ်ဖိုးကို မိဘက ပေးနေရတယ်၊ ခိုင်းတဲ့အလုပ်ကျတော့ နေ့ရွှေ့ညရွှေ့နဲ့ အပျင်းကြီးနေတယ်"

အမေကတော့ သူ့ဝသီအတိုင်း တစ်နေ့တာအတွက် စတင်၍



www.burmeseclassic.com

www.burmeseclassic.com



ဖွလေပြီ။ ကြားနေကြစကားမို့ ဒွိဟ သိပ်ပြီး မတုန်လှုပ်တော့။

သူပြောချင်တာပြောပစေ၊ ဒွိဟလည်း လုပ်ချင်တာလုပ်မှာပင်။ တစ်နေ့တစ်နေ့ လွှင့်နေတဲ့ အချိန်မှန်စာတပ်ပြားဟောင်းကြီးမို့ ထူးပြီး တော့လည်း နားမဝင်တော့။

"လုပ်ပြီးပြီလေ အမေရာ၊ ဒီအချိန်က သားအနားယူချိန်လေ၊ အမေက သားသမီးတစ်ယောက်ကို နားခွင့်လေးတောင် မပေးတော့ဘူး လား၊ ဒါ သားရဲ့ကိုယ်ပိုင်အချိန်လေး"

သားအမိချင်းပေမယ့် ဟန်ကိုယ့်ဖို့တော့ရှိရမယ်မို့လား။ ဒီတော့ ခပ်တည်တည်ဖြင့် အမေ့ကိုပိတ်ပြောလိုက်သည်။ ထို့ကြောင့် အမေ ငြိမ်မသွားပါ။

"နင်က ဘာအလုပ်တွေကို လုပ်နေရလို့ နားမှာလဲ ဟမ်၊ အလကား အလုပ်မရှိအကိုင်မရှိ လယ်ယာပြန်စားရေးကများ သွား အခု ရေချိုးခန်းထဲမှာစိမ်ထားတဲ့စောင်နဲ့ ခြင်ထောင် သွားလျှော်"

ဒီတစ်ခါ ဒွိဟ ဘာမှမပြောနိုင်လောက်အောင် စိတ်လေသွား သည်။ ကောင်မလေးနှင့် chat နေသည့် feel လေး ပျက်သွားသည်။

မလျှော်ဘူးဟုလည်း ငြင်း၍မရ။ ထိုခြင်ထောင်တွေ စောင်တွေ က ဒွိဟ အိပ်သော စောင်နှင့်ခြင်ထောင်ဖြစ်သည်။

"လျှော်မယ်ဗျာ ခုပဲ လျှော်မယ်"

"သွား လျှော်"

"ဟွန်း အလုပ်မလုပ်လို့ မျက်နှာငယ်ရတာ၊ သားမှာ ဝင်ငွေသာ ရှိကြည့် ဒီအလုပ်တွေလုပ်စရာ မလိုဘူး"





"လျှော်မယ်ဗျာ ခုပဲ လျှော်မယ်"

"သွား လျှော်"

"ဟွန်း အလုပ်မလုပ်လို့ မျက်နှာငယ်ရတာ၊ သားမှာဝင်ငွေသာ ရှိကြည့် ဒီအလုပ်တွေ လုပ်စရာမလိုဘူး"

"အမလေး လုပ်ပါ ဝင်ငွေရှိအောင် အရင်လုပ်စမ်းပါ၊ ကျုပ်တို့ မသေခင်လေး ရှင့်ဝင်ငွေလေး သုံးကြည့်၊ စားကြည့်သွားချင်လို့ပါ"

ဒွိဟ ပြောသည့်စကားကို အမေ ကြားဖြစ်အောင်ကြားသွား သေးသည် ထင်သည်။ အနောက်မှအော်ပြောသည်။ ဒွိဟကလည်း မခေ။

"မကြာဘူး စားရမယ်၊ စောင့်နေ တကတည်း"

အမေ့ကို ပြန်၍အော်ပြောလိုက်သည်။

"ဟဲ့ လက်ထဲက ဖုန်းက မချသွားဘူးလား။ ခြင်ထောင်လျှော် တာ ဖုန်းကိုင်ပြီးလျှော်မလို့လား"

ဒွိဟ အကြဲကို အမေရိပ်မိပုံရသည်။ ဒါဟာ ဒွိဟအကျင့် ရေအိမ်ဝင်လည်း ဖုန်းပါသည်။ ထမင်းစားလည်း ဖုန်းနှင့်၊ ရေချိုးလျှင် တောင် ဖုန်းကို အင်တာနက်ဖွင့်ပြီး အုတ်ကန်ပေါ်တင်ထားသည်။ ဒါက လည်း အကြံနှင့်၊ ကောင်မလေးတွေကို ဗွီဒီယိုကောလ်ခေါ်ပြီး စကား ပြောကြလျှင် ရေချိုးနေသောပုံကို မြင်စေချင်၍ ဖြစ်သည်။

ဒွိဟရဲ့အကျင့်နဲ့ စွဲလမ်းမှုကလည်း အမေ အပြစ်မြင်မည်ဆို လည်း မြင်ချင်စရာပါ။

အင်တာနက်ကို ဒွိဟ အဲလောက်အချိန်ပေးပြီး သုံးဖြစ်ပါသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ အွန်လိုင်းက ချစ်သူလေးနှင့်တွေ့ဖို့ ချိန်းထားသည့်နေ့မို့ ဒွိဟတို့ မနက်ကတည်းက ဂနာမငြိမ် ဖြစ်နေသည်။ ဆော်နဲ့က ချိန်းပြီး ပြီ။ အဲဒီဆော် ဖြူသလား မည်းသလားမသိ။ ဒါပေမဲ့ အချင်းချင်း စာပို့ရင်တော့ စကားအဆင်ကို ချောနေတာပဲ။ လူချင်းတွေ့ရင်တော့ ဘာတွေဖြစ်မလဲ မသိ။ စိတ်ထဲမှာတော့ ချောပါစေ လှပါစေလို့ လျှာ ခလုတ်တိုက်မတတ် ဆုတောင်းနေမိသည်။

"ဒွိဟ ပါးစပ်က တတွတ်တွတ်နဲ့ ဘာတွေပြောနေတာလဲ"

လမ်းလျှောက်ရင်း ဆုတောင်းလာသဖြင့် ကွမ်းယာဆိုင်မှ မတင်နု ကွမ်းယာရောင်းရင်း လှမ်းမေးသည်။

"ကောင်မလေးနဲ့သွားတွေ့မလို့ဗျ။ ဒါကြောင့် ဆော်ကြည်မယ့် ဂါထာ ရွတ်လာတာဗျို့"

"အံမယ် တယ်ဟုတ်ပါလား။ ဒါကြောင့် မျက်နှာက ချော ကလက်ရေချိုးထားသလို ဖြစ်နေတာကိုး။ ဒီတော့ ကွမ်းယာလေး အား ပေးဦး"

"ဟမ် ဘာမှလည်းဆိုင်ဘူး"

"ဆိုင်တယ်လေ ချစ်သူနဲ့တွေ့တဲ့အချိန် ကွမ်းယာလေးဝါးနေရင် စိတ်ပိုပြီးတည်ငြိမ်တာပေါ့၊ ဟုတ်ဘူးလား အစ်မပြောတာ"

ကွမ်းယာသည် မတင်နု သူ့ကွမ်းယာရောင်းချင်၍ မဲဆွယ်နေပြီ။

"ဟာ မဟုတ်တာ"

"ဟဲ့ ဘာလို့မဟုတ်ရမှာလဲ၊ မနေ့က နင့်သူငယ်ချင်း ဖိုးလပြည့် တောင် ဆော်နဲ့သွားတွေ့ဖို့ ငါ့ဆီက နိုင်တီတူးနဲ့ကွမ်းယာတွေ တစ်ဘူးကြီး





ပဲ ဝယ်သွားတာ"

ဒွိဟ အားကျမခံဝယ်အောင် ထပ်ဆွယ်သည်မို့ ဒွိဟ လက်ခါ ပြလိုက်ပြီး

"နေပါဗျာ ချစ်သူနဲ့သွားတွေ့ရမှာကို ကွမ်းယာဝါးသွားရမယ် တဲ့၊ ဖီးလ်ငုတ်ပါတယ်"

ဒွိဟစကားကြောင့် မတင်နု မျက်နှာမဲ့သွားပြီး

"ဟွန်း ငါ့ကွမ်းယာဝယ်မသွားရင် ချစ်သူနဲ့လွဲပါစေတော်"

မေတ္တာပို့သံကြားလိုက်ပေမယ့် အချိန်မမီတော့၍ ဘာမှပြန်၍ မချေပနေတော့။

ချစ်သူနဲ့လွဲစရာ ဘာအကြောင်းမှမရှိ။ တစ်နေ့ကျရင် ခင်ဗျား ရှေ့ခေါ်လာမယ်ဟု စိတ်ထဲက ကြိမ်းပြီး ကြိမ်းဝါးလိုက်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ကော်ဖီဆိုင်ထဲ ဝင်ဝင်ချင်း ငြိမ့်ညောင်းတဲ့ဂီတသံနှင့်အတူ တိတ်ဆိတ်သော အငွေ့အသက်ကြောင့် ဒွိဟစိတ်ထဲ ဒီဆိုင်လေးကိုမှ ရွေးပြီးချိန်းသော ချစ်သူလေးကို စိတ်ထဲမှ ချီးကျူးမိသည်။

ဒီဆိုင်လေးရဲ့အပြင်အဆင်က ချစ်သူစုံတွဲတွေနှင့် လိုက်ဖက်လွန်းသည်။ ထို့အတူ ဒီဆိုင်လေးကိုမှ ရွေးချယ်တတ်သော ချစ်သူလေးဟာလည်း ဒွိဟ စိတ်ခံစားမှုတွေကို တဒင်္ဂအတွင်း ကိုင်လှုပ်နိုင်သော အလှတွေကို ပိုင်ဆိုင်နိုင်ပါစေ။

"အစ်ကို ဘာမှာမလဲ"

မီနူးကဒ်လာပေးသော ကောင်လေးကို ပြုံးပြလိုက်ပြီး

"လောလောဆယ် ရေအေးအေးလေးတစ်ခွက် အရင်ဆုံးချပေး၊ ကိုယ့်ချစ်သူလာမှ သူစားချင်တာ မှာကြမယ်၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ အစ်ကို"

ဝိတ်တာလေး ပြန်ထွက်သွားသည်။





ဒွိဟ လက်မှနာရီကိုငုံ့ကြည့်လိုက်ပြီး ဖုန်းခေါ်လိုက်သည်။ ဖုန်းက ဆက်သွယ်မှုမရှိယာပြင်ပ။

"ကျွတ် ဖုန်းကို ဘယ်ချောင်ထဲ သွားထည့်ထားလဲ မသိဘူး"

နောက်ထပ် ဖုန်းခေါ်ဆိုဖို့ ဆန္ဒမရှိတော့၍ ဒွိဟ ဖုန်းကို စားပွဲပေါ်ပြန်ချပြီး ဆိုင်ထဲဝင်သည့် အဝင်ဝ အပေါက်ကို ငေးမျှော်ကြည့်နေလိုက်တော့သည်။

ဆိုင်ထဲသို့ ချစ်သူလေးဟု ထင်ရလောက်သော ကောင်မလေး ဝင်လာသည်။ ဒွိဟ ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ ပြီးမှ

"အယ် ဟုတ်သေးပါဘူး၊ သူက ခရမ်းရောင်လေးဝတ်လာမှာ ပြောတယ်၊ အခု သူဝတ်ထားတာ အဖြူရောင်ကြီးပဲ"

တစ်ယောက်ထဲ ခပ်တိုးတိုး ရေရွတ်ရင်း ရင်ခုန်သွားသော ခံစားမှုကို နှစ်သိမ့်လိုက်သည်။ ငါ့ချစ်သူက အဲကောင်မလေးထက် ပိုလှမှာပါလို့။

ကော်ဖီဆိုင်အဝကို မျှော်ရလွန်းလို့ လည်ပင်းရှည်ထွက်လာသလားပင် မပြောတတ်။ ဒီတော့ ဖုန်းဖွင့်ပြီး fb ထိုင်သုံးနေလိုက်တော့သည်။

သူရောက်လာရင် ကိုယ့်စားပွဲတန်းလာမှာပါ။ သူ့ကိုပြောထားတယ်၊ အဖြူရောင် ရှပ်ပဲ ဝတ်လာမယ်လို့။

"ကိုဒွိ"

ခေါ်သံနှင့်အတူ အနားမှာရိပ်ခနဲ လာရပ်သောကြောင့် တခြား friend ကောင်မလေးနှင့် စာပို့နေသော ဒွိဟ၏အရှိန်တွေ ပျက်သွားပြီး



www.burmeseclassic.com

www.burmeseclassic.com



message box ကို ကမန်းကတန်း ပိတ်လိုက်သည်။

အနားမှာ လာရပ်နေသူမှာ ညီမဝမ်းကွဲတော်သူ ခင်မာလာ ဖြစ်နေသည်။

"ဟဲ့ မာလာ နင်ဒီကို ဘာလာရပ်တာလဲ"

"သူငယ်ချင်းတစ်ယောက်နဲ့ ချိန်းထားလို့ လာစောင့်တာလေ"

ပြောပြောဆိုဆို ဒွိဟ နားဝင်ထိုင်သည်။

"ဟာ ဟဲ့ ဟိုဘက်ဝိုင်းမှာ ထိုင်လေ၊ ငါ့ကောင်မလေးလာရင် ငါနဲ့နင့်ကို မောင်နှမတွေမှန်းမသိဘဲ အထင်သေးပြီး လှည့်ပြန်သွားလို့ မျက်နှာလေးတောင် မမြင်ဖူးလိုက်ဘဲဖြစ်သွားမယ်"

"အမလေး ညီမလေးကလည်း ကိုဒွိက ထိုင်ခိုင်းတိုင်းတောင် မထိုင်ဘူး၊ သူလာရင် တွေ့သွားလို့ ရှိစုမဲ့စု ချစ်သူလေး ဆုံးရှုံးလိုက်ရပါဦးမယ်"

သူကလည်း အားကျမခံ ပြန်ပြော၍ ဒွိဟ မဲ့လိုက်ပြီး

"အမလေး အဲလိုအသိစိတ်လေးကို ကျေးဇူးတင်ပါတယ် သွား သွား မြန်မြန်ဟိုဘက်ဝိုင်းကို ငါ့ကောင်မလေး လာတော့မှာ"

ခင်မာလာကို အတင်းတွန်းလွှတ်လိုက်သည်။ ခင်မာလာ တခြားစားပွဲမှာ သွားထိုင်သည်။ ဒီတော့မှ စိတ်အေးကာ ချစ်သူလေးကို ဆက်စောင့်လိုက်သည်။

နာရီဝက် တစ်နာရီသာ ကြာသွားသည်။ ပေါ်မလာသဖြင့် ဒွိဟ စိတ်ပူစပြုနေပြီ ဟုတ်ရော ဟုတ်ပါတော့မလား။

ဒွိဟ ရင်တွေ တဒိတ်ဒိတ်နဲ့ ဂနာမငြိမ်တော့။ ထိုစဉ် ဒွိဟ





လက်ကိုင်ဖုန်းမှ ဖုန်းမြည်လာသည်။

"ဟင် ဖုန်းဆက်ပြီ မ မလာဖြစ်ဘူးဆိုတဲ့အကြောင်း ဆက်တာ ထင်တယ်"

ဖုန်းထူးဖို့ ဒွိဟ တစ်ယောက် မဝံ့မရဲဖြစ်နေ၏။

"ဟဲလို အစ်ကို ခုထိမလာသေးဘူးလား၊ ခေး စောင့်နေတာ ကြာလှပြီ"

"အမ်"

ဒွိဟ မျက်လုံးပြူးသွားပြီး

"ခေး ကိုယ်ရော ခေးကို စောင့်နေတာလေ"

"တွေ့ပါဘူး အဲ့ နေ နေဦး"

မာလာ ဖုန်းပြောရင်း ဒွိဟကို ငဲ့ကြည့်သည်။ ပြီးတော့ ထိုင်ရာမှ ဝုန်းခနဲ ထလိုက်ပြီး

"ကို ကိုဒွိ"

"နင် မာလာ၊ ပန်းမာလာမြိုင်ဆိုတဲ့ အကောင့်ပိုင်ရှင်က နင်လား"

မာလာကို လက်ညှိုးတထိုးထိုးဖြင့် အငမ်းမရ သွေးရူးသွေးတန်းမေးလိုက်သည်။

"ဟုတ်တယ် ကိုဒွိကရော သံစဉ်ဆိုတဲ့ အကောင့်ပိုင်ရှင်လား"

"ဟုတ်တယ် ဟာ သွားပြီ သွားပါပြီဟာ၊ ငါ ငါကြွေနေတာ လက်စသပ်တော့ နင်ဖြစ်နေတာပေါ့"

ဒွိဟ ခေါင်းကိုမိုးကြိုးအကြိမ်ကြိမ် ပစ်ခွင်းလိုက်သလို အံစိတ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းအမှာမှာ ဖြစ်သွားသည်။ ရှက်တာရော ဒေါသထွက်တာရော ရောထွေး
ပြီး သူ့ဟာ ဂနာမငြိမ်တဲ့မျောက်တစ်ကောင်လို ခုန်ဆွခုန်ဆွ ဖြစ်နေပြီ။

"အမလေး ရှက်လိုက်တာ ကိုယ့်အစ်ကိုမှန်းမသိဘဲ မှားပြီး
နှုန်းလိုက်တယ်၊ စောစောက ပျော်နေတဲ့ဖီလင်တွေ ဘယ်ရောက်ကုန်ပြီ
လဲ မသိတော့ဘူး"

မောင်နှမနှစ်ယောက် တစ်ယောက်မျက်နှာပင် တစ်ယောက်
မကြည့်ရဲတော့။

"ကဲ ပြန်တော့ ပြန်တော့၊ နောက်တစ်ခါမှတ်ထား လူမမြင်
ဖူးဘဲနဲ့ အွန်လိုင်းပေါ်မှာ ဟိုင်းပြီး ချစ်သူမလုပ်နဲ့၊ ဒါ နင့်အတွက်
သင်ခန်းစာပဲ"

မှားတုန်းက နှစ်ယောက်အတူတူမှားခဲ့ကြပေမယ့် ကိုယ်က
အစ်ကိုဖြစ်နေ၍ ဆရာကြီးလေသံနဲ့ ဆုံးမလိုက်သေးသည်။

မာလာ သူ့အဖြစ်နှင့်သူမို့ စောဒက မတက်ရဲဘဲ ကော်ဖီဆိုင်
ထဲမှ ခပ်ကုတ်ကုတ်ထွက်သွားသည်။

"အစ်ကိုမှာတော့မလား"

"ဆောရီးပဲ ညီ၊ ကိုယ့်ကောင်မလေး ပျောက်သွားလို့ မမှာ
တော့ဘူးနော်"

ဝိတ်တာလေးကို ခပ်တည်တည်နှင့်ရှီးခဲ့ပြီး ဆိုင်ထဲမှ ထွက်ခဲ့
လိုက်သည်။ ဒွိဟနောက်ကျောကို ဝိတ်တာလေး အူကြောင်ကြောင်ကြည့်
ပြီး ကျန်ခဲ့သည်။

■ ■ ■



## အခန်း (၃)

"ဟဲ့ ဒွိဟ နင့်မျက်နှာကြီးက ဘာဖြစ်လာတာလဲ၊ ကောင်မ
လေးနဲ့သွားချိန်းတွေ့တာဆို မတွေ့ခဲ့ဘူးလား"

အနာကိုတုတ်နဲ့လာထိုးနေသော မတင်နု အမေးကြောင့် ငိုချင်
နဲ့လက်တို့ဖြစ်လာသည်။ သို့သော် ငိုပြ၍လည်းမဖြစ်၊ ကိုယ့်အကြောင်း
ကို အမှန်အတိုင်းပြောမိလျှင် ရယ်ကွက်ထဲလိုက်ဖွမယ့် မိန်းမကြီး။

ဒါကြောင့် ဘာမှပြန်မဖြေဘဲ သူ့ရှေ့မှ ခပ်သွက်သွက် လျှောက်
သွားလိုက်သည်။ ဒါတောင် မတင်နု အလျှော့မပေးသေး။

"ဟဲ့ လာပါဦး တကတည်း ဘာတွေ ဖီးလ်ဝင်လာလဲမသိပါ
ဘူး ငါ နင့်ကိုမေးစရာရှိလို့ပါ"

"ဟာ ဘာမေးမှာလဲ၊ သူများရည်းစားနဲ့ချိန်းတဲ့ကိစ္စ ခင်ဗျားနဲ့
ဘာဆိုင်လဲ ကိုယ့်ဈေးကိုယ် အေးအေးဆေးဆေး မရောင်းဘူး တကယ်ပါ
ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



လူက စိတ်ညစ်ပါတယ်ဆိုမှ ဘုတောလိုက်သည်။

"ခြောက် ဒီငနောကလည်း ငါမေးမှာ နင့်ကိစ္စမဟုတ်ဘူး တခြားကိစ္စ"

တခြားကိစ္စဆို၍ ဒွိဟ ခြေလှမ်းတွေ နောက်ပြန်ဆုတ်လာပြီး ကွမ်းယာဗန်းရှေ့မှာ ရပ်လိုက်သည်။

"ကဲ မေး ဘာမေးမှာလဲ မသိရင်တော့ မဖြေဘူးနော်"

ကွမ်းသီး တစ်စိတ်ကောက်ဝါးရင်း သူမေးမယ့်မေးခွန်းအတွက် အထွန့်ကြိုတက်ထားလိုက်သည်။

"အေးပါ နင်သိတာပဲ မေးမှာပါ"

"ဒါဆို မြန်မြန်မေး"

ညစ်လာသောစိတ်တွေ ခဏတော့ ပြေပျောက်မှာပါဟူသော အတွေးဖြင့် ကွမ်းယာဆိုင်မှာအချိန်ဖြုန်းဖို့ အတွေးရောက်သွားသည်။

"ဒီလိုဟာ ခု ငါမေးတဲ့မေးခွန်းကို ဘယ်သူမှသွားမပြောပြနဲ့ ပြောပြရင် ကျိုင်ကအကြီးကြီးတက်မှာ"

တစ်ခါပြောဖို့အရေး အရစ်တွေရှည်နေသော မတင်နုကို စိတ်မရှည်သလို ပြူးကြည့်လိုက်ပြီး

"ကဲ မတင်နု လိုရင်းကိုမြန်မြန်ပြောပါဗျာ၊ ခင်ဗျားစကားက တရုတ်မဘောင်းဘီထဲ အီးပေါက်သလိုလည်နေသလားလို့"

"အေးပါ ပြောမှာပါ ဒီလိုဟော့၊ နင်တို့ဘေးအိမ်က အပျိုကြီး အလိမ်ခံရလို့ဆို"

"အယ် မဖြူကိုပြောတာလား"





"အေးလေ"

"ဟာ ဘယ်သိမလဲ"

"နင်ကလည်း တစ်ရပ်ကွက်လုံးသိတယ်၊ နင်မသိဘူးလား၊ ဆိုဟာ အွန်လိုင်းပေါ်မှာ ကောင်လေးငယ်ငယ်နဲ့တွေ့ပြီး ကျူကြတယ်ဟာ၊ အဲဒီမှာတင် အပျိုကြီးက အဲ့ကောင်လေးကို စွဲသွားတယ်"

"ဘယ်ကိုဆွဲသွားတာလဲဗျ"

"နောက်ဖေးလမ်းကြားကိုလေ ဟဲ့ အယ် နင်မေးတာနဲ့ ငါ ဆောင်ယောင်ကုန်ပါပြီ၊ နောက်ဖေးလမ်းကြားကိုဆွဲမလားဟဲ့"

ယောင်ပြီးထွက်သွားသော မတင်နုခမျာ သူ့စကားကိုသူ ကမန်းကတမ်းပြန်၍ ရှင်းချက်ထုတ်သည်။ ဒွိဟ ကိုယ့်သောကကို ခဏဘေးချိတ်ပြီး တသောသောရယ်လိုက်သည်။

"ဒါဆို ရှင်းအောင်ပြောလေ၊ ပြတ်တောင်းပြတ်တောင်းနဲ့ ပြောနဲ့"

"ဒီလိုဟာ အွန်လိုင်းပေါ်က ကောင်လေးနဲ့တွေ့ပြီး သူတို့ငြိသွားကြတယ်၊ ပြီးတော့ အပြင်မှာခဏခဏတွေ့ကြတယ်၊ အခု အပျိုကြီးမှာ ကိုယ်ဝန်ရှိနေပြီတဲ့"

အသေးစိတ်ပြောပြနေသော မတင်နုကို တအံ့တဩ ကြည့်လိုက်သည်။

"တကယ်လားချည်လား ဒါပေမဲ့ အပျိုကြီးဗိုက်က ပူလည်းမပူဘူးဟာ"

"ဟဲ့ ပူစရာလား အခု ဖျက်ချထားတယ်လို့ ပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာဗျာ မဟုတ်ကဟုတ်ကပြောတော့မယ်၊ အပျိုကြီးက အဲလို ကိုယ်ချင်းစာတရားမရှိတဲ့လူမဟုတ်ပါဘူးဗျာ၊ ဒီလောက် စေတနာပြည့်ဝတဲ့ဟာကို"

"အဲဒါ နင့်အမြင်လေ၊ ဟိုက သူ့ကိုမှမယူတာ၊ နိုင်ငံခြားကို လစ်သွားပြီ၊ ဒီတော့ ဗိုက်တစ်လုံးနဲ့ကျန်ခဲ့တာပဲ အဖတ်တင်မှာပေါ့"

"ဟာ တော်ပြီဗျာ၊ ဘာတွေပြောနေမှန်းလည်းမသိဘူး၊ လူ့က ညစ်လာပါတယ်ဆိုကာမှ"

မတင်နု ပြောဆိုနေတာတွေက နားရှက်စရာကောင်းလာသည်မို့ မျှော်ကျွားတန်မဲ့ လေ့ဘေးပြိုင်မပြောချင်တော့။

"တော်ပြီဗျာ သွားတော့မယ်"

ကိုယ့်သောကကိုယ်ထမ်း သူများသတင်းနားထောင်ပြီး အိမ်ကို ပြန်လာခဲ့လိုက်သည်။

အိမ်အပြန်ခြေလှမ်းတွေက အလာတုန်းကလောက် မသွက်လက်တော့။

ရှက်လိုက်တာ အမေသာသိရင်တော့၊ သူ့ရင်ဘတ်သူ တဘုန်းဘုန်းထုပြီး အွန်လိုင်းပေါ်မှာတွေ့တဲ့မိန်းကလေး သူ့ဟာသူမှားပြီး တွေ့ကြ ဒုက္ခရောက်တာ စိတ်မကောင်းပေမယ့် ကိုယ်နဲ့မှမဆိုင်တာပဲလေ။

တကယ်ဆို ကိုယ်လည်း ခံလိုက်ရတာပဲလေ။

■ ■ ■



## အခန်း (၄)

"အံ့မယ် ငါ့သား ကြားသားမိုးကြိုးပါလား၊ အရင်ကလို ဖုန်းသုတ်ဘဲနဲ့ အိမ်အလုပ်တွေဘာတွေ လုပ်နေပါလား"

ခြံနောက်ဘက်ရှိ မြက်ပင်တွေကို ဓားရှည်ဖြင့် စိတ်ရှိလက်ရှိ ခုတ်ယမ်းနေသော ဒွိဟကိုကြည့်ပြီး အမေ တအံ့တသြဖြစ်နေသည်။

တကယ်တော့ ဒွိဟ မြက်တွေကို ဓားနဲ့ခုတ်တာ ခြံကိုရှင်းစေချင်လို့မဟုတ်၊ ကိုယ့်ကိုယ်ကိုယ် ဒေါသဖြစ်လွန်းလို့ အဏ်ခတ်သည့်အနေဖြင့် အပြစ်ပေးနေတာဖြစ်သည်။

ဒွိဟ အမေ့စကားကိုလည်း ခွန်းတုံ့မပြန်လိုသဖြင့် မြက်ရိုင်းပင်တွေကိုသာ မဲပြီး ခုတ်ထစ်နေ၏။ တကယ့်ကို အားကြိုးမာန်တက်ပါပဲ။

"သားရေ ခုတ်လက်စနဲ့ နောက်ဖေးခြံစည်းရိုးတွေပါ တစ်ခါထဲ ရှင်းလိုက်ပါလားကွယ်၊ ခွေးတွေတိုးထားတော့ အပေါက်အပြဲတွေနဲ့ မလုံခြုံတော့ဘူး၊ အိမ်အောက်မှာ သစ်သားတွေရှိတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အမ် ဘာ ဘာပြောတာလဲ အမေ"

ငါ့သားလေး ပင်ပန်းပါတယ်၊ ဒါပြီးရင် အေးအေးဆေးဆေးလေး အနားယူပါတော့ဆိုသော စကားထွက်မလာဘဲ နောက်ဖေးခြံစည်းရိုးတောင် ဖမ်းပြင်နိုင်းလိုက်သေးသည်။ ဒါနည်းနည်းတော့ များသွားပြီ။

"နောက်ဖေးခြံစည်းရိုးကို တစ်ခါထဲ ပြင်နိုင်းတာလေ၊ မင်းမလုပ်ရင် ဘယ်သူလုပ်မတုံး"

"လက်သမား ဦးထွန်းကို လုပ်ခိုင်းလေ အမေရဲ့"

"အမ် ဘာဖြစ်လို့လဲ၊ မင်းလုပ်ရင် ပိုက်ဆံမကုန်မှာစိုးလို့လား"

"မဟုတ်ပါဘူး အမေရဲ၊ ကျွန်တော်လုပ်ရင် မလှမပဖြစ်တော့ သူများကဲ့ရဲ့စရာဖြစ်မယ်လေ၊ ခြံစည်းရိုးဆိုတာ သေသေသပ်သပ်ဖြစ်မှ ကောင်းတာ"

မလုပ်ချင်၍ အကြောင်းပြနေသော ဒွိဟကို အမေ အထင်မကြီးသလိုမဲ့ပြီး ကြည့်လိုက်သည်။

"ငါ့သားလေး လိမ္မာလာပြီမှတ်တယ်၊ တကယ်မလိမ္မာသေးပဲကိုး"

"ဟာ အမေကလည်း အဲလိုမပြောပါနဲ့၊ လိမ္မာလို့ ခုလိုအလုပ်တွေ ဖွတ်လုပ်နေတာပေါ့၊ အမေလည်းသိတဲ့အတိုင်းပဲလေ၊ သားက အလှအပကိုကြိုက်တဲ့ဟာကို ဒါကြောင့်ပြောတာ"

အမေ့ကို မရမက ဆင်ခြေထပ်ပေးသေးသည်။

"ဟဲ့ ဆင်ခြေမပေးနဲ့၊ နောက်ဖေးခြံစည်းရိုးက လှစရာလိုလို့လား၊ ဟမ်၊ ဘယ်သူကရော မြင်မှာမို့လဲ၊ နောက်ဖေးလမ်းကြားက





သရဲတွေကဲ့ရဲ့မှာစိုးလို့လား"

အမေ ရွဲ့လေပြီ။

"ဟာ အမေကလည်း ရွဲ့ပြန်ပြီ၊ ဒီက အကောင်းပြောပြနေတာပါဗျာ"

အမေ့ကို လျှပ်ပြည်နဲ့ချော့သည်။ အမေ မျက်နှာ ပို၍မဲ့လေသည်။

"ငါ့ကို ဘာဆင်ခြေမှမပေးနဲ့၊ ငါကလုပ်ဆိုရင်လုပ်လိုက်ပါ၊ မင်းကို ဒေါသမထွက်ချင်ဘူး ဒါပဲ"

တစ်ချက်လွှတ်အမိန့်ပေးသွားသော အမေ့စကားကို ထပ်ပြီး ငြင်း၍မရတော့။ ဒွိဟ ကိုယ့်ကိုကိုယ် ဒေါသထွက်လာရပြန်သည်။

ထို့ကြောင့် ထိုးထောင်ထွက်နေသော မြက်ရိုင်းပင်ကို အားလွှဲ၍ခုတ်လိုက်သည်။

ခံစမ်း ဒွိဟ ခံစမ်း မင်းမှာဘာမှ ငြင်းပိုင်ခွင့်မရှိ။

■ ■ ■

အမေ့ မောင်းချက်ကြောင့် ညဘက်လည်းရောက်ရော ဒွိဟ တော်တော်လေး ပြိုင်းသွားပြီး ထမင်းပင်စားချင်စိတ်ကုန်ခမ်း၍သွားသည်။

ဒီနေ့တစ်နေ့လုံး ဒွိဟ ကံမကောင်းပါလားဟု တွေးပြီး ကိုယ့်အမှားကိုယ်ပြန်တွေးပြီး ရှက်နေမိသည်။ ဖုန်းကိုင်ပြီး fb မသုံးတော့ဘူးဟု ဆုံးဖြတ်ချက်ချလိုက်ပေမယ့် စိတ်တွေက ဂနာမငြိမ်နိုင်ပါ။ အကြည့်တွေက စားပွဲပေါ်ရှိဖုန်းဆီသို့သာ မကြာခဏ ရောက်ရောက်နေသည်။

"မသုံးဘူး လုံးဝမသုံးဘူးဟာ"

ကိုယ့်ကိုကိုယ် ထိန်းချုပ်ပြီး စောင်ကို ခေါင်းမြီးခြုံလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးကို ဖွတ်အတင်းမှိတ်ပစ်လိုက်သည်။

ညတိုင်း လိုင်းသုံးတာ နှစ်နာရီ သုံးနာရီမှအိပ်ဖြစ်သည်။ အချစ်ကလေးနဲ့ ကျူသည်ပေါ့။ ခုတော့ တစ်ခန်းရပ်ခဲ့ပြီ။ စိတ်ထဲမှာ တစ်စက္ကန့်လေးတောင် ပြန်မတွေးချင်တော့။ ရက်လွန်းလို့ပါ။

ဒီတစ်ညတော့ စောစောစီးစီး အိပ်ဖူးတယ်ရှိအောင် အိပ်လိုက်တော့မည်။

■ ■ ■



## အခန်း (၃)

"ဒွိဟ ဒွိဟရေ"

"ဗျာ"

"မထသေးဘူးလား"

"ထပြီဗျ"

မနက်တိုင်း ကြားနေသော အမေ့ရဲ့နှိုးစက်အသံကြောင့် မျက်လုံးတွေမဖွင့်ချင်သေးပေမယ့်လည်း ခန္ဓာကိုယ်က ငေါက်ခနဲ ထထိုင်မိပြီးသား။ အထဲ ဆက်မှိန်းနေလျှင် အမေ့ရဲ့လက်ဆစ်တွေက ဒွိဟခေါင်းပေါ်ကို တရစပ်ရောက်လာနိုင်သည်။

"ဒီနေ့ မင်းဦးလေးရဲ့ဆိုဒ်ထဲကို မင်းသွားရမယ်"

အမေ ခုတင်နားလျှောက်လာပြီး ဒွိဟ အိပ်ရာပေါ်မှစောင်ကို သိမ်းယူ၍ ခေါက်နေသည်။

"သားက ဦးလေးဆိုဒ်ထဲ ဘာသွားလုပ်ရမှာလဲ အမေ၊ ပန်းရံသွားလုပ်ရမှာလား"

"မဟုတ်ဘူး ညဘက်သွားစောင့်ရမှာ"



www.burmeseclassic.com

www.burmeseclassic.com



ညဘက်စောင့်ရမည်ဆို၍ လန့်သွားသည်။ ဆောက်လက်စ တိုက်ကြီးထဲမှာ ညသွားစောင့်ဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်။ အမှန်အတိုင်း ဝန်ခံရလျှင် ဒွိဟ သရဲကြောက်တာ အမှန်ပါ။

"ဟာ ညဘက်သွားစောင့်ရအောင် သားက လုံခြုံရေးဝန်ထမ်း မို့လား။ သား ဘွဲ့ရပညာတတ်တစ်ယောက်ပါ အမေရ"

လူကသာ တစ်လနေလို့ တစ်သောင်းပြည့်အောင်ပင် မရှာနိုင် လျှင်နေရမယ် ပညာတတ်ဆိုတဲ့မာနက ထိပ်တက်ပြီးကပ်နေတာ ကိုယ့် သာလျှင်အသိဆုံး။

"ဟဲ့ ဘွဲ့လေးတစ်လုံးရထားတာ လေကျယ်ပြနေတယ်၊ နင့်ကို ညစောင့်ခိုင်းတယ်ဆိုတာ ညဘက်ပစ္စည်းတွေအခိုးခံနေရလို့ ကိုယ့်လူ ကိုယ်ထည့်တဲ့သဘောပဲ"

"ခြော် ဒါဆို သားတစ်ယောက်ထဲ သွားစောင့်ရမှာမဟုတ် ဘူးပေါ့"

"မဟုတ်ပါဘူး ဟိုမှာ လုံခြုံရေးတွေရော ညစောင့်တွေရော အများကြီး"

စိတ်ထဲနည်းနည်း အားတက်သွားသည်။ ဦးလေးခိုင်းတာ တော့ ငြင်း၍လည်းမဖြစ်။

"ဒါနဲ့ အမေ သားကို ဒါကရော ဘယ်လိုပေးမှာလဲ"

လက်ညှိုးနဲ့လက်မ ဝိုင်းပြပြီး မေးလိုက်သော အမေးကြောင့် အမေမဲ့လိုက်ပြီး

"နင်ဟာလေ အမြဲတမ်း ကိုယ့်အကျိုးအမြတ်ကိုပဲ ကြည့်တယ်





သိလား၊ ဒီဦးလေး ထောက်ပံ့ပေးနေတာကိုမှမထောက် နင်မို့မေးရက် တယ်"

"အမေကလည်း သားအသုံးစရိတ်ကို အမေ ပေးမှာမို့လား၊ လူကြားတဲ့သွားနေရမှာလေ၊ ချူးတစ်ပြားမှမရှိလို့ ဖြစ်မလား။ ဒါကိုလည်း တွက်ဦး ပြီးတော့ ကန်ထရိုက်ရဲ့တူအနေနဲ့သွားနေရမှာ ငမွဲဆိုပြီး လူတွေ က ကဲ့ရဲ့ကြမှာပေါ့"

ဒွိဟကိုကြည့်ပြီး အမေ မသိမသာ ပြုံးလိုက်သည်။

လူကောင်ကသာ ဘွဲ့ရကျောင်းသားတစ်ယောက် စိတ်က မူကြို အဆင့်ပဲရှိသေးသည်။

"ကဲ ထပါ မြန်မြန် မျက်နှာသစ် စားစရာရှိတာစားပြီး သွားတွေ့ လိုက်၊ မမသားကို မနက်ပိုင်းလွှတ်လိုက်လို့ လှမ်းပြောထားတာ၊ သူ ဆိုဒ်ထဲမရောက်ခင် ကြိုရောက်နေပစေ"

အိပ်ရာထဲမှ မထချင်ထချင် ထပြီး ရေချိုးခန်းဘက်ထွက်လာ လိုက်သည်။

ဦးလေးက အလုပ်အရမ်းကြိုးစားသည်။ စည်းကမ်းကြီးပြီး အလုပ်ကို တိတိကျကျ လုပ်တတ်သူ ဒွိဟလိုနမော်နမဲ့နိုင်ပုံမျိုးနှင့် သူ့ မျက်စိထဲ တွေ့မည်မထင်။

မီးစင်ကြည့်ကရတော့မှာပင်။ အိမ်မှာအမေ့အဆူအပူက လွှတ် တာ နည်းတဲ့ကုသိုလ်ကံမဟုတ်။

■ ■ ■

"မင်း ဘာလို့ နောက်ကျနေတာလဲ ကိုဒွိ"



www.burmeseclassic.com

www.burmeseclassic.com



ဒီ့ဟ သွားတော့ ဆိုဒ်ထဲမှာ ဦးလေးက ကြိုရောက်နှင့်နေပြီ။

"လမ်းမှာ ကားပိတ်နေလို့ပါ လေးလေး"

"ကောင်းကွာ အပျင်းကြီးပြီး အချိန်မလေးစားတဲ့လူစားမျိုးတွေအတွက် ကားပိတ်တာဟာ သူတို့အတွက် မဟာအကြောင်းပြချက်ပေးဖို့ အခွင့်အရေးတစ်ခုဖြစ်မှန်းမသိ ဖြစ်နေကြပြီ"

ရောက်ရောက်ချင်း စပြီး အဆူခံနေရပြီမို့ ချက်ချင်းလှည့်ပြန်လိုသော်လည်း ပြန်၍မဖြစ်သေး။ ကိုယ့်ဦးလေးအကြောင်းကိုယ်သိသည်။

"ဟုတ် နောက်နေ့ ကြိုပြီးရောက်အောင်လာမယ် လေးလေး"

"မဖြစ်လာသေးတာကို ကြိုပြီးကတိပေးမလွယ်နဲ့ ယခုလက်ရှိ အခြေအနေကိုပဲ ကြိုးစား"

"ဟုတ်"

အောင့်သက်သက်နဲ့ ဟုတ်လိုက်ရပေမယ့် ရင်ထဲမှာတော့ သိပ်ကျေနပ်မှုမရှိ။ ရောက်ရောက်ချင်း တန်းပြီး အပြစ်တင်တာတော့ ဒီ့ဟ မကြိုက်။ ကိုယ်က သူ့လခစားလည်းမဟုတ်၊ သူ့ဆိုဒ်ထဲမှာလုပ်နေတဲ့ ပန်းရံသမားလည်းမဟုတ်၊ တူအရင်းခေါက်ခေါက်ကို ပေါ်တင်ဖွဲ့နေသည့် ဦးလေးကို တင်းပေမယ့် ဘာမှပြန်မပြောရဲ။

"မင်း ဘာစားခဲ့ပြီးပြီလဲ"

သူ ဆူချင်တာဆူပြီးမှ တူကိုပြန်ချော့တတ်တာလည်း ဦးလေးရဲ့ အကျင့်ပါပဲ။

"ဘာမှ မစားခဲ့ဘူး"

အမှန်တော့ ဒီ့ဟ စားပြီးမှ ထွက်လာတာပါ။ ဦးလေး အဲလို





ပြန်ချော့တော့လည်း ရသမျှအခွင့်အရေးကို ရတုန်းယူလိုက်တဲ့သဘောပါပဲ။

"ဟေ့ မောင်စိန်"

"ဗျာ ဆရာကြီး"

"လာဦး"

ဦးလေး အလုပ်သမားတစ်ယောက်ကို လှမ်းခေါ်လိုက်သည်။ မောင်စိန်ဆိုသော လူရွယ် ကပျာကယာ လျှောက်လာ၏။

"ဘာခိုင်းစရာရှိလို့လဲ ဆရာကြီး"

"ဒါ ငါ့တူ သူစားချင်တာ မင်းသွားဝယ်ပေးလိုက်"

ဦးလေးက စကားထဲမှာ မိတ်ဆက်ပေးသလို အနေအထားတစ်ခုပါသွား၍ စိတ်ထဲမှာ သူ့ခွေးရဲ့တူပဲဆိုသည့် ဘဝင်စိတ်ကလေး မသိမသာ ဖြစ်သွားသည်။

"အစ်ကိုလေး ဘာစားမလဲခင်ဗျ၊ ကျွန်တော် ဘာဝယ်ပေးရမလဲ"

"ရတယ် မိုက်ပြည့်ရင်ပြီးရော အဆင်ပြေတာသာ ဝယ်ခဲ့လိုက်ပါ"

ဒီ့ဟ စကားအဆုံး ဦးလေး သူ့လက်ပွေ့အိတ်ထဲမှ တစ်သောင်းတန်တစ်ရွက် ထုတ်ပြီး မောင်စိန်ကိုပေးလိုက်သည်။ မောင်စိန် တရိုတသေ ယူပြီး အနားမှခပ်ရို့ရို့ ထွက်သွားသည်။

မောင်စိန် ခပ်ဝေးဝေးရောက်မှ ဦးလေးက မောင်စိန်ကိုလှမ်းကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်က ဒီဆိုဒ်ထဲမှာ ညစောင့်ပဲ၊ ဒါပေမဲ့ ဒီကောင်က အရက်ကြိုက်တော့ ခွေးသူခိုးကောင်တွေက ဒီကောင့်ကို မူးအောင်တိုက်ပြီး ဘိလပ်မြေအိတ်တွေ ခိုးထုတ်ကြတယ်၊ ဒီကောင်က ဘာမှမသိဘူး။ မနက်မိုးလင်းရင် ညက ဘာတွေဖြစ်ခဲ့ကြလဲ သူမသိတော့ဘူး၊ အလုပ်ထုတ်ပြန်ရင်လည်း သူက မိဘလုပ်ကျွေးနေတဲ့ကောင် သူ့မိဘကလည်း တခြားလူမဟုတ် ဦးလေးငယ်ငယ်က မူလတန်းသင်တုန်းက ကျောင်းဆရာမရဲ့သား ဆရာမမျက်နှာကြောင့် သူ့ကိုလစာကောင်းကောင်းပေးပြီး ခန့်ထားတာ"

"ဟုတ် ဦးလေး"

"မင်း ညဘက်နေရမှာ သူနဲ့အတူပဲ၊ မင်းရှိရင်တော့ သူလည်း အရက်မသောက်ရဲသလို ခွေးသူခိုးကောင်တွေလည်း လမ်းကြောင်းမဖွင့်ရဲတော့ဘူး"

စကားပြောရင်း ဒွိဟကို တာဝန်ပေးနေတာ ဒွိဟ သိသည်။

"ကျွန်တော်ရှိနေရင် သူတို့တွေ အပ်တိုတစ်ချောင်းတောင် မခိုးစေရပါဘူး"

"ပါးစပ်နဲ့ပြောနေရုံနဲ့မပြီးဘူး၊ လက်တွေ့လုပ် ဦးလေးဘဝ တစ်လျှောက်လုံး အလုပ်နဲ့သက်သေပြခဲ့တာ၊ ငါ စီးပွားရေးက မင်းစီးပွားရေးပဲ၊ ငါ့မှာ မိသားစုရှိတာမဟုတ်ဘူး၊ ငါရှာနေတာတွေက တစ်ချိန် မင်းအတွက်ပဲ"

ဦးလေးက တစ်ခါတလေ ထိုသို့လည်း စိတ်ကောင်းဝင်တတ်ပါ သေးသည်။





"လေးလေး ကျွန်တော်က ညတိုင်း ဒီမှာအိပ်ရမှာလား"

မမေးရဲ မေးရဲနှင့် အရဲစွန့်ပြီး မေးလိုက်ခြင်းပါ။

"ဘာဖြစ်လို့ မေးတာလဲ"

"ဘာမှမဟုတ်ပါဘူး၊ မေးကြည့်ရုံပါ"

"အောင်မာ ငါ့တူပါ မင်းပါးစပ်ဟာလိုက်တာနဲ့ မင်းဝမ်းတွင်း အူဘယ်နှခွေရှိသလဲဆိုတာ ငါသိတယ်၊ အခု မင်းကို ဒီမှာညလာစောင့် ခိုင်းတာ ညစောင့်ရာထူးပေးလိုက်တာမဟုတ်ဘူး၊ တာဝန်ခံရာထူးပေး လိုက်တာ၊ အဲဒီအတွက် လစာပေးမယ်"

"ဗျာ"

လစာပေးမယ်ဆို၍ ပျော်သွားသည်။ ဘယ်လောက်ပေးမလဲ ဟု မေးချင်ပေမယ့် ထုံးစံအတိုင်း မမေးရဲပါ။

"မဗျာနဲ့ မယူချင်ဘူးလား"

ဦးလေးမျက်နှာက ပြုံးယောင်ယောင်လေး ဖြစ်နေသည်။

"မ မယူချင်ပါဘူး လေးလေးရာ၊ ကိုယ့်ဦးလေးအလုပ်ကို သာကူပေးတာပဲ ယူစရာလိုလား"

"ဒါဆိုလည်း ပြီးရော မပေးတော့ဘူး"

မပေးတော့ဘူးဆို၍ မအီမလည်ကြီး ဖြစ်သွားသည်။

"အဲ ဒါ ဒါပေမဲ့ မုန့်ဖိုးတော့ ပေးလေ၊ အဟဲ ဖုန်းဘေလ်ဖိုး လေးရရင် တော်ပါပြီ"

ဒွိဟစကားကြောင့် ဦးလေး ခပ်မဲ့မဲ့ရယ်သည်။

"ဟွန်း ကိုယ့်တူအကြောင်း ကိုယ်သိတယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောပြီး ဦးလေး အနားမှ ခပ်တည်တည်ဖြင့် ထသွားသည်။

"ဟား ဟား တစ်လသုံးသိန်းတောင်ရတော့မယ် ခွိ ခွိ ပျော်ထာအမေ့ဆီက မုန့်ဖိုးလက်ဖြန့်တောင်းစရာ မလိုတော့ဘူးကွ"

ပျော်လွန်းလို့ ဒွိဟ လေဟာနယ်ထဲကို လက်သီးတစ်ချက်ပစ်သွင်းလိုက်သည်။

"အစ်ကိုလေး"

ပျော်လွန်းလို့ ထခုန်နေတဲ့အချိန် မောင်စိန် ရောက်လာသည်။

"ဟာ လန့်သွားတာပဲ မောင်စိန်ရာ"

"မလန့်ပါနဲ့ အစ်ကိုလေးရာ၊ ကျွန်တော်က အစ်ကိုလေး ဘာဖြစ်တာလည်းဆိုပြီး လန့်သွားတာ"

"ပျော်လို့လေ ပျော်လို့"

"ဘာဖြစ်လို့ ထီပေါက်လို့လား"

"ဟာ မဟုတ်ပါဘူး ဒီလိုပဲ ဝမ်းသာစရာကိစ္စရှိလို့ပေါ့ဗျာ ကဲပေး ပေး ဘာဝယ်လာလဲ"

"နန်းကြီးသုပ်ပဲ ရတယ်"

"ပေးဗျာ ဘာပဲရရ"

မောင်စိန်ကို အနားမှာမရှိစေချင်တော့၍ နန်းကြီးသုပ်ထုပ်ကိုယူပြီး မြန်မြန်သွားခိုင်းရသည်။

မောင်စိန် ပြန်သွားမှ ကိုယ့်ကိုယ်ကိုယ် တွေးပြီး ရယ်ချင်သွားမိသည်။ ဒွိဟတို့က ငွေမြင်ရင် အဲလိုကို ဣန္ဒြေမဆည်နိုင်တာပါ။

■ ■ ■



## အခန်း (၆)

သုံးသိန်းရမယ်ဆိုသည့်စိတ်ကြောင့် ညဘက်တာဝန်ခံလုပ်ရတာ အားအင်အပြည့်။ မောင်စိန်လည်း ဒွိဟရှိနေတော့ အရက်ကိုမသောက်ရဲတော့။ တစ်ချိန်လုံးငြိမ်ကုတ်ပြီး ဖုန်းပဲထိုင်ပွတ်၍နေသည်။

ဆောက်လက်စတိုက် အဆောက်အဦးတွေထဲမှာ အမိုးအကာလုံလုံခြုံခြုံမရှိ၍ နေရတာ ကျောထဲစိမ့်တာတော့ အမှန်ပင်။

"မောင်စိန်"

"ဗျာ ဘာခိုင်းမလို့လဲ အစ်ကိုလေး"

"ညဘက်ဆို ဒီနေရာကြီးက လူပြတ်တယ်နော်"

"ဟုတ်တယ် ဒီနေရာကို ဆေးသမားတွေလောက်ပဲ လာကြတယ်"

"အိမ်ခြေတွေကကြဲတာကိုး၊ ပိုက်ဆံရှိတဲ့လူတွေနေတဲ့နေရာဆိုတော့ ကွမ်းယာဆိုင်လေးတောင် မရှိဘူးကွာ"

"ဘာလဲ အစ်ကို စားချင်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ပျင်းတယ်ကွာ ဝါးချင်တယ်"

မောင်စိန် ဝေါက်ခနဲ ထထိုင်သည်။

"ဒါဆို ကျွန်တော် ခုပဲ သွားဝယ်ပေးမယ်လေ"

"အေး ကောင်းသားပဲ အယ် နေဦး"

ဒွိဟာ တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့် စကားကို ဘရိတ် ပြန်အုပ်လိုက်သည်။

"ဘာဖြစ်လို့လဲ အစ်ကိုလေး"

"ဘာမှမဖြစ်ဘူး မဝယ်နဲ့တော့"

မောင်စိန်ကို အပြင်လွှတ်လို့ မောင်စိန်က အရက်သောက်လာသည်ဖြစ်စေ အပြင်လူတွေနဲ့ ချိတ်ဆက်လာသည်ဖြစ်စေ ပြဿနာ တစ်စုံတစ်ရာတက်လာလျှင် ဒွိဟခေါင်း ဆင်နင်းမှာမဟုတ် ဦးလေးနင်းမှာ သေချာသည်။

"ဟာ အစ်ကိုလေးကလည်း ခုတစ်မျိုး တော်ကြာတစ်မျိုးနဲ့ ဟာသလာလုပ်နေတယ်"

"ဟာသလုပ်တာ မဟုတ်ဘူး။ အန္တရာယ်ဆိုတာ ကြိုမြင်တတ် ရတယ်"

ဒွိဟ စကားကြောင့် မောင်စိန် တဟားဟား အော်ရယ်သည်။

"ဘာရယ်တာလဲ"

မောင်စိန်ကို အူကြောင်ကြောင်ဖြင့် မေးလိုက်သည်။ မောင်စိန် က ရယ်ရင်းမှ ရယ်သောအသံဖြင့်ပင်

"သိပြီ အစ်ကိုလေး တစ်ယောက်ထဲကျန်ခဲ့ရမှာစိုးလို့ မဟုတ်





လား"

"အမ်"

ကိုယ့်လျှို့ဝှက်ချက်ကို သိနေပုံဖြင့် ပြောနေသော မောင်စိန် စကားကြောင့် ဒွိဟ ရှက်ကိုးရှက်ကန်း ဖြစ်သွားမိသည်။ ဦးလေးများ သူ့ကို ပြောသွားသလားပေါ့။

"မင်းက ငါ သရဲကြောက်တတ်တာ ဘယ်လိုသိလဲ"

"ဟမ် အစ်ကိုလေးက သရဲကြောက်တယ်ပေါ့ ဟုတ်လား"

"အေး နည်းနည်းပါ"

"ဟာ ထင်တောင် မထင်ရဘူး၊ ပုံစံက ဖိုက်တာပုံစံနဲ့"

"ဟမ် အဲ အဲလိုလား၊ ငါ သရဲကြောက်တယ်ဆိုတာ သိလို့ ဟုတ်ဘူးလား"

ရှက်ကိုးရှက်ကန်းဖြင့် အရှုံးကွက်နင်းပြီး ပြောလိုက်သည်။

"ဟင် သိပါဘူး၊ အစ်ကိုလေးက တကယ် သရဲကြောက်တာ လား"

"ကြောက်ပါဘူး ဘာလို့ ကြောက်ရမှာလဲ"

"ဒါဆို ကျွန်တော်တို့ သရဲခေါ်တဲ့ဂိမ်း ကစားကြမလား"

"ဟမ်"

မောင်စိန် စကားကြောင့် လန့်သွားသည်။

"ပေါက်ကရမပြောပါနဲ့ဗျာ ကစားစရာရှားလို့ သရဲဂိမ်းများ ဆော့ဦးမတဲ့ နေပါ"

"ဟာ ကိုလေးကလည်း သရဲမချောချောလေးတွေဆိုရင် ပျော်



www.burmeseclassic.com

www.burmeseclassic.com



စရာကောင်းမှာပါ''

''အေး ပြန်မထွက်ဘဲ ခင်ဗျားကိုပါ ဝိညာဉ်နှုတ်သွားမှ အရှင်လတ်လတ်ကနေ သရဲမလင်ဖြစ်မယ်''

''အတွေ့အကြုံအသစ်ရတာပေါ့ အစ်ကိုရာ၊ ကျွန်တော့်ကို လူမစစ်စစ်တွေက လှည့်တောင်ကြည့်ကြတာမဟုတ်ဘူး။ အဲလောက် စန်းမရှိတဲ့ ကျွန်တော်ကို သရဲမက ကြိုက်တော့ရော နည်းတဲ့အခွင့်အရေးလား။ ဟား ဟား ထမင်းမကျွေး ရေမတိုက်ရဘူး၊ အဝတ်အစားမဆင်ရဘူး အိမ်စရိတ်မထောက်ရဘူး ဟိ ဟိ''

သူ့ဟာနှင့်သူ အထာကျစွာပြောနေသော မောင်စိန်ကို ကြည့်ပြီး ဒွိဟ စိတ်ပျက်မိတာတော့ အမှန်ပါ။ သရဲမလင်များ ဖြစ်ချင်သေးသတဲ့။ အတွေးနဲ့တောင် အော့နှလုံးနာလှသည်။

''နေပါ မောင်စိန်ရာ စိတ်ပျက်စရာကြီး စောစောက စားထားတဲ့ ထမင်းတွေ အန်ထွက်တော့မှာပဲ၊ မင်း မိန်းမအဲလောက်လိုချင်ရင် အရုပ်မတွေရှိတယ်၊ ငါ ဝယ်ပေးမယ် သရဲမလိုပဲ ထမင်းမကျွေး ရေမတိုက်ရဘူး၊ အိမ်စရိတ်ရှာမပေးရဘူး မင်းကြိုက်တာလုပ် သူ ငြိမ်ခံလိမ့်မယ်''

ဒွိဟ စကားကြောင့် မောင်စိန် အသံပြဲကြီးဖြင့် ဝါးလုံးကွဲမတတ်ထရယ်၏။

''ဟ ဖြည်းဖြည်းရယ်ပါဟ ညဥ့်နက်နေပြီ၊ မကောင်းဆိုးဝါးထရယ်တယ် ထင်ပါဦးမယ်''

''အယ် အစ်ကိုလေးကလည်း ထင်စရာလား။ ဒီလောက် သိမ်





မွေ့တဲ့ရယ်သံကို ခွီး ခွီး ခွီး''

ပြောကာမှ ပိုရယ်နေပုံက စိတ်ပျက်စရာပါ။

''ဒီနေရာက အရင်က သုံးလောင်းပြိုင်သေထားတဲ့နေရာတဲ့၊ မြေကြမ်းတယ်လို့လည်း ပြောကြတယ်၊ ဒီအိမ်ကို ဘယ်သူမှ မဝယ်ရဲကြဘူး ဒါကို ဘောစိက အယုံအကြည်မရှိဘဲ အောက်ဈေးနဲ့ဝယ်လိုက်တာ''

ခုမှ သိလိုက်ရသည့် လျှို့ဝှက်ချက်ကြီးက ကြက်သီးတဖြန်းဖြန်းထသွားစေသည်။

''ကောင်မလေးတွေချည်းပဲ သုံးယောက် မိုက်သလားမမေးနဲ့တဲ့''

''ဘယ် ဘယ်လိုသေသွားကြလို့လဲ''

''ကားအက်ဆီးဒင့်ဖြစ်ပြီး သေတာလေ၊ သူတို့သေလို့သေမှန်းမသိဘူးတဲ့ အိမ်ကိုပြန်လာကြပြီး နေနေကြတာတဲ့၊ မှုခင်းရဲက အကြောင်းကြားတော့မှ သူတို့သေမှန်းသိတော့ အိမ်မှာရှိနေတဲ့သူတို့က ဝိညာဉ်တွေတဲ့လေ''

စိတ်ထဲက မသက်မသာ ဘုရားတမိလိုက်သည်။ ဒီည ဘယ်လိုအိပ်ရပါ့မလဲပေါ့။

''ဒါကြောင့် အစ်ကိုလေးကို အဖော်စပ်တာ အစ်ကိုလေး မကြောက်တတ်ဘူးဆိုရင်လေ သရဲဂိမ်းဆော့ကြမယ်လို့ အစ်ကိုလေးက တစ်ယောက်ခေါ် ကျွန်တော်က တစ်ယောက်ခေါ်မယ်''

ပြောလေ ပိုဆိုးလေဖြစ်နေသော မောင်စိန်ကို စိတ်ပျက်စွာကြည့်ပြီး မောင်စိန် အဆင်သင့် ခင်းပေးထားသော အိပ်ရာဆီကို လှောက်



www.burmeseclassic.com

www.burmeseclassic.com



သွားလိုက်သည်။

"ဟာ အစ်ကိုလေး အိပ်ပြီလား"

"အေး"

"ဟာ ခုမှ ကိုးနာရီပဲရှိသေးတဲ့ဟာဗျာ လာပါ မအိပ်ပါနဲ့ဦး"

မောင်စိန် မအိပ်စေချင်၍ ပြောသည်။

"ငါ အိပ်ချင်ပြီဟ"

"ဟွန်း ဒီညတော့ စကားပြောဖော်ရပြီဆိုပြီး ပျော်နေတာ၊ ခုတော့ အဓောကြီး အိပ်တတ်တဲ့လူနဲ့မှ တိုးနေတယ်"

မောင်စိန် မကျေမနပ် တွပ်ပွတွပ်ပွ ပြောရင်း ဆေးပေါလိပ် မီးညှိဖို့ မီးခြစ်ခြစ်သံကို ကြားလိုက်ရသည်။

မတတ်နိုင်ပါ။ ဒီညတော့ မအိပ်ချင်လည်း မြန်မြန်အိပ်ပျော်အောင် ဘုရားစာရွတ်ပြီး အိပ်ရတော့မှာပင်။

■ ■ ■



## အခန်း (၇)

မောင်စိန်သာ တခေါခေါနဲ့အိပ်ပျော်သွားပြီ။ ဒို့ဟာ အိပ်မပျော်သေးပါ။ မောင်စိန် ပြောသော သုံးလောင်းပြိုင်သေသွားသည့် မိန်းကလေးတွေအကြောင်း ခေါင်းထဲဝင်ဝင်လာသည်။

ခပ်ဝေးဝေးမှ ခွေးအူသံတွေက နားထဲတိုးဝင်လာသည်မို့ ကျောထဲမှာ စိမ့်သွားသည်။

"အူ ဝူး ဝူး"

အရေးထဲ ခေါင်းရင်းဘက် ခြံမှ ခွေးက ထအူပြန်သည်မို့ မကောင်းဆိုးဝါးက ကိုယ်နှင့်နီးကပ်လာသလိုလို ခံစားလိုက်ရသည်။

"ဟဲ့ ဂျက်ကီ ဘာတွေ့လို့ ဟောင်နေတာလဲ ဝင်စမ်း အထဲကို"

အသံခပ်စူးစူးနှင့် နားထောင်လို့ကောင်းသော မိန်းကလေးတစ်ယောက်အသံက နားထဲတိုးဝင်လာသည်မို့ စိတ်ထဲမှာ အနည်းငယ်တော့ အကြောက်ပြေသွားသည်။ ထို့ကြောင့် စောင်ကို ခေါင်းမြီးခြုံထားရာမှ အသာလှပ်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မီးတွေထိန်လင်းနေသော သုံးထပ်တိုက်ကြီးကို ခုမှပင် သတိထားကြည့်မိသည်။ ဘာပဲဖြစ်ဖြစ် ဒီတိုက်ကြီးမှာ လူရှိနေတာပဲမို့ အရင်လို စိတ်သိပ်မချောက်ချားတော့။

အရေးထဲ အပေါ့ကသွားချင်နေသေးသည်။ စောစောကလောက် ကြောက်စိတ်မရှိတော့တာကြောင့် ခြင်ထောင်ထဲမှ ခပ်မြန်မြန်ထွက်လိုက်သည်။

ဟိုဘက်ခြံက လူတွေ မအိပ်ခင်လေးမှာ သွားစရာရှိတာ သွားထားမှဟုတွေးပြီး အလုပ်သမားတွေအတွက် ယာယီဆောက်ပေးထားသော သန့်စင်ခန်းရှိရာသို့ ခပ်မြန်မြန်လျှောက်ခဲ့လိုက်သည်။

တစ်ဘက်ခြံထဲရှိ တိုက်ထဲမှာ စကားပြောသံ ခြေသံလှုပ်ရှားသံတွေ ကြားနေရသည်မို့ ကြောက်စိတ်တွေ မဖြစ်မိတော့။ ဒီအချိန် သရဲမတွေကိုတွေ့လည်း ကိစ္စမရှိ ဟိုဘက်ခြံကလူတွေကြားအောင် အော်ဟစ်လိုက်ရုံပင်။

ကြောက်စိတ်ကင်းကင်းနှင့် လုပ်စရာကိစ္စကို အပြီးလုပ်ပြီး သန့်စင်ခန်းထဲမှ ထွက်လိုက်သည်။ နံဘေးရှိ အုတ်ကန်တွင် လက်ကို ဆေးနေတုန်း

"ဟော့ ဟော့ ဒီမှာ ဒီမှာ"

တစ်ဘက်အုတ်တံတိုင်းမှ ခေါင်းပြူပြီးလှမ်းခေါ်နေသော မိန်းမလှလေးတစ်ယောက်ကြောင့် ဒွိဟ ရင်ထိတ်သွားသည်။ ညကိုးနာရီ ဆယ်နာရီခန့်မှာ ဒီမိန်းကလေးဘာကိစ္စကြောင့် ခေါ်ရတာလဲ၊ ထူးတော့ ထူးဆန်းနေပြီ။





"ကျွန်တော့်ကို ခေါ်တာလား"

"ဟုတ်တယ်"

"ဘာလုပ်မလို့လဲ ဒီအချိန်ကြီး"

"ရှာခိုင်းမလို့"

"ဗျာ ဘာရှာခိုင်းမလို့လဲ"

"တို့ရဲ့အချစ်ကလေး ပျောက်သွားလို့"

ဒွဲရွှေ့လိုက်သော စကားကြောင့် ဒွိဟ ညဦးနက်သန်းခေါင်ရင်ဘတ်တွေလှိုင်းထန်ကုန်သည်။

"အချစ်ပျောက်သွားလို့ ဟုတ်လား။ ကျွန်တော် ဘယ်လိုရှာပေးရမလဲ၊ ဘယ်နားကျပျောက်သွားတာလဲ ဘယ်သွားမယ်ပြောသွားလို့လဲ"

ရင်တုန်ပန်းတုန်နှင့်ပဲ မေးစရာရှိတာကို အရဲစွန့်ပြီး မေးလိုက်သည်။

"အဲဒီနားမှာ ပျောက်သွားတာလေ"

"ဟမ် ဒီနားတင်ဟုတ်လား။ သူက ဒီဘက်ခြံကို ဘာသွားလုပ်မယ်လို့ ပြောသွားလို့လဲ"

ဘယ်လိုမှ နားမလည်စွာဖြင့် အူကြောင်ကြောင်ပြန်မေးလိုက်သည်။

"သူက စကား မပြောတတ်ဘူးလေ"

"ဟမ် ဟုတ်လား ခြော် ခင်ဗျားအချစ်က စကားမပြောတတ်ဘူးလား"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ခင်ဗျားကိုသူက ချစ်တယ်လို့ ဘယ်လိုပြောလဲ"

မဆိုင်ပေမယ့် သိချင်တာလေးကိုတော့ ထုံးစံအတိုင်း စပ်စု လိုက်သည်။

"အို ရှင်ကလည်း သူပြောစရာမလိုပါဘူး၊ ကျွန်မက သူပြော ပြော မပြောပြော ချစ်တာ၊ သူ့ကိုရင်ခွင်ထဲထွေးပွေ့ပြီး အိပ်နေကြလေ"

စိတ်ထဲက ဘုရားတမိသည်။ တစ်မိမ်းယောကျ်ားတစ်ယောက်ကို အချစ်အကြောင်း ပွင့်ပွင့်လင်းလင်း ပြောနေတဲ့မိန်းကလေး ခုမှမြင်ဖူး တယ်။

"ဒါ ဒါဆို ဒီည သူ့ကိုမင်းမတွေ့ရင် ဘယ်လိုဖက်အိပ်မလဲ မင်းတစ်ယောက်ထဲဖြစ်နေမှာပေါ့"

"အင်းလေ အဲဒါကြောင့် ရှင့်ကိုအကူအညီတောင်းတာပေါ့လို့"

"ဗျာ ဘယ် ဘယ်လို ဒါ ဒါဆို ကျွန်တော် လာအိပ်ပေးရမှာ ပေါ့ အဲ့လိုလား"

"ဩော် ဆုတောင်းလေ ရှင်က ဘာလို့ကျွန်မအနားမှာ လာ အိပ်ရမှာလဲလို့ ဘာဆိုင်လဲ"

မိန်းကလေး အသံစွာစွာဖြင့် ပြန်ပြောသောကြောင့် ဒွိဟ နည်း နည်းတော့ ရှိန်သွားသည်။ ဒီအကွက်က အခန့်မသင့်ရင် လက်တံရှည် ဖြင့် ပါးလှမ်းရိုက်ခံရမယ့်ကိန်း။

"ဆော ဆောရီးနော် ကျွန်တော် နားကြားလွဲမိပြီထင်တယ် ပြောမိပြောရာ ပြောမိပြီ၊ ဘယ်လိုတောင်းပန်ရမလဲ ကျေနပ်အောင်"

"ကျေနပ်စေချင်ရင် အချစ်ကိုရှာပေး"





"အု"

ဒွိဟ ပါးစပ်က ခပ်တိုးတိုးထွက်သွားသောအသံဖြစ်သည်။

သူ့အချစ်ပျောက်တာ ဒီကကောင်က ဘယ်လိုရှာပေးရမတုန်း။ စကားလည်း ထပ်မပြောရဲပါ၊ အများပါရင် အုတ်ခဲနဲ့ကောက်ထုခံရနိုင် သည်။

ဒီတော့ အလိုက်အထိုက်ပဲ ခေါင်းညိတ်လိုက်တာ အကောင်းဆုံး ပါပဲ။

"ဟုတ် ရှာ ရှာပေးပါ့မယ်"

ဆက်နေရင် ကိုယ်ပါ ဝေါက်သွားနိုင်လောက်သည်မို့ ပြီးပြီးရော ပြောပြီး ခြုံပုတ်တွေထဲ ဖြရှာပေးလိုက်သည်။ တကယ်ဆို သူ့ချစ်သူက ခြုံပုတ်ထဲရှိမလား ဘယ်နေရာ အရက်သွားမှိုးသောက်နေလဲမှ မသိတာ။

"အောင်မလေးဗျ ဘာကြီးလဲ"

ခြုံပုတ်ထဲ မယောင်ရာဆီလူး ဖြရှာတုန်း ခြုံထဲမှ ကြောင် တစ်ကောင် ထွက်လာသည်မို့ လန့်သွားပြီး ထအော်လိုက်သည်။

"ဟင် ကြောင်ပဲ"

"အို ချစ်လေး ချစ်လေး လာ လာ မီ မီ မီ"

"အယ်"

ခုမှပင် သဘောပေါက်တော့သည်။ ဒီမိန်းကလေးပြောနေတဲ့ သူ့အချစ်ကလေးဆိုတာ ဒီကြောင်ကိုပြောနေတာကိုး။

"ဒါ ဒါ မင်းရဲ့အချစ်လေးဆိုတာလား"

"အင်း ဟုတ်တယ် အဲဒါ တို့ရဲ့အချစ်လေး ဖမ်းပေးပါဦး



www.burmeseclassic.com

www.burmeseclassic.com



တော်ကြာ ဟိုဘက်တွေထွက်ပြေးသွားရင် ဖမ်းရခက်နေမှာစိုးလို့ပါ''

ခုမှပင် ဖာတ်ရည်လည်တော့သည်မို့ ကိုယ့်တုံးချက်ကိုယ် ပြန်ပြီး ကြိတ်ရယ်ကာ

''ဟုတ်ကဲ့ ဖမ်းပေးပါ့မယ်''

အူကြောင်ကြောင်ဖြင့်ပင် ကြွက်စုတ်လိုက်ချောင်းနေသော ကြောင်ကို ဒွိဟ ဖမ်းပေးလိုက်သည်။ အစားငမ်းနေသောကြောင်မို့ သိပ်ပြီး အားစိုက်ဖမ်းပေးစရာမလို။

''ရော့ အမိ ခင်ဗျားရဲ့အချစ်လေး''

ကြောင်ကိုပွေ့ခေါ်ပြီး သခင်မ ကျေနပ်အောင် တယုတယ လှမ်းပေးလိုက်သည်။ တကယ်ဆို ဒွိဟ ကြောင်ကို အရမ်းမုန်းတာပါ။

''လာ အချစ်လေး မမဆီကို ကျေးဇူးပဲနော်''

''ရပါတယ် မလိုပါဘူး အမိရဲ့''

''တို့နာမည်က အမိမဟုတ်ပါဘူး ဇီရမေပါ''

နာမည်လေးက လှချက်ဆိုပြီး လူလေးရဲ့မျက်နှာကိုပါ တစိမ့်စိမ့်ထိုင်ငေးချင်စိတ်ပေါက်သွားသည်။

''နာမည်က လှတယ်''

''လူကရော''

ခပ်ညှုညှုလေးမေးလာမှာတော့ ဒွိဟတို့က ဖြေပြီးသားပါ။ ဖြေချင်တာမှ အာခေါင်ထဲကတောင် ယားကျိကျိဖြစ်လာတာပါ။

''လူကလည်းလှပါ့ဗျာ ဒီလောက်လှတဲ့ မျက်နှာမျိုး မြင်ဖူးတာဒါ ပထမဆုံးပဲဗျာ''





''အယ် ပိုပြီ''

''လိုနေသေးတာ စာမဖွဲ့တတ်လို့ ဖြစ်နိုင်ရင် စာဖွဲ့ပြချင်တာဒါ''

''ဒါဆို ဖွဲ့ပြလေ''

''မဖွဲ့တတ်လို့ဆို''

''ဟုတ်ပါပြီ ကဲ ဇီရ အထဲဝင်တော့မယ်၊ ကျေးဇူးနော်''

''ကျေးဇူးပါဗျာ ဆုံခွင့်ရလို့''

ကိုယ့်စကားတောင် မဆုံးလိုက် ဇီရမေ၏အရိပ်ပင် မတွေ့လိုက်ရတော့။

''အယ် မြန်ချက်က ချက်ချင်းကို ပြေးဝင်သွားတော့တာပဲ၊ နောက်ပိုင်းလေးတောင် မကြည့်လိုက်ရတော့ဘူး''

မချင့်မရဲစိတ်နှင့်အတူ အပေါ်ကို ပြန်တက်လာခဲ့လိုက်သည်။ အိမ်ပေါ်တက်လာသည်အထိ ရင်ခုန်တာက မပြယ်သေးဘူး။

မောင်စိန်ကတော့ ဟောက်လို့ကောင်းတုန်း။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

''ဘယ်လိုလဲ ညက အိပ်လို့ကောင်းလား အစ်ကိုလေး၊ ကျွန်တော်တော့ အစ်ကိုလေးနဲ့စကားပြောတုန်း ဘယ်လိုအိပ်ပျော်သွားမှန်း မသိတော့ဘူး''

''ငါလည်း အိပ်ပျော်သွားတာပဲ၊ မိုးလင်းမှ တစ်ရေးနိုးတော့တယ်လေ၊ ဒီနားမှာ လက်ဖက်ရည်ဆိုင်လေး ဘာလေး မရှိဘူးလား ငါ ဗိုက်ဆာတယ်ကွ''

မိုးလင်းတာနဲ့ ဗိုက်ဆာတတ်တာ ဒို့ဟာ အကျင့်။ အိမ်မှာဆိုရင်တော့ အမေက မိုးလင်းတာနဲ့ မနက်ခင်းစာစားဖို့ အဆင်သင့်လုပ်ပေးထားတာ ဘာမှမပူရ။ ဒီမှာတော့ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ဆိုသလို ကိုယ်စားချင်တာ ကိုယ့်ဖာသာကိုယ် စီစဉ်ရမှာပဲ''

''ဒီကနေ နှစ်မှတ်တိုင်လောက်လျှောက်ရင် ရွှေရည်ဦးဆိုတဲ့ tea ဆိုင်ကိုရောက်မယ်၊ အဲမှာ အစုံရတယ်၊ ဆိတ်သားပလာတာရတယ်





အစ်ကိုလေး စားချင်ရင် ကျွန်တော် သွားဝယ်ပေးမယ်''

အလိုက်သိတတ်သော မောင်စိန်ကို စိတ်ထဲမှ ကြိတ်ပြီး ကျေးဇူးတင်စွာဖြင့် အင်္ကျီအိတ်ကပ်ထဲမှ တစ်ထောင်တန်သုံးရွက်ထုတ်ပေးလိုက်သည်။

''ရော့ မြန်မြန်သွား မြန်မြန်ပြန်လာနော်၊ အလုပ်သမားတွေလာခင် နို့မို့ဆို မကျွေးလို့မကောင်းဘူး''

မောင်စိန် သုံးထောင်ကို လှမ်းယူကာ

''ဟာ ဘာဆိုင်လို့ ကျွေးရမှာလဲ အစ်ကိုလေးရဲ့၊ အားလုံးကို ကျွေးရအောင် ကိုလေးက ဘောစိလား''

''ဟမ် မဘောစိဘူးလေ ငါတောင် ငါ့ဦးလေးဆီ လက်ဖြန့်တောင်းသုံးနေရတာကို''

''အဲဒါပဲလေ ဒီကကောင်တွေကို ဘာကိုမှ အကျင့်မလုပ်နဲ့ အစရှိရင် အဆုံးမရှိတော့ဘူး''

မောင်စိန်က သူ့ထက်အရင် စောရောက်သူမို့ ဆရာကြီးလေသံဖြင့် ပြောပြနေသည်။

''အေးပါ ဒါဆိုလည်း မကျွေးတော့ပါဘူး၊ မြန်မြန်သာဝယ်လာခဲ့ ငါ ဗိုက်ဆာပြီ''

မြန်မြန်မသွားခိုင်းလျှင် သူ စကားကြောရှည်နေဦးမည်မို့ အလောတကြီး လုပ်လိုက်သည်။ မောင်စိန် စက်ဘီးယူပြီး ခပ်မြန်မြန်နင်းထွက်သွားသည်။

မောင်စိန် ထွက်သွားပြီးတော့မှ ဒို့ဟာ အကြည့်တွေက ညအ



www.burmeseclassic.com

www.burmeseclassic.com



ဇီရမေကို တွေ့လိုတွေငြား ချောင်းလိုက်သည်။

"မနိုးသေးဘူးထင်ပါရဲ့၊ အင်းလေ သူတို့က ညဘက်မှအလုပ်လုပ်ကြတာထင်ပါရဲ့၊ မနက်ဆို စောစောဘယ်ထနိုင်ကြပါ့မလဲ၊ ဒါမှမဟုတ် ငါမနိုးခင်များ အလုပ်ကို အစောကြီးထသွားကြလားမှမသိတာ"

ကိုယ့်ထင်ကြေးနှင့်ကိုယ် တွေးပြီး အဆောက်အဦးထဲ ပြန်ဝင်ခဲ့လိုက်သည်။

သိပ်မကြာလိုက် အလုပ်သမားခေါင်းဆောင် ကိုတင့်ဆွေရောက်လာသည်။

"ဆရာလေး ဟိုကောင်တွေ မရောက်သေးဘူးလား"

ဟိုကောင်တွေဆိုတာ သူ့တပည့်တွေကိုပြောမှန်း ဒွိဟ သဘောပေါက်ပါသည်။ ထို့ကြောင့်

"ဟုတ်တယ် မရောက်သေးဘူးခင်ဗျ"

သူက ဆရာလေးလို့ခေါ်ပေမယ့် ကိုယ်က ဆရာကြီးအထာလိုမနေတတ်။

"ဘာစားပြီးပြီလဲ"

"မောင်စိန် သွားဝယ်နေပါတယ်"

"ညက အိပ်လို့ရော ပျော်ရဲ့လား"

ကိုတင့်ဆွေ ဘာသဘောနှင့်မေးမှန်းမသိပေမယ့် ဒွိဟကတော့ ခပ်ရိုးရိုးပဲ ဖြေလိုက်သည်။

"တော်သေးတာပေါ့ ကျွန်တော်က ညတုန်းက စိုးရိမ်နေတာ"

"ဘာကိုလဲ"

"ဒီအဆောက်အဦးထဲမှာ သရဲမသုံးကောင်ရှိတယ်လေ၊ ညဘ





မှာ အိပ်သမျှ ယောက်ျားလေးတိုင်းကို အပေါ်ကနေ တက်ခွစီးလို့ မောင်စိန်ဆို အမြဲခံရတယ်"

ကိုတင့်ဆွေ စကားကြောင့် ဒွိဟတစ်ယောက် မနက်စောစော ခေါင်းမွေးများ ထောင်ထလာပြီ။

"ဟုတ်လို့လားဗျာ မောင်စိန်က အဲလိုမပြောပါဘူး"

"ပြောမလား သူက သရဲမလင်လုပ်ရလည်း ကျေနပ်နေတဲ့ ကောင်လေ"

ကိုတင့်ဆွေ ရယ်ကျဲကျဲဖြင့် ပြော၏။

ဒွိဟ ကျောထဲမှာစိမ့်၍သွားသည်။ ဒီလူ တကယ်ကြီးပြောနေတာလား နောက်နေတာလား။ ကိုတင့်ဆွေကလည်း ဒွိဟ မယုံမှန်း သိမိပုံရသည်။

"တကယ်ပြောနေတာ၊ မယုံမရှိနဲ့ ခုလောက်ဆိုရင်တောင် သရဲတွေက ငါ့ညီလိုရုပ်ချောတဲ့သူကို အာရုံကျနေလောက်ပြီ၊ ညကျရင်သာ သတိထားပြီးအိပ် ကြားလား"

"ဟာဗျာ ဘာတွေလာပြောနေမှန်း မသိဘူး၊ ကျွန်တော်က ဘာလို့ သတိထားအိပ်ရမှာလဲ၊ ကျွန်တော်က ဒါမျိုးလုံးဝ မကြောက်ဘူး"

မကြောက်ဘူးဟုသာ ရဲဆေးတင်လိုက်ရသည့် စိတ်ထဲမှာတော့ နည်းငယ် ကြောက်မိနေတာတော့အမှန်ပါ။

"အေးပါ မကြောက်တတ်တာပဲ ကောင်းပါတယ်၊ ကြောက်တတ်ရင်တော့ သရဲဆိုတဲ့အမျိုးက ဖြခြောက်တတ်တယ်ကွ"

"ကျွန်တော်ကလည်း ဖြတတ်တယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



ကိုတင့်ဆွေရေ့ ကြောက်ပြနေလျှင် ပို၍ခြောက်လှန့်နေတော့မည်မို့ ကိုတင့်ဆွေ ယုံရန် ပြန်ဖြလိုက်သည်။

■ ■ ■

"ကိုဒွိ ညက ဘာလှုပ်ရှားမှုတွေ တွေ့လဲ"

ဦးလေးက ဘယ်သူမှမရှိတုန်း မေးသည်။

"ဘာမှမတွေ့ဘူး လေးလေး ညက မောင်စိန်ကို ဘယ်မှလည်း မသွားခိုင်းဘူး"

"သေချာလား"

"သေချာပါတယ် လေးလေးရ သူက ကွမ်းသွားဝယ်မယ်ဆိုတာတောင် ကျွန်တော် မလွှတ်ဘူး၊ ကျွန်တော် ညဘက်တရေးနိုးတော့လည်း ဘာအရိပ်အခြေမှမရှိဘူး အားလုံးအငြိမ်ပါပဲ"

ဒွိဟာအပြောကြောင့် ဦးလေး စိတ်ကျေနပ်သွားပုံရသည်။ ခေါင်းတညိတ်ညိတ်နှင့် လုပ်နေသည်။ ဒွိဟမှာသာ ဦးလေးကိုကြည့်ပြီး သခဲ့သုံးကောင်အကြောင်း မေးသင့်မမေးသင့် ချိန်နေရ၏။

ဒါကို ဦးလေး ရိပ်မိပုံရသည်။

"မင်း ငါ့ကိုဘာပြောစရာကျန်သေးလဲ"

"ဗျာ"

ဦးလေးအမေးကို အူကြောင်ကြောင်နှင့်ပြန်၍ ဗျာလိုက်သည်။

"မင်း တစ်ခုခုများပြောချင်နေသလားလို့ပါ၊ ငါ့ကိုကွက်ကြည့်ကွက်ကြည့်နဲ့"

"ဩော် အင်း ဟုတ်တယ်"





"ပြော ဘာပြောမှာလဲ"

"ဒီမြေက ကြမ်းတယ်ဆို"

"မြေကကြမ်းတယ် ဟုတ်လား၊ ဘာကိုကြမ်းတာလဲ အဆောက်အဦးပြီးရင်တော့ ကွန်ကရစ်ကိုင်ပစ်မှာလေ၊ ဘယ်လိုလုပ် ကြမ်းတော့မလဲ"

ကိုယ်မေးတာက တခြား၊ သူဖြေနေတာက တခြားဖြစ်နေသည်။

"ကျွန်တော်မေးတာ အဲဒါမဟုတ်ဘူး"

"ဘာမေးတာလဲ"

"ဒီအိမ်ကြီးရဲ့အခြေအနေကိုပါ၊ အရင်က ဒီအိမ်ကြီးမှာ သုံးယောက်ပြိုင်သေခဲ့ဖူးတယ်ဆို"

ဒွိဟ အမေးကြောင့် ဦးလေး မျက်ခုံးနှစ်ဖက်မြင့်တက်သွားသည်။

"အဲဒါ ဘာကိုမေးတာလဲ ဘာလဲ ဒီနေရာမှာလား"

"အင်းလေ"

"မင့်ကို ဘယ်သူပြောလဲ"

မောင်စိန်တို့ ကိုတင့်ဆွေတို့ ပြောတာပါဆိုလျှင် သူတို့ပြဿနာ တက်သွားနိုင်သည်။

"ကျွန်တော်လည်း ဒီလိုပဲ ကြားတာပါ"

"အဓိပ္ပာယ်မရှိတာတွေ ပြောနေတယ်၊ ဘာမှမဟုတ်ဘူး၊ သူများပြောတာတွေ လိုက်ယုံရလောက်အောင် မင်းက နုလပိန်းတုံးလား ဒါတွေကို ယုံလား"



www.burmeseclassic.com

www.burmeseclassic.com



"မယုံပါဘူး"

"အေး ပြီးရော အလကား ပေါက်ကရ အရည်မရ အဖတ်မ

တွေ"

ဦးလေး ပြောကာမှ ကိုယ်က အရည်မရ အဖတ်မရလိုက်ပြေ
သော အလကားလူဖြစ်ရချည်ရဲ့။ ဦးလေး ပြောသလို ဒို့ဟာလည်းတွေ
ပါသည်။ ညကဆို ဒို့ဟာကိုယ်တိုင် ဘာအရိပ်အယောင်မှ တွေ့ခဲ့တာ
ဟုတ်။

တကယ်တမ်း ညက ဒို့ဟာ တွေ့ခဲ့တာက သရဲမဟုတ်။ သိ
ချစ်စရာကောင်းတဲ့ အလှနတ်သမီးလေးကို တွေ့ခဲ့ရတာပါ။ ဒါကိုတော
ဒို့ဟာ အတတ်နိုင်ဆုံး လျှို့ဝှက်ထားရမှာပင်။

နို့မို့ဆိုလျှင် ဦးလေးက အလုပ်ထဲမှာ ဖယားလာရှုပ်တယ်ဆို
ပြီး အိမ်ပြန်ပို့နေမှ ဒုက္ခ။ ခုချိန်မှာ ကောင်မလေးကိုတွေ့ရဖို့ဆိုရင်
ဒီမှာ ဘာပဲလုပ်ရလုပ်ရ ကုတ်ကပ်တွယ်ဖက်နေရမှာပင်။

အတွေးနှင့်အတူ ကောင်မလေးပုံရိပ်က မျက်လုံးထဲပြန်မြင်
ယောင်လာပြန်သည်။ ထို့ကြောင့် အကြည့်တွေက ကောင်မလေးအိမ်
ဘက်ဆီ ရောက်သွားပြန်သည်။

ကောင်မလေးရေ နင်အခု ဘာလုပ်နေသလဲ။

■ ■ ■



## အခန်း (၉)

ညသန်းခေါင်ရောက်လာလေ ဒို့ဟာစိတ်တွေ မငြိမ်လေဖြစ်နေရ
သည်။ မောင်စိန်ကလည်း မအိပ်သေး ဖုန်းထိုင်ပွတ်နေသည်။

"မောင်စိန် မအိပ်သေးဘူးလား"

"အစ်ကိုလေး ဘာနိုင်းမလို့လဲ"

"ဘာမှမနိုင်းပါဘူး"

"ဒါဆို အိပ်တော့"

"ဗျာ ဘာဖြစ်လို့လဲ"

မောင်စိန် ဖုန်းပွတ်နေရင်းမှ လှမ်းကြည့်ပြီး အံ့သြစွာဖြင့်
မေးသည်။

"ဘာမှမဖြစ်ဘူး မေးကြည့်တာ"

"ဟာ အစ်ကိုလေးကလည်း ရင်ခုန်အောင် လာလုပ်နေတယ်"

မောင်စိန် ရယ်ကျဲကျဲဖြင့် ပြောပြီး သူ့ဖုန်းသူ ဆက်ပြီးပွတ်



www.burmeseclassic.com

www.burmeseclassic.com



နေသည်။ ဒီတော့ မောင်စိန်ကို ဒွိဟ အရေးစိုက်မနေတော့၊ သူ အိပ်အိပ် မအိပ်အိပ် ခြံထဲကို ဆင်းလာလိုက်သည်။

ညကိုးနာရီကျော်နေပြီ။ ပတ်ဝန်းကျင်တစ်ခွင်လုံး တိတ်ဆိတ်နေသည်။

"ဟင် ဟိုဘက်အိမ်က တစ်ယောက်မှမရှိကြဘူးလားမသိဘူး မီးတွေ ပိတ်ထားတယ်"

အုတ်ပုံတွေနားကနေ ချောင်းပြီး တစ်ယောက်တည်း တီးတိုး ပြောနေသည့် ဒွိဟနားသို့ ရေတွေဗွမ်းခနဲ ရောက်ချလာသည်။

"အောင်မလေးဗျ ပုလိုက်တာ"

နွေးခနဲ ဖြစ်သွားသော ခံစားမှုကြောင့် ရေနွေးတွေများ အလောင်းခံလိုက်ရသလားဆိုပြီး ရုတ်တရက် ထူပူကြောက်လန့်သွားသည်။

တစ်ပြိုင်နက်ထဲမှာပင် အိမ်ကြီးထဲမှ မီးပွင့်လာသည်။ ရေနွေး ပူပေမယ့် အိမ်ထဲမှ မီးလင်းလာ၍ စိတ်ထဲမှာ ဒိတ်ခနဲ လှုပ်ရှားပျော်ရွှင် သွားရသည်။

"ဟေး ရှင့်အပေါ် ရေပူတွေ ကျသွားတာလား"

မနေ့ကအသံလေး ပြန်ထွက်လာသည်မို့ ကယျာကယာ မျှော် ကြည့်လိုက်သည်။

"ဟုတ်တယ် ဝီရ သွန်လိုက်တာလား"

"ဟုတ်တယ် အရှိန်လွန်ပြီး ရှင့်ကိုစင်သွားပြီထင်ပါရဲ့၊ ဆော ပဲနော် တော်တော်စိုရွှဲသွားလား"





"ဟာ ရပါတယ် မစိုပါဘူး၊ အဲ ဟုတ်ပါဘူး စိုသွားလည်း ခဲ့ပါတယ်လို့ ပြောတာ၊ ကိစ္စမရှိဘူး ဒါနဲ့ မအိပ်သေးဘူးလား အလုပ်က ခုမှပြန်လာတာလား ဝီရ"

"ဟုတ်တယ်"

"သြော် မိုးချုပ်တယ်နော် အိမ်ပြန်တာ"

"အင်း ဟုတ်တယ် ဒီအချိန်မှ အိမ်ပြန်လို့ရတာ"

"ဒါနဲ့ ဝီရရဲ့အချစ်ဆုံးလေးရော"

"သူ့ကို ခုပဲထမင်းကျွေးပြီး တီဗွီကြည့်ခိုင်းထားတယ်လေ"

"ဒီညရော သူနဲ့အတူအိပ်ဦးမှာလား"

"အင်းပေါ့ သူမရှိရင် ဝီရ မအိပ်တတ်ဘူးလေ၊ သူက ဝီရရဲ့ ညအိပ်ဖော်"

ဒွိဟ စိတ်ထဲမှာ ကြောင်ကလေးကိုပင် မနာလိုဖြစ်မိသွားသည်။ ညအိပ်ဖော်တဲ့ ကိုယ်သာဖြစ်လိုက်ချင်စမ်းပါရဲ့။ ဝီရရဲ့ညအိပ်ဖော်လေ။ ခုချိန်မှာ ဝီရအနားမှာနေရရင် ဘယ်လိုဘဝမျိုးနဲ့နေရနေရ ပူပါဘူး။

"ဒါနဲ့ ဝီရ ထမင်းရောစားပြီးပြီလား"

"စားပြီးပြီလေ ရှင်ရော"

"စားပြီးပြီ အိပ်ရုံပဲ၊ ဝီရကိုများ တွေ့မလားဆိုပြီး အောက်ဆင်း ကြည့်တာ"

"သြော် ကိစ္စရှိလို့လား"

"ဟျာ အဲ"



www.burmeseclassic.com

ရုတ်တရက် အမေးကြောင့် ဒွိဟ ရှက်သွားတာတော့ အမှန်ပါ။ ကိုယ်ရပ်နေတဲ့ဘက်က အမှောင်ရိပ်ဖက် နည်းနည်းကျလို့ ကိုယ့်ရဲ့ ရှက်နေတဲ့မျက်နှာကို ဝီရ မမြင်ရတာပါ။

"ဗျာ အဲ ဆိုတာ ဘာအဓိပ္ပာယ်လဲ ရှင့်နာမည်လား"

"ဟာ မဟုတ်ပါဘူး"

"ဒါဆို ဘာလဲ"

"ဗျာ ဆိုတာက ထူးတာ၊ အဲဆိုတာက ဘာပြောရမှန်းမသိလို့"

"ဩော် ရယ်ရတယ်နော် ရှင်က"

"ရယ်ပါ ဝီရ ရယ်ရင် ကိုယ်ကျေနပ်ပါတယ် ကပြရမလား ဟဲ ဟဲ ဟဲ"

"ရှင်က ကပြတတ်လို့လား"

"တို့ကပြတတ်ရင် ဝီရတကယ်ကြည့်ပြီး ရယ်မှာလား"

"အင်း ရယ်မယ်"

"ဒါဆို အောက်ဆင်းခဲ့လေ ဝီရရဲ့ အောက်ရောက်မှ တို့ ကပြမယ်"

"အင်း ဒါဆို ခဏစောင့်လေ တို့ဆင်းခဲ့မယ်"

ဝီရမေ ပြတင်းပေါက်မှ လှစ်ခနဲ ပြန်ဝင်သွားသည်။ ဒီတော့မှ ဒွိဟ တကယ်ကပြရတော့မယ်ဟုတွေးပြီး လန့်သွား၏။

"အယ် အဲဒါမှ ဒုက္ခပါပဲ သူ တကယ်ဆင်းလာရင် ငါဘယ်လို ကပြရမလဲ၊ ဒွိဟကတော့ လုပ်ချလိုက်ပြန်ပြီကွာ"

ဒွိဟ ကိုယ့်ကိုကိုယ် အပြစ်တင်မဆုံးတော့။ ကိုယ့်ကိုကိုယ်





ပေါကြီးဖြစ်မှန်းမသိဖြစ်အောင် ကိုယ်ပဲလုပ်လိုက်တာပါလား။

သိပ်မကြာလိုက် ဝီရ တစ်ဖက်ခြံစည်းရိုးစပ်ကို ရောက်လာသည်။

"ဟေး ရောက်ပြီနော် ကပြတော့"

"အယ်"

တကယ်တမ်း ကပြရတော့မယ်ဆိုတော့ ဒွိဟ ခန္ဓာကိုယ်မှာ သွေးအကြောတွေ ကျုံ့ဝင်သွားသလို ခံစားလိုက်ရသည်။

"ဘာသီချင်းနဲ့ကပြရမှာလဲ"

"ဟာ တို့က သီချင်းမဆိုတတ်ဘူး ဝီရရဲ့"

"ဟင်း ညှံ့လိုက်တာ သီချင်းတော့မဆိုတတ်ဘူး ကတော့ က တတ်တယ်ပေါ့ ဟုတ်လား"

"ဝီရ ဆိုပြလေ တို့က ကမယ်"

"ဖွန့် တို့ဘက်ပြန်လှည့်လာပြီပေါ့ ဟုတ်လား"

"အင်းလေ တစ်ယောက်ကဆို တစ်ယောက်ကက ပျော်စရာ"

"ဘာသီချင်းဆိုပြရမလဲ"

ဝီရ ပြောင်စပ်စပ်မျက်နှာပေးဖြင့် ဒွိဟကို မေးသည်။

"ဆိုပြချင်ဆိုပြ မြူးဖစ်နဲ့အညီ လိုက်ကပေးမယ်"

"ဟုတ်ပြီ ဒါဆိုရင် တို့နဂါးနီသီချင်းကောင်းတယ် ဆိုပြမယ် လုံးနဲ့"

"အမ် အဲ အဲဒီသီချင်းကြီးနဲ့လား က ကလို့မကောင်းဘူး



www.burmeseclassic.com

www.burmeseclassic.com



ထင်တယ်နော်”

“ဒါဆိုရင် မာမာအေးရဲ့ကျွဲမသီချင်းနဲ့ရော”

“အယ် ဗုဒ္ဓေါ ဝီရ နောက်နေတာလားဗျာ ဒီသီချင်းတွေနဲ့ ကစရာလားလို့”

“တို့က အဲဒီသီချင်းတွေအရမ်းကြိုက်တာ၊ အခုခေတ် သီချင်းတွေကို ခံစားလို့မရဘူး”

“ဟုတ် ဟုတ်ကဲ့”

“ကဲ ဒါဆို ဆိုမယ်လေ ကတော့”

ဒွိဟ စိတ်ထဲမှာ ကြိတ်ပြီး ဗုဒ္ဓေါတလိုက်သည်။ တကယ်ကြီး ပါလားပေါ့။

“အား အား ကယ်ကြပါဦး ကယ်ကြပါဦး”

မောင်စိန့်ထံမှ စူးစူးဝါးဝါး အော်သံကြောင့် ဒွိဟရော ဝီရအော အသံထွက်ပေါ်လာရာနေရာသို့ ပြိုင်တူလှည့်ကြည့်လိုက်ကြသည်။

“ခ ခဏနော် မောင်စိန် ဘာဖြစ်လဲ မသိဘူး”

ကပြရတော့မည့်ဆဲဆဲမှာပင် မောင်စိန် အသံပေါ်လာသည့် ကျေးဇူးတွေတင်နေမိသည်။

မောင်စိန်ရှိရာသို့ ကမန်းကတမ်းပြန်လှည့်ကြည့်တော့ မောင်စိန် ခုတင်အောက်တွင်ရောက်နေပြီး ခြေကားယားလက်ကားယားဖြင့် အော်ဟစ်နေသည်။

စောစောက မောင်စိန့်အသံကြားလိုက်ရပေမယ့် ခုမောင်စိန် အနားကိုတော့ မောင်စိန် အသံမထွက်ဘဲ အော်နေသည်။





ဒွိဟ မောင်စိန့်နားပြေးသွားလိုက်သည်။

“မောင်စိန် မောင်စိန် ဘာဖြစ်တာလဲ”

မောင်စိန်ကို အတင်းလှုပ်နှိုးပြီး ခေါ်လိုက်သည်။

မောင်စိန် စူးစူးဝါးဝါးဖြင့် တွန်းထိုးကန်ကျောက်နေပုံက သူ့ကိုယ်ပေါ် တစ်စုံတစ်ယောက်က တက်ဖိထားနေသလို။

မောင်စိန့်ကိုကြည့်ပြီး ဒွိဟပင် လန့်သွားသည်။ ဒီလူ ဘာဖြစ်နေတာလဲ။

“ဟေ့လူ ဟေ့လူ ဘာဖြစ်နေတာလဲ ထ ထ”

ဒွိဟ အတင်းလှုပ်နှိုးပြီး ခေါ်သည်။ မရ။

“ဟာ ဒီလူဘာဖြစ်နေတာလဲ ဒုက္ခပါပဲ”

ဒွိဟ ကြံရာမရဘဲ အနီးရှိရေသန့်ဘူးကိုယူပြီး စူးစူးဝါးဝါး ဖြစ်နေသော မောင်စိန့်မျက်နှာပေါ်ကို လောင်းချလိုက်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"ဟာ ညက တကယ်ခံစားရတယ်ဗျာ"

မနက်မိုးလင်းတော့ မောင်စိန်မှာ သူညက ဖြစ်သည့်ကိစ္စကို ဒွိဟအား တိုးတိုးတိတ်တိတ် ဖွင့်တော့သည်။

"အေး မင်း ဘာဖြစ်တာလဲ ညက ဝက်ရူးပြန်ရောဂါဖြစ်နေတာ လား"

ဦးလေး မလာခင်မို့ နှစ်ယောက်သား စကားအေးအေးဆေး ဆေး ထိုင်ပြောနေကြခြင်း ဖြစ်သည်။

"ဟာ ဘယ်ကလာ ဝက်ရူးပြန်ရောဂါဖြစ်ရမှာလဲ၊ ညက သရဲမ သုံးယောက်က ကျွန်တော့်အပေါ် သူအံ့ရင်တက်မယ် ငါအရင်တက်မယ် လုပ်နေတာဗျ၊ ကျွန်တော့်မှာ အောက်မှာပိနေပြီး အော်လို့မရ ဟစ်လို့မရ နဲ့"

"ဟမ် ဘယ်လို မင်းအပေါ် သရဲမသုံးယောက်က သူအရင် တက်မယ် ငါအရင်တက်မယ်နဲ့ လုပ်တယ်ဟုတ်လား"





"ဟုတ်တယ် ကျွန်တော်ပြောတာ ယုံ၊ ညက ကျွန်တော် အိပ် ...သွားတော့ ကျွန်တော့်နားကို သူတို့ရောက်နေကြပြီ"

မောင်စိန် ပြောနေတာတွေက တကယ်များလားဆိုသည့် ...သယက ဒွိဟ စိတ်ကို ဇဝေဇဝါဖြစ်စေသည်။

"အဲဒါကို မင်း ဘယ်လိုသိလဲ"

"ပထမတော့ မသိဘူး၊ ကျွန်တော့်ကို ခုတင်ပေါ်က ဆွဲချမှ ...နတော်လည်း သိတာ၊ သိသိချင်းတော့ အော်လို့ရသေးတယ် နောက်မှ အော်လို့မရတော့ဘူး"

"ဘာလို့ အော်လို့မရတော့တာလဲ"

"အော်တာပဲလေ ဒါပေမဲ့ အသံမထွက်တာ သူတို့က ကျွန်တော့် ...ကို တက်ဖိထားတာကိုး"

မောင်စိန့်ကိုကြည့်ပြီး ဒွိဟ ရယ်ချင်နေသည်။

"ဒါဆို ညက မင်းနဲ့သရဲမသုံးကောင် 1 by 3 ပေါ့ ဟုတ်လား"

ရယ်ကျဲကျဲဖြင့် မေးလိုက်သည်။ မောင်စိန် ဒွိဟအမေးကို ...ခနဲ ရယ်ကာ

"ဟုတ်ပေါ့ ဗျာ ကျွန်တော်ထင်ပါတယ်၊ ခုတင်က သေးတော့ ...သုံးယောက်ဆိုမနိုင်ဘူးလေ၊ ဒါကြောင့် ကျွန်တော့်ကို ခုတင်အောက် ...ကြတာနေမှာ"

ပြောရင်း မောင်စိန် တဟားဟားဖြင့် ရယ်သည်။

ထိုစဉ် ဦးလေး၏ကား ဆိုဒ်ထဲဝင်လာသဖြင့် ရယ်နေသော ...မောင်စိန် မျက်နှာပိုးသပ်သွားပြီး



www.burmeseclassic.com

www.burmeseclassic.com



''ဟော ဟိုမှာ သူဒွေးလာနေပြီ၊ တော်ပြီ ညကျမှ ဆက်ပြောမယ်''

မောင်စိန် ပြောပြောဆိုဆိုဖြင့် ဦးလေးကားနားသို့ ထွက်သွားပြီး ကားတံခါးဆွဲဖွင့်ပေးသည်။ ဒွိဟပါ ဦးလေးနားသို့ လျှောက်သွားပြီး ဦးလေးလက်ထဲမှ အတာချိကျော့စ်ကို လှမ်းယူလိုက်သည်။

ဦးလေး ဒွိဟကို လှမ်းကြည့်သည်။

သေချာပါတယ် ညက ဘာထူးသေးလဲဟု မေးဦးမည်ဆိုတား

■ ■ ■

''ညက ရှင့်လူကို ဘာကောင်ကိုက်လို့ ထအော်တာလဲ''

''ကင်းကြီးမ သုံးကောင်လေ''

''ဟင် ဟုတ်လား သုံးကောင်တောင်ဆိုတော့ တော်တော်အဆိပ်ပြင်းတာပဲ၊ ဒါနဲ့ ဘယ်နေရာကို ကိုက်တာလဲ''

တော်တော် စပ်စပ်စုစု မေးတတ်သော ဝီရ ဖြစ်သည်။

''အာ ဒါ ဒါတော့ မသိဘူးလေ''

''ဟင် မသိဘူးလား''

''အင်း''

''အင်းပေါ့လေ ကိုယ် အကိုက်ခံရတာမှ မဟုတ်တာ၊ ဘယ်သိမလဲ အင်း ရှင်သာ အကိုက်မခံရစေနဲ့၊ ကင်းကြီးမက အဆိပ်ပြင်းတယ်''

ဝီရိ သတိပေးမှ ဒွိဟလည်း ကိုယ့်အလှည့်ရောက်မှာ ကြောက်သွားသည်။

''အေးဗျာ ကျွန်တော့်ကို မကိုက်အောင်တော့ သတိထားရမှာ





ဘူး''

တကယ်တမ်း ဒွိဟ ကိုက်မှာကြောက်တာက ကင်းကြီးမ အကိုက်ခံရမှာထက် သရဲမအကိုက်မခံရဖို့ပါ။

''ရှင်က ဒီမှာ ဘာအလုပ်လုပ်တာလဲ ပန်းရံဆရာလား''

''အယ်''

အားမနာတမ်း မေးလိုက်သောအမေးကြောင့် ဒွိဟ ဂိန်ခနဲဖြစ်သွားသည်။

''ဘယ် ဘယ်လိုမေးလိုက်တာတုန်း၊ ကျွန်တော့်မျက်နှာက ပန်းရံခေါင်းရှုပ်ပေါက်နေလို့လား''

''ညမှောင်နေတယ်လေ၊ ဘယ်လိုသဲကွဲမှာလဲ''

ဩော် ငါ့နှယ် ပန်းရံခေါင်းရှုပ်ပေါက်မပေါက်ကို ကိုယ့်မျက်နှာကိုယ် LED မီးလုံးတွေထွန်းပြီး ပြရမလိုပင်။

''ဒါဆို မနက်ကျရင် ကိုယ့်ကိုကြည့်လေ''

''မနက်ဆို တို့က အလုပ်သွားပြီလေ မအားဘူး''

''ဩော် ဒါကြောင့် အိမ်ကအမြဲတမ်း ပိတ်ထားတာကိုး၊ အဟဲ ဒါဆိုရင် ဝီရအိမ်ကို လာလည်မယ်လေ အခု''

ပါးရိုက်ခံချင်ရင်လည်း ရိုက်ပါစေတော့၊ ခြုံတွေအုတ်ပုံတွေကြား ထဲမှာ မတ်တပ်ရပ်ပြီး ပြောနေရ၍ ခြင်တွေက အငြိုးတကြီး ခဲနေသည်။ ထို့ကြောင့် ခြေထောက်တွေကို လှုပ်ခါနေရသည်။

''ရှင်ဘာဖြစ်နေလဲ တစ်ချိန်လုံး လှုပ်နေတယ်''

ဝီရမေ သတိထားမိစွာဖြင့်မေးသည်။ ဒွိဟမှာ ခြေသလုံးတွင်



www.burmeseclassic.com

www.burmeseclassic.com



သီးနေအောင် ကိုက်နေသော ခြင်တွေကို လက်ဖြင့်ပုတ်ရင်း

"ကိုက် ကိုက်နေလို့ပါ"

"ဟော့တော် ဘာကိုက်နေတာလဲ ကင်းကြီးလား"

ဒွိဟ ပါးစပ်ထဲတွေ့ကရာ ပြောလိုက်သော ကင်းကြီးမကာ ဝိ
ပါးစပ်ထဲရောက်သွားသည်။

"ဟာ မဟုတ်ပါဘူး ခြင်ကိုက်နေလို့ပါ"

"သြော် ဟုတ်သားပဲ ရှင်က အမှောင်ထဲမှာ ရပ်နေတာကိုး
ကဲ ရှင်နဲ့ဝီရ စကားပြောလို့ရအောင် ရှင် ဝီရအိမ်ထဲ လာခဲ့လေ"

ဒီအချိန်မှာ သိန်းထီပေါက်ရင်တောင် ဒွိဟ ဒီလောက်ပျော်မည်
မဟုတ်။

"လာခဲ့မယ် ဘယ် ဘယ်အပေါက်က လာရမလဲ"

"အိမ်ရှေ့ပေါက်က ဝင်လာလေ၊ ခြံတံခါးဖွင့်ထားပေးမယ်"

ညကြီးအချိန်မတော် ယောကျာ်းတစ်ယောက်ကို အိမ်ထဲဝင်
တံခါးအဆင်သင့်ဖွင့်ပေးသော မိန်းကလေး ဒီတစ်ခါကြုံဖူးတာ ဒါပထ
ဆုံးပဲ။

"ဒါ ဒါဆို လာပြီနော်"

"အင်း"

ခြေလှမ်းတွေကို ခပ်သွက်သွက်လှမ်းပြီး ဝီရတို့ခြံတံခါးရှေ့
ရောက်လာလိုက်သည်။ ခြံရှေ့ရောက်တော့ ဝီရ အဆင်သင့်စောင့်
သည်။ တကယ်တမ်းတော့ ဒွိဟ ဝင်ရမှာတွန့်နေသည်။ အထဲမှာ
အပြင် ဘယ်သူတွေရှိလို့ ရှိနေမှန်းမသိ အဖေတွေအမေတွေရှိနေကြ





ဒွိဟကို သူခိုးဟုထင်သွားနိုင်သည်။

"ဟော့ ခြံဝမှာ ဘာရပ်လုပ်နေတာလဲ လာလေ"

"သြော် ဟုတ် ဟုတ်ကဲ့"

လာလေဆိုမှတော့ ခြေလှမ်းတွေက အိမ်ပေါက်ဝဆီသို့ ဝေါက်
ခနဲ ရောက်သွားသည်။

"အိမ်ထဲမှာ ရှင့်ကို ကိုက်စားမယ့် ကျားမရှိဘူး ဝင်စရာရှိတာ
ရဲရဲဝံ့ဝံ့ဝင်"

မြောင်းပေးမှတော့ ရေမသွားရိုးထုံးစံမရှိ။ ဒီတော့ ပေးထား
သော မြောင်းထဲသို့ ရေစီးလိုက်ရုံပင်။

"ဟုတ် ဟုတ်ကဲ့ ဝင်လာပြီနော် ဝီရ"

"ဝင်ပါ တကတည်းမှပဲ ဘာကိုတွန့်ဆုတ်နေတာလဲ"

"ဝီရ မိဘတွေကရော"

"တစ်ယောက်မှ မရှိကြဘူးလေ၊ မာမီတို့ခရီးသွားနေတယ်"

အိမ်ရှေ့ဧည့်ခန်းထဲရှိ ဆိုဖာခုံတွင် ဝင်ထိုင်ပြီး မဝံ့မရဲ မေးလိုက်
သည်။

"သြော် ဒါနဲ့ ဝီရရဲ့အချစ်ဆုံး ကြောင်ကလေးရော"

"ထမင်းစားနေတယ်လေ ရှင်ရော ထမင်းစားပြီးပြီလား"

အချိန်ကိုကြည့် ညဆယ့်နှစ်နာရီပင် ထိုးတော့မည်။ ဒီအချိန်မှ
ထမင်းစားပြီးပြီလားဟု သူမို့မေးရက်ပါ့။

"ညစာစားပြီးလို့ မနက်စာတောင်စားဖို့ အဆင်သင့်ဖြစ်နေပြီ"

ဒွိဟ စကားကြောင့် ဝီရမေ ခပ်သဲ့သဲ့ရယ်သည်။



www.burmeseclassic.com

"ဝီရက ညတိုင်း တော်တော်နဲ့မအိပ်ဘူးနော်၊ ဘာတွေလုပ်နေ တာလဲ"

ဒွိဟ အမေးကို ချက်ချင်းမဖြေသေးဘဲ သက်မတစ်ချက်ချကာ ဆက်တီစားပွဲပေါ်ရှိ အလှတင်ထားသော မင်းသမီးရုပ်တုလေးကို ဝီရ အဓိပ္ပာယ်မဲ့ငေးကြည့်လိုက်သည်။ ပြီးနောက် ဒွိဟကို အကဲခတ်သလို ငေးကြည့်ကာ နှုတ်ခမ်းနီထွေးထွေးလေးက တဆတ်ဆတ်တုန်လာသည်။ ဒွိဟ သတိထားမိပေမယ့် ဘာများစိတ်ထိခိုက်နေသလဲဟု မမေးရဲ။

လူတိုင်းမှာ အပူဒုက္ခတွေ ရောပြွမ်းနေတဲ့ သောကထုထည်တွေ ပိုင်ဆိုင်ထားကြတာ သဘာဝပဲ။ ဝီရလို လှပတဲ့မိန်းကလေးမှာလည်း သောကတွေရှိနေပါလားဆိုပြီး စိတ်မကောင်းဖြစ်မိပေမယ့် ဒီထက်ပို ဝင်မစွက်ဖက်သင့်။

ဒီအချိန် သူ့အနားမှာ နေခွင့်ရတာလေးကို ဘယ်လိုအကြောင်း မျိုးနဲ့မှ လက်လွှတ်ဆုံးရှုံးခံ၍မဖြစ်။ ဒွိဟ ဘဝမှာ ဒီလောက်သာယာတာ ရှိဦးမလား။

တိတ်ဆိတ်သော ညအချိန်မှာ ဝီရရဲ့ကိုယ်သင်းနံ့လေးကို နှိုး ရှူရှိုက်ရတဲ့အရသာကို ဘဝမှာ အမြတ်နိုးဆုံးဟာပဲ ကမ္ပည်းတင်လိုက်တော့ သည်။

ဘာအရိပ်အယောင်မှ မတွေ့သော အပြုံးတွေကို ပိုင်ဆိုင်ထား သည့် ဝီရ၏မျက်လုံးတွေမှာ ဝေဒနာလွှမ်းနေတာကိုတော့ တစ်ချိန်ချိန် မှာ သိခွင့်ရချင်ပါသည်။

"ရှင် ဘာကြည့်နေတာလဲ ဒွိဟ"





"ဝီရမေဆိုတဲ့ ကောင်မလေးက လှလို့ ငေးကြည့်မိရုံလေးပါ"

"ဟင့်အင်း မကြည့်ပါနဲ့ နောက်ဆို ရှင် တို့ကိုကြည့်ချင်မှာ မဟုတ်ပါဘူး။ ဒါကြောင့် ခုကတည်းက တို့အလှအပေါ် ယစ်မူးမနေပါနဲ့"

"ဘာဖြစ်လို့လဲ"

"အို တို့ရဲ့အကျည်းတန်တဲ့ ဘဝပုံရိပ်တွေကို ပြောပြစရာလား။ နားထောင်လို့ မကောင်းပါဘူး"

"အင်းလေ ဒါဆိုလည်း မမေးတော့ပါဘူး"

"ရှင် စန္ဒယားတီးတတ်လား ဒွိဟ"

ညှော်ခန်းထောင့်တွင်ရှိနေသော စန္ဒယားကို ဝီရ လှမ်းကြည့်ပြီး မေးသည်။

"မတီးတတ်ဘူး ဂစ်တာပဲ တီးတတ်တယ်၊ ဝီရရော တီးတတ် လား"

"တီးတတ်တာပေါ့၊ တို့က ညတိုင်းတီးတယ်၊ ရှင်မကြားဘူး လား"

"ဟင့်အင်း အိပ်ပျော်သွားရင် ငါ်ဇီလာ တက်နင်းတောင် သိတော့ဘူး"

"ဪ သတိကြီးသားပဲ၊ ကောင်းပါတယ် မီးလောင်ရင် တစ်ခါ ထဲ မီးသဂြိုလ်ပြီးသားပေါ့ ဟုတ်လား"

ပြောရက်လိုက်တာ တစ်ခါထဲ မီးပါသဂြိုလ်ပေးလိုက်သေး။ ဒီ မိန်းကလေး ဘယ်လိုမိန်းကလေးပါလိမ့်၊ ပွင့်လင်းပြီး ချစ်ဖို့တော့ ကောင်း သား။



www.burmeseclassic.com

www.burmeseclassic.com



"ခုတော့ ဝီရိယထား အိပ်ရတော့မယ်"

"ဘာဖြစ်လို့ တို့ပြောတာ လန့်သွားလို့လား"

"မဟုတ်ပါဘူး ဝီရရဲ့စန္ဒယားလက်သံကို မကြားရမှာစိုးလို့ပါ"

ဒွိဟ စကားပင်မဆုံးသေး ဝီရ စန္ဒယားရှိရာသို့ လျှောက်၍သွားသည်။

"တို့တီးပြမယ် ရှင်နားထောင်မလား"

"အင်း နားထောင်မှာပေါ့"

"အိုကေ အိပ်ငိုက်မသွားနဲ့ဦး"

ပြောပြောဆိုဆိုဖြင့် ဝီရ၏လက်ချောင်းသွယ်သွယ်လေးတွေ စန္ဒယားခလုတ်တွေပေါ် ပြေးလွှားလှုပ်ရှားလိုက်သည်။ ငြိမ့်ညောင်းသော သံစဉ်ထွက်ပေါ်လာသည်။ ညင်္ခသည် သာယာနာပျော်ဖွယ်သံစဉ်က အပြည့်ဝဖော်ကြူးပေးရှာ၏။ ဒွိဟစိတ်ထဲ ချမ်းမြေ့ခြင်းတွေက စိမ့်ခဲ နေအောင် ရင်ကိုရိုက်ခတ်မြလို့သွားသည်။

ဝီရမေ၏နှလုံးသားတွေဟာ ထင်ထားတာထက်ပင် ပို၍နူးညံ့ နေပါလား။

ချစ်မိသွားပြီထင်တယ် ဝီရမေရယ်။

■ ■ ■



## အခန်း (၁၁)

"အစ်ကိုလေး အစ်ကိုလေး ထတော့လေ သူဌေးလာလို့ မနိုး သေးရင် ကျိုင်းပူတော့မှာပဲ"

ပခုံးသားကို ခပ်ကြမ်းကြမ်းကိုင်လှုပ်နေသော အထိအတွေ့နှင့် မောင်စိန့်ခေါ်သံကြောင့် ဒွိဟ မျက်လုံးတို့ ဖျတ်ခနဲ ပွင့်လာသည်။

"ဟင် ဘာလဲ ဘယ်သူလာလို့လဲ"

အိပ်ချင်မူးတူးလေသံဖြင့် မောင်စိန်ကို မေးလိုက်သည်။

"အလုပ်သမားတွေ လာနေလို့ လုပ်ငန်းတောင်စနေပြီ၊ အစ်ကို သေးက မနိုးသေးဘူး၊ တော်ကြာ ဘောစိလာတော့မှာ၊ အစ်ကိုလေး နိုးသေးရင် ကျိုင်းမှာပေါ့"

ဒီတော့မှ ဘေးဘီဝဲယာကို ကြည့်လိုက်သည်။ ဂဟေဆော်သူက ဟော အုတ်စီနေသူကစီ သံချောင်းကွေးနေသူကကွေးနှင့် ဆိုဒ်တစ်ခုလုံး ည့်ပွက်လောရိုက်၍နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒွိဟ အိပ်နေရာမှ ငေါက်ခနဲ ထထိုင်လိုက်သည်။

"ဒါ ဒါက ဘယ်လိုဖြစ်တာလဲ၊ ငါက အိပ်ရာထနောက်ကျ
တာလား၊ သူတို့က အလုပ်ဝင်တာ စောတာလား"

တစ်ခါမှ ဒီလိုမဖြစ်ဖူး၍ ဒွိဟ ကြောင်အမ်းအမ်း ဖြစ်သွား
သည်။ ထို့ကြောင့် ကမူးရှူးဒိုး မေးလိုက်ခြင်းဖြစ်သည်။

"သူတို့လည်း မစောဘူး၊ အစ်ကိုလေးလည်း မစောဘူး ည
ဘယ်အချိန်ထိ ပွတ်လို့ ခုလို နေမြင့်အောင်အိပ်ရတာလဲ ပြောပြီး
တကတည်းများ အံ့ရော အံ့ရော"

ပန်းရုံသမားတွေကြားအောင် ဖွနေသော မောင်စိန့်စကား
ကြောင့် ဒွိဟ အိပ်ချင်စိတ်ပြေကာ

"ဟာ ဒွေးလူ စကားကို အရင်းမရှိအဖျားမရှိ ပြောနေပါလား
ကျွန်တော်က ဘာကိုပွတ်ရမှာလဲ"

"ဖေ့စ်ဘုတ်လေ"

မောင်စိန်နှင့် ဒွိဟပြောနေတာကို အလုပ်သမားတွေ ကြား
ပြုံးစေ့စေ့လုပ်နေကြသည်။

"အဲလို ရှင်းအောင်ပြောပါလား ခင်ဗျားနော်"

မောင်စိန်ကို ရှက်ရမ်းရမ်းခဲ့ပြီး မျက်နှာသစ်၍ ဒွိဟ ထွက်
ခဲ့လိုက်သည်။ စိတ်ထဲမှာ ဇဝေဇဝါ ဖြစ်နေတာကတော့ ညက
စန္ဒာယားတီးပြသည့် သံစဉ်တွေကို သူ နားထောင်နေရင်းမှ နော
ဘာဆက်ဖြစ်သွားသလဲ သူမသိနိုင်တော့။

ဒါ့အပြင် သူ အိမ်ကို အိပ်ချင်မူးတူးနှင့် ပြန်လာခဲ့ခြင်း





တွေးပြီး ရယ်ချင်သွားသည်။

■ ■ ■

"မင်းအမေ နေမကောင်းဘူးဆို ကိုဒွိ"

"ဟုတ်"

ဦးလေး မေးတော့မှ မနက်က အမေ နေမကောင်းကြောင်း
ဆက်တာကို သတိရသွားပြီး

"ဪ ဟုတ်လား လေးလေး"

"ဒါဆို မင်း အိမ်ခဏပြန်ဦး"

ဦးလေးက အလိုက်တသိ အိမ်ခဏပြန်ခိုင်းနေ၍ ဒွိဟ လန့်
သွားသည်။ ထို့ကြောင့် မျက်လုံးအနည်းငယ်ပြူးကာ ဦးလေးကို တအံ့
သြကြည့်လိုက်ပြီး

"ဘာဖြစ်လို့လဲ ဦးလေး"

"ဟ ငါ့အစ်မ မင်းအမေ နေမကောင်းဘူးလေ၊ ဒါကြောင့်
ဖော်လောင်ဘက်ရအောင် မင်းကို ပြန်လွှတ်တာလေ"

"ပြန်မလာရတော့ဘူးလား လေးလေး"

ရင်ထဲမှာ ဝီရနှင့်မတွေ့ရမှာကြောက်နေသည်မို့ မေးလိုက်သည့်
အသံက စိုးရိမ်စိတ်သံ ရောယှက်၍နေသည်။

ဒွိဟအမေးကြောင့် ဦးလေး မျက်မှောင်တစ်ချက်တွန့်ကာ ကြည့်
ပြီး

"မင်းက ပြန်မလာချင်တော့ဘူးလား၊ ဒါဆိုလည်း မလာနဲ့
တော့လေ"



www.burmeseclassic.com

www.burmeseclassic.com



ခုတ်ရာတခြား ရှရာတခြားဖြစ်နေသည်မို့ ဒွိဟစိတ်လေသွား
ကာ ဦးလေး အထင်မလွဲစေရန် ပျာပျာသလဲ ရှင်းပြရသည်။

"ဟာ မဟုတ်တာ ကျွန်တော်မေးနေတာ ဦးလေးအလုပ်ထဲက
ပြန်မလာချင်လို့မဟုတ်ပါဘူး၊ ပြန်မလာရတော့မှာစိုးလို့ မေးနေတာပါ"

ဒီတော့မှ ဦးလေး၏မျက်နှာပြန်၍ ကြည်သွားပြီး

"ပြန်လာရမှာပေါ့ ငါ မင်းကို ဒီမှာခေါ်ထားတာ အကြောင်းရှိ
တယ်၊ အဲဒါက ဘာလဲဆိုတော့ မင်းကိုငါ့လုပ်ငန်းတွေကို နားလည်စေချင်
လို့ပဲ၊ ဒါကြောင့် မင်းကြိုးစားပါ၊ အဲ ခုလောလောဆယ်တော့ မင်းအမေ
ငါ့အစ်မ နေမကောင်းနေတဲ့အတွက် မင်းပြန်မှဖြစ်မှာပေါ့"

အမှန်ဆို ဒွိဟအနေနှင့် အိမ်ကိုမပြန်ချင်ပါ။ ဝီရနှင့်တစ်ည
လေးတောင် မခွဲချင်သည့်ဆန္ဒက အမေနှင့်တွေ့ဖို့ကိုတောင် တွန့်ဆုတ်
နေရလျှင်တော့ ဒါဟာ သဘာဝမကျသေး။

"ဟုတ်ကဲ့ ကျွန်တော် ပြန်မှာပါ"

"အေး ရော့ ဒါ အစ်မကိုပေးလိုက် မင်းရော ငါပေးထားတဲ့
မုန့်ဖိုး ကုန်ပြီလား"

"မကုန်သေးဘူး လေးလေး ကျန်သေးတယ်"

လေးလေးလှမ်းပေးသော တစ်သိန်းအုပ်နှစ်အုပ်ကို လှမ်းယူပြီး
မုန့်ဖိုးမကုန်သေးကြောင်း ပြောလိုက်သည်။

ဝီရနှင့် သူငယ်ချင်းဖြစ်ရတာ ကော်ဖီဆိုင်လည်းမထိုင်ရ၊ ရုပ်ရှင်
လည်းမကြည့်ရဆိုမှတော့ ဒီငွေက ဘယ်မှာလာပြီး ကုန်တော့မှာလဲ။

■ ■ ■



## အခန်း (၁၂)

"အမေ ဘေးအိမ်က လူသစ်တွေ ပြောင်းလာတာလား"

"ဟုတ်တယ် သား"

ဒွိဟမှာ အလုပ်ရှိအကိုင်ရှိသွားပြီမို့ အမေ့လေယူလေသိမ်းတွေ
ရင်ကထက်ပိုပြီး နူးညံ့ပျော့ပျောင်း၍နေသည်။

"မိသားစုတွေ အများကြီးလား"

"မဟုတ်ဘူး လင်မယားနှစ်ယောက်ထဲလေ၊ ဒါပေမဲ့ အမေ
သိပ်ပြီးစိတ်မဝင်စားပါဘူး၊ ဘာတွေမှန်းလည်းမသိဘူး လင်မယားသာဆို
တယ်၊ ယောကျ်ားတစ်ယောက် အခြောက်မကတစ်ယောက်ပဲနေတာ"

ထူးဆန်းသော အမေ့စကားကြောင့် ထမင်းစားနေသော ဒွိဟ
ထမင်းသီးမတတ် အံ့ဩ၍သွားသည်။

"ဟမ် ဒါဆို အခြောက်မလင်မယားပေါ့"

"ဟုတ်မှာပေါ့ ကောင်လေးပုံစံကြည့်ရတာ လက်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



မယ့်ပုံမပေါက်ပါဘူး၊ မေမေ အကဲခတ်မိသလောက် အခြောက်မနဲ့လင် မယားထင်တယ်''

''ဟင် လောကမှာ ဒီလိုယောကျ်ားမျိုးကလည်း ရှိသေးလား''

''လူအမျိုးမျိုး စိတ်အထွေထွေပေါ့လေ''

''အမေ သူတို့နဲ့မပတ်သက်နဲ့နော်''

''ဟဲ့ ငါက ပတ်သက်စရာလား၊ ကိုယ့်အိမ်ထဲကိုယ်နေတာ မင်းကိုသာ သတိပေးရမှာလေ၊ အခြောက်မတွေက ယောကျ်ားတွေဆို သိပ်မက်မောတာလေ၊ တော်ကြာ ငါ့သားလေးကိုပါ မျက်စိကျသွားရင် ဘယ့်နှယ်လုပ်မလဲ''

အမေ့စကားကြောင့် ခေါင်းမွေးများထောင်ထရလောက်အောင် လန့်သွားသည်။ စကားနောက်တရားပါတော့ အဖြစ်မခံနိုင်။

''ဟာ အမေကလည်း ဘာတွေပြောနေတာလဲ၊ ဒီအခြောက်မတွေနဲ့များ သားက ပတ်သက်စရာလား''

''အေးပါ အမေ့သားမပတ်သက်မှန်းသိပါတယ်၊ အမေဆိုတော့ စိုးရိမ်ပြီး ကြိုသတိပေးထားတာလေ''

''ဟာ ပေးစရာလားဗျာ မဦးမချွတ်ကိုယ့်သား နုနုထွင့်ထွင့် လေးကိုများ''

ဒွိဟစကားကြောင့် အမေရယ်သည်။

''အန်တီရေ အန်တီ''

အိမ်ရှေ့မှခေါ်သံကြောင့် သားအမိနှစ်ယောက် အိမ်ရှေ့ကို လှမ်းကြည့်လိုက်ကြသည်။ မီးဖိုခန်းနှင့်အိမ်ရှေ့ခန်းကြား အခန်းနှစ်ခန်းခြား





သေးတာမို့ မည်သူမည်ဝါ ခေါ်နေမှန်း သေချာကွဲပြားစွာ မသိနိုင်။

''ဟဲ့ သား အိမ်ရှေ့က ခေါ်သံကြားတယ်၊ သွားကြည့်စမ်း ဘယ်သူလဲလို့''

ဒွိဟ ထမင်းစားပွဲမှထကာ အိမ်ရှေ့ကိုထွက်လာလိုက်သည်။

နှုတ်ခမ်းနီတွေရဲနေအောင် ဆိုးထားသောယောကျ်ားတစ်ယောက် အိမ်ရှေ့အပေါက်ဝတွင် ရပ်နေသည်။

''ဘယ်သူနဲ့တွေ့ချင်လို့လဲ''

အိမ်ရှေ့ရောက်နေမှတော့ အိမ်ရှင်တစ်ယောက်အနေနဲ့ မေးရတော့မှာပင်။

''တူရှိလားဟင်''

''ဟမ် တူဟုတ်လား''

ပြိတီတီမေးလာသော အသံကြောင့် ဒွိဟကလည်း ကြောင်တောင်တောင်နှင့် ပြန်မေးလိုက်သည်။ ပုံစံကိုက ပုဆိုးကို ထမိန်လိုဝတ်ထားပြီး မျက်နှာမှာပြာနေအောင် လိမ်းထားသော မိတ်ကပ်နှင့်နှုတ်ခမ်းနီကြောင့် ဒါဟာ အခြောက်မဆိုတာ သိသာနေသည်။

အခြောက်အကြောင်းပြောနေတုန်းရှိသေးသည်။ အခြောက်က အိမ်ရှေ့မှာ ရောက်နေသည်။

''တူလေ တူ တူ ခဏလောက်ပေးပါလား၊ ရိုက်စရာရှိလို့''

မလိုအပ်ဘဲ နွဲ့နေသောကြောင့် ဒွိဟ အမြင်ကပ်သွားပြီး

''ကျွန်တော့်မှာ တူမရှိဘူးခင်ဗျ၊ ကျွန်တော့်အိမ်မှာ အမေရယ် ကျွန်တော်ရယ် နှစ်ယောက်ထဲပဲနေတာလေ''



www.burmeseclassic.com

www.burmeseclassic.com



တမင်ပင်ရွဲ့ပြီး ပြောလိုက်ခြင်းဖြစ်သည်။

"ဟယ် လွဲကုန်ပြီ တို့ပြောတာ အဲဒီတူမဟုတ်ဘူး၊ သံကိုရိုက်တဲ့တူကိုပြောတာ"

ထိုစဉ် အမေ မီးဖိုခန်းထဲမှ ထွက်လာသည်။

"သားရေ ဘယ်သူလဲ ဩော်"

ဒွိဟာကိုမေးရင်း ထွက်လာသော အမေ ဘယ်သူဘယ်ဝါဆိုတာ သိရှိသွားပုံဖြင့်

"ဘာကိစ္စလဲကွယ်"

"တူလေး ခဏငှားချင်လို့ပါ အမေ"

အခြောက်မ အမေဟုခေါ်လိုက်သဖြင့် ဒွိဟာ ကြောထဲစိမ့်၍သွားသည်။

"ဩော် ခဏနော် အန်တီ သွားယူလိုက်ဦးမယ်"

အမေ အိမ်ထဲလှစ်ခနဲ ပြန်ဝင်သွားပြီး တအောင့်ကြာတော့ လက်ထဲမှာ တူကိုင်ပြီး ပြန်ထွက်လာသည်။

"ရော့ ငါ့တူ"

အမေက ငါ့တူခေါ်၍ အခြောက်မ မျက်နှာအနည်းငယ်ပျက်သွားပြီး

"သမီးကို ခုလိုတူငှားတဲ့အတွက် ကျေးဇူးတင်ပါတယ် အမေရယ်၊ အိမ်မှာက သမီးက ဂျိကာလေ၊ မိန်းမအလုပ်ရော ယောကျ်ားအလုပ်ရော သမီးပဲလုပ်ရတာ အိမ်ကအမျိုးသားက ပင်ပင်ပန်းပန်းသိပ်မလုပ်နိုင်ဘူးလေ"





အောဂလီဆန်စွာပြောနေသော အခြောက်မကိုကြည့်ပြီး ဒွိဟာ အရှက်ကွဲအောင် တစ်ခုခုပြောဖို့ အကြံထုတ်လိုက်သည်။

"ဩော် အစ်ကိုက မိန်းမ အဲ ယောကျ်ားရှိတာလား၊ ဒါဆို ဘလေးမွေးတော့ ဘယ်သူကမွေးလဲ၊ အစ်ကိုပဲမွေးတာလား"

"ဟယ် မေးတဲ့ပုံကိုကြည့်ပါဦး အဲလိုပဲ ဒွဲရွေရလားလို့ တို့က မွေးစရာလား။ ဒီခေတ်ကြီး ကလေးတစ်ယောက်ရဲ့တာဝန်နည်းတာမှတ် လို့ တို့က မိန်းမလေ၊ မိန်းမဆိုတော့ အမေတော့ဖြစ်ချင်တာပေါ့၊ မိန်းမ တွေမှာ မွေးရာပါ မိခင်စိတ်ရှိပြီးသားပါ"

"ဟုတ်လား ဒါဆို အစ်မမှာ အိမ်နှစ်အိမ်ပါမှာပေါ့"

"ဟမ် အိမ်နှစ်အိမ်ဟုတ်လား၊ ဘာအိမ်လဲ နေတဲ့အိမ်လား"

ခပ်ရွတ်ရွတ်မေးချလိုက်သော ဒွိဟာအမေးကို အမေပင် နားမလည်စွာဖြင့် ဒွိဟာကိုလှမ်းကြည့်သည်။

"ကျွန်တော်တို့ယောကျ်ားတွေမှာ အစာအိမ်တစ်ခုထဲပါတာလေ၊ အစ်မတို့မိန်းမတွေမှာဆိုရင်တော့ အစာအိမ်ရယ် သားအိမ်ရယ် နှစ်ခုတောင်ပါတာလေ"

"ဟယ် ဒီကောင်လေး ဘာတွေလျှောက်ပြောနေတာလဲ နားရှက်စရာ ခစ် ခစ် ခစ်"

အခြောက်မ တူကိုင်ပြီး လှည့်ပြေးတော့သည်။

အမေပါ မနေနိုင်တော့ဘဲရယ်ကာ ဒွိဟာပခုံးကို ပုတ်သည်။ ဘာကြောင့် ဒီလိုပြောလိုက်ရတာလဲဆိုသည့် အဓိပ္ပာယ်မျိုးဖြစ်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"မောင်လေး"

အိမ်ရှေ့ခန်းတွင် သတင်းစာထိုင်ဖတ်နေသော ဒွိဟမှာ ခေါ်သံကြောင့် ဖတ်လက်စသတင်းစာအပေါ်မှ ကျော်ကြည့်လိုက်သည်။ တစ်ပြိုင်နက်တည်းမှာပင် လာပြန်ပြီ ဒီအခြောက်မဟု စိတ်ထဲက ရေရွတ်လိုက်သည်။

"ဒီတစ်ခါ ဘာငှားမလို့လဲ အစ်ကို အဲ အစ်မ"

အစ်မဟုအခေါ်ခံလိုက်ရ၍ အခြောက်မ မျက်နှာပြုံးရွှင်၍သွားသည်။

"ဒီတစ်ခါ ဘာမှမငှားပါဘူးကွယ်၊ စားဖို့လာပေးတာပါ"

လက်ထဲမှ သုံးဆင့်ချိုင့်ကိုပြပြီး အိမ်ပေါ်တက်လာသော အခြောက်မကြောင့် ဒွိဟ ထိုင်ရာမှထလိုက်သည်။ ထရသည့်ရည်ရွယ်ချက်က သူ့အိမ်ထဲဝင်မလာခင် ကိုယ်က အိမ်ပေါက်ဝမှ စည်းပြီး သူလာ





သောချိုင့်ကို ယူရန်ဖြစ်သည်။

"ပေး ပေး ခုလိုလာပို့တာ ကျေးဇူးတင်ပါတယ်၊ ချိုင့်ကိုတော့ ပြီးမှ လာပို့ပေးပါ့မယ်"

လှယ်ပေးနေလျှင် ကြာဦးမည်မို့ မြန်မြန်ပြန်ရန် တမင်ပင်ပြောလိုက်ခြင်းဖြစ်သည်။

"ရတယ် ကြိုက်တဲ့အချိန်လာပို့ မပို့လည်းရတယ်၊ ကိစ္စမရှိဘူး၊ မောင်လေးအတွက်ဆိုရင် အရာအားလုံး အဆုံးရှုံးခံနိုင်တယ်"

"ဗျာ"

"ဩော် ဒီချိုင့်ကိုပြောတာပါ၊ ဒါနဲ့ မောင်လေးနာမည်က ဘယ်လိုခေါ်လဲ၊ မမနာမည်က ခင်ခင်ချစ်တဲ့ မှတ်ထားနော်၊ မမချစ်လို့လည်း ခေါ်လို့ရတယ်"

"ဩော် ဟုတ်ကဲ့ပါ"

လေကြောရှည်နေသော အခြောက်မကို အမြန်ပြန်အောင် အိမ်ပေါက်ဝမှ ဘောလုံးတစ်လုံးကန်သလို အရှိန်ဖြင့် ပိတ်ကန်ပစ်ချင်တာပါ။

"ဒါနဲ့ မင်းမှာချစ်သူရှိလား"

ဘောင်ကျော်စပြုလာပြီဖြစ်သော ပြီတီတီအမေးကြောင့် ဒွိဟ အိမ်ထဲဝင်ဖို့ပင် ခြေလှမ်းတွန့်သွားသည်။

"အစ်မက ဘာလုပ်ဖို့လဲ"

အတည်ပေါက်ဖြင့်ပင် ပြန်မေးလိုက်သည်။

"ဩော် ဘာမှမဟုတ်ပါဘူး၊ ငါ့မောင်လေးလို ငယ်ငယ်ချော ချောလေးမှာ ချစ်သူမရှိတာတော့ မဖြစ်နိုင်ဘူးလို့ စိတ်ကထင်မိလို့မေး



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရှုံသက်သက်ပါ"

အခြောက်မ ခင်ခင်ချစ် မျက်နှာက ဒွိဟကိုဖာတ်လမ်းလုပ်ချင်နေသော အရိပ်အယောင်တွေ တွေ့နေရသည်။

"ကျွန်တော်က မိန်းမတွေကို သဘောမကျဘူး၊ ယောကျ်ားတွေကိုပဲ သဘောကျတာ၊ ယောကျ်ားတောင် ဟိုမရောက်ဒီမရောက်ယောကျ်ားမျိုးမဟုတ်ဘူး၊ နပန်းသမားတို့ လက်ဝှေ့သမားတို့လို တောင့်တောင့်ခိုင်ခိုင် ယောကျ်ားမျိုးကိုမှ သဘောကျတာ"

"ဟယ် တကယ်ကြီးလား"

ဒွိဟ ပါးစပ်ထဲတွေ့ကရာ ပြောသမျှကို အခြောက်မခင်ခင်ချစ်တကယ်ယုံသွားပုံရသည်။

ဘာပဲဖြစ်ဖြစ် အဲဒီအခြောက်မရန်ကအေးဖို့ ဒီနည်းလမ်းကအကောင်းဆုံးဟု ဒွိဟ ထင်ပါသည်။

"တကယ်ပြောတာ အဲဒါ ကျွန်တော့်ရဲ့လျှို့ဝှက်ချက်ပဲ၊ အစ်မမို့လို့ပြောပြတာ၊ ဘယ်သူ့ကိုမှတော့ လျှောက်ပြောလို့မရဘူးနော်"

ပို၍ယုံကြည်သွားအောင် အနားပါသပ်ပေးလိုက်သည်။

"အေးပါဟယ် အေးပါ ငါ့မောင်နဲ့အစ်မက အကိတ်လေးတွေကိုကြိုက်တာချင်းတူတယ်ဆိုတော့ အစ်မက အထူးကိုလျှို့ဝှက်ပေးထားမယ်"

"ဟုတ် ကျေးဇူးအစ်မ ပြန်တော့လေ၊ အစ်မ အကိတ်ကြီးကကျွန်တော်နဲ့တစ်မျိုးထင်နေပါမယ်"

ပတ်ကျိုလိုတွယ်ကပ်နေ၍ နောက်တစ်နည်းသုံးပြီး ပြန်ရန်ပြောရသည်။ ဒါတောင် အကြည့်တွေက သံယောဇဉ်အမျှင်းမပြတ်သူလို မျှော်





...င့်ချက်ရေးရေးက ရှိသေးသည့်ဟန်ဖြင့်

"အေးပါ မောင်လေးရယ် ပြန်ပါ့မယ်၊ ဒါပဲနော် မမကို လေးသေးနက်နက်ခင်ရမယ် သိလား"

"ဟုတ်ပါပြီခင်ဗျ ခင်ပါ့မယ်"

ဒွိဟ ထိုသို့ပြောတော့မှ ခင်ခင်ချစ် လက်ညှိုးကို မနှိုတရှိုလေး...ိုက်ပြီး

"အင်းပါ ကျေးကျေးပါနော်၊ ကဲ မမသွားပြီ တာ့တာ ဘိုင့်...ိုင်"

"ဟုတ်ကဲ့ တာ့ ဘိုင်ပါခင်ဗျာ"

ခင်ခင်ချစ် အိမ်ပေါက်ဝမှာ လှည့်ပြန်သွားသည်။ ဒါတောင်...ထဲရောက်တော့ လှည့်ကြည့်လှည့်ကြည့်လုပ်ပြီး မျက်စိအကြောဆွဲသလို...က်လုံးတစ်ဖက်ကို မှိတ်ပြသွားသေးသည်။

"အောင်မလေးဗျာ ဒီအခြောက်မစက်ကွင်းကဲ လွတ်အောင်...နည်းကိုရှောင်ရပါလား၊ မဖြစ်ဘူး မဖြစ်ဘူး ငါ ဆိုဒ်ထဲကို အမြန်ပြန်မှ...ဖြစ်တော့မယ်"

ဒွိဟတစ်ယောက်လက်ထဲမှာ ကိုင်ထားသော ချိုင့်ကို ခပ်ဆောင့်ဆောင့်ချပြီး ထိုင်ခုံမှာ ပြန်ထိုင်လိုက်သည်။

သတိရလိုက်တာ ဝီရရယ်။

■ ■ ■

"အမေ နေကောင်းသွားပြီဆိုတော့ သား ဆိုဒ်ထဲပြန်တော့မယ်...ာ"



www.burmeseclassic.com

www.burmeseclassic.com



ဝီရကိုတွေ့ချင်လှပြီမို့ အမေ့ထံမှ ပြန်တော့ဆိုသည့် ခွင့်ပြုချက်ကို စောင့်မနေတော့ဘဲ ပြန်ဖို့ပြောလိုက်သည်။

"ပြန်လေ အမေက အိပ်ရာထဲလဲနေတာမှ မဟုတ်တာ၊ မင်း ဦးလေးကသာ အစိုးရိမ်လွန်နေတာပါကွယ်"

"ဟဲ ဟဲ အဲလိုမောင်လေးမျိုးကို ရွေးချထားလိုက် အမေ့ မိန်းမလည်း မယူ၊ လူပျိုကြီးဘဝနဲ့နေပြီး အစ်မကိုချစ်တတ်တဲ့မောင်မျိုး ကမ္ဘာပတ်ရှာရင်တောင် တွေ့ဖို့မလွယ်ဘူး"

ဒွိဟစကားကြောင့် အမေ ပြုံးသည်။

"အမေ့အတွက် ဒီမောင်တစ်ယောက်ဟာ ကမ္ဘာပတ်ရှာရင်တောင် မတွေ့နိုင်သလို မင်းကရော ဒီဦးလေးမျိုးကို ပိုင်ဆိုင်ထားရတာ ကံမကောင်းဘူးလား ဟမ်"

"အဟဲ နောနော်လေ နောနော်"

ပြောင်ချော်ချော်ပြောလိုက်သော ဒွိဟစကားကို အမေ သဘော မပေါက်။ ဂန္ဓမာပန်းအရွက်တွေကို ကပ်ကြေးနဲ့ကိုက်ဖျက်နေရာမှ ဖျတ်ခနဲ ကြည့်လာပြီး

"ဘာလဲဟဲ့ နောနော်"

"ဟာ အမေကလည်း နောနော်သီချင်းထဲကလို အတိုင်းထက် အလွန်ပဲလို့ ပြောတာလေ၊ ဒီဦးလေးမရှိရင် သားက လမ်းမပေါ် ထော ဘက်ထောက်ရုံပဲရှိတော့တယ်"

"ဘယ်လို လမ်းမပေါ်လေးဘက်ထောက်မယ် ဟုတ်လား ထောက်ပြီးဘာလုပ်မှာလဲ"





"ခွေးလိုအူမလို့လေ"

ဒွိဟစကားကြောင့် အမေ ဟက်ဟက်ပက်ပက် ရယ်ပါတော့သည်။

"ကိုယ့်တဝအခြေအနေတော့ ကိုယ်သိသားပဲ၊ အေးလေ ဘာပဲဖြစ်ဖြစ် ဦးလေးအနားမှာသွားနေပြီး ဦးလေးက အားကိုးရမယ့်အခြေအနေတစ်ခုဖြစ်လာအောင် ကြိုးစားပြ၊ ဝေယျာဝစ္စတွေကိုလည်း လုပ်ပေးဦး"

"ဟုတ်ကဲ့ပါ အမေရာ၊ စိတ်ချ အမေ့မောင်လူပျိုကြီးကို သားက အခါအခွင့်သင့်ရင် မိန်းမချောချောလေးတောင် ရှာပေးဦးမှာ"

"အေးပါ ကိုယ့်စားပေါက်ကိုယ်ပိတ်အောင်လုပ်"

အမေ့စကားကြောင့် ဒွိဟ တဟားဟားဖြင့် ရယ်လိုက်တော့သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"ရှင် ဘယ်ပျောက်နေတာလဲ ဒွိဟ"

မမြင်ရတာကြာပြီဖြစ်သော မျက်နှာလေးကို ဒွိဟ အငမ်း ငေးကြည့်နေတုန်း ဝီရ မေးသည်။

"အမေ နေမကောင်းလို့လေ၊ အဲဒါကြောင့် အိမ်ခဏပြန် နေရတာ"

"ဩော် ဒါကြောင့် ရှင့်ကိုမတွေ့ရတာကိုး"

ဝီရမျက်နှာညှိုးရိပ်သန်းနေသည်ကို ဒွိဟ သတိထားမိနေသည် နှုတ်ခမ်းများကို ကိုက်ထားပြီး အလိုမကျသော ဒေါသရိပ်လွှမ်းနေသည် တိုင် ဝီရမေဟာ လှနေဆဲပါပဲ။

"ဝီရ နေမကောင်းဘူးလား၊ တစ်ခုခုကို အလိုမကျဖြစ်နေ ပုံပဲ"

"ဟုတ်တယ် တို့ ဘာတွေအလိုမကျဖြစ်နေမှန်းမသိဘူး၊





တို့တစ်ယောက်ယောက်ကို သတ်ချင်နေတယ်"

ထူးဆန်းသော ဝီရမေစကားကြောင့် ဒွိဟ ကျောချမ်းမိတာ ာ့အမှန်ပင်။

"အယ် ဝီရ သတ်ချင်နေတာ ကိုယ့်ကိုများလား၊ မဟုတ်မှလွဲ ကိုယ် ဝီရတို့အိမ်ထဲကို အလိုက်ကန်းဆိုးမသိဘဲ ဝင်ခဲ့မိပြီထင်တယ် ာ ဆောရီးနော်"

သူ့ဘက်က ခံစားချက်နှင့်ဒေါသတွေက ကိုယ့်ကြောင့် လူသတ် ိတ်ပေါက်သလားဆိုတာ မသေချာပေမယ့် ဒွိဟ ကြိုတင်ပြီးတောင်း န်လိုက်တာ ကိုယ့်ဘက်ကအမှားမရှိပါ။ တကယ်ဆို အိမ်တံခါးကို သူ ယ်တိုင် ဖွင့်ပေးခဲ့တာပဲလေ။ ကိုယ်က ဖွတ်အတင်း တိုးဝင်ခဲ့တာမှ ုတ်တာ။

"အို ရှင်နဲ့ဘာဆိုင်လဲ၊ တို့သတ်ချင်တာ တစ်ယောက်ကို"

ပြောရင်းပြောရင်းနှင့် ဝီရမေ မျက်နှာမှာဒေါသကြောင့် အနည်း ် ခက်ထန်ရိပ်တွေထင်းလာသည်။

"ဝီရကို အဲဒီတစ်ယောက်က စိတ်တိုအောင် လုပ်ထားလို့လား"

ဒုတိယအကြိမ် အရဲစွန့်ပြီး မေးမိပြန်သည်။

"ဟုတ်တယ် ဘယ်တော့မှ မကျေဘူး၊ သူ့ကိုဂလဲ့စားမချေရ င်း သံသရာမှာ ကျင်လည်နေဦးမှာ ရှင်သိလား"

"ဟင့်အင်း မသိဘူး"

ဒွိဟ အူကြောင်ကြောင်ဖြင့် မသိဘူး ခေါင်းခါပြလိုက်သည်။

"ရှင်မသိတာပဲ ကောင်းပါတယ်၊ တို့ကတော့ အတိတ်ကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်သွားလို့ရရင် သွားချင်တယ်၊ ဒါပေမဲ့ ဒါဟာ ကိုယ့်ရဲ့ဆန္ဒသက်သ
ပါပဲ၊ တကယ်တော့ လူတွေ မထိန်းချုပ်နိုင်တာ အချိန်နဲ့ကံကြမ္မာပဲ

လေးလေးနက်နက် ပြောနေသော ဝီရမျက်နှာလေးကို ဒွိ
တမေ့တမော ငေးမောနေမိပြီး သူ့အတိတ်ကို ပြန်လည်ဖတ်ရှု
စာမျက်နှာတွေမှာ ဘယ်လိုအကြောင်းအရာတွေက ဝီရကို ဒီလိုနာက
ကြေကွဲအောင် လုပ်ခဲ့သလဲဆိုတာ ပြင်းပြစွာသိချင်နေမိတာပါ။

"အမေ့အိမ်ပြန်နေတဲ့ တစ်ပတ်အတွင်း ဝီရကို တစ်ရက်
မမေ့ခဲ့ဘူး သိလား"

ညှိုးငယ်နေသော ဝီရ၏မျက်ဝန်းတစ်ချက် ဒွိဟဆီသို့ လှမ်း
ရောက်လာသည်။

"သတိရတယ် ဟုတ်လား"

"အင်း"

"ဘာကြောင့်လဲ"

"မသိဘူး စိတ်ထဲက အလိုလိုကို သတိရနေတာလေ၊ ဒါကြော
အမေ့အိမ်မှာ ဒီထက်ပိုမနေနိုင်တော့တာနဲ့ ပြန်လာတာ"

"ဩော် ဒါဆို တို့ကြောင့် ရှင်ပြန်လာရတယ်ပေါ့ ဟုတ်လား"

"လုံးဝ သေချာတယ်"

ဝီရထံမှ ခပ်သဲ့သဲ့ရယ်သံ ထွက်ပေါ်လာသည်။

"ဘာရယ်တာလဲ ကိုယ်တကယ်ပြောနေတာ"

"အဲလိုမျိုး ဘယ်နှယောက်ကို ပြောခဲ့ပြီးပြီလဲ"

ဝီရ၏ခနဲ့သောအမေးကြောင့် ဒွိဟ စိတ်ထဲမှာ သိပ်တော့





ပြီ။ အမှန်အတိုင်းပြောရရင် ဝီရက ဒုတိယအကြိမ်ပါ။ ပထမအကြိမ်
နကာ အွန်လိုင်းပေါ်မှာ ညီမမှန်းမသိ တခြားမိန်းကလေးထင်ပြီး
ချန်သံစကားတွေ ပြောခဲ့ဖူးသည်။ ပြန်တွေးကြည့်လျှင် ရက်စိတ်ဝင်
လွှဲပြီး ရင်ထဲမှာ ဘာခံစားမှုမရှိတော့။

"ခုတစ်ကြိမ်က ပထမဦးဆုံးအကြိမ်ပါပဲ၊ မယုံရင်လည်း ရပါ
တယ်"

ယောကျ်ားတွေအပေါ် သံသယဝင်တတ်သော မိန်းမတွေရဲ့စိတ်
ဒွိဟ နားလည်ပေးနိုင်သည်မို့ ထိုသို့ပြောလိုက်ခြင်းသာ ဖြစ်သည်။

"ဒွိဟကို မယုံဘူးလို့မပြောပါဘူး ယုံပါတယ်"

"ဩော် ဒါဆိုရင်တော့ ကျေးဇူးပဲ၊ ယုံပေးတဲ့အတွက်ပေါ့၊ ဒါနဲ့
ရော စန္ဒယားတီးပြချင်တဲ့စိတ်မရှိဘူးလား"

"တို့ ဒီည စန္ဒယားတီးချင်တဲ့စိတ် မရှိဘူး"

"ဩော် ရပါတယ် ဒါဆိုလည်း တီးမပြပါနဲ့"

"ခဏနော် တို့ ရှင့်ကိုတစ်ခုခုနဲ့ဧည့်ခံရမယ်"

ပြောပြောဆိုဆိုဖြင့် ဝီရအိမ် အတွင်းခန်းဘက်သို့ ဝင်၍သွား
ည့်ခန်းထဲတွင် ဒွိဟ ဟိုဟိုဒီဒီ ငေးရင်း ထိုင်စောင့်နေလိုက်သည်။
ထဲမှာတော့ ဝီရ သူ့အတွက် ကော်ဖီသွားဖျော်ပေးနေသည်ပေါ့။

နာရီဝက်ကြာသည့်တိုင်အောင် ဝီရ ထွက်မလာသေး။

ကော်ဖီဖျော်တာ ဒီလောက်တော့ မကြာနိုင်ပါ။ ဝီရ မီးဖိုခန်း
မှာ ဘာများဖြစ်နေသလဲဆိုသည့် စိုးရိမ်စိတ်ကြောင့် ထိုင်ရာမှထ
သည်။



www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်းတွေက သူ့အလိုလိုပင် ဝီရ ဝင်သွားရာအတွင်းခန်း
သို့ အလိုလိုလှမ်းပြီးသား ဖြစ်သွားသည်။

"ဝီရ ဝီရ ဘယ်မှာလဲ"

အိမ်ခန်းတွေကများနေတော့ ဝီရ ဘယ်အခန်းထဲမှာရှိနေမှ
မသိ၍ အသံပေးပြီး ဝင်လာခြင်းဖြစ်သည်။

ထမင်းစားခန်းဘက်ဆီသို့ ဒွိဟ ဝင်လာသည့်တိုင် ဝီရအ
အယောင်ကို မတွေ့ရ။

"ဝီရရေ ဝီရ"

ပြန်ထူးသံမကြားရ။ ဝီရ မဟုတ်မှလွဲရော သန့်စင်ခန်း
ဝင်နေသလား။

ရုတ်တရက် အခန်းတစ်ခုတွင်းမှ လှုပ်ရှားသံတစ်ခုကို ကြ
လိုက်ရသည်။ ထို့ကြောင့် ထိုအခန်းရှေ့သို့ လျှောက်သွားပြီး ဟနေသေ
အခန်းတံခါးကို ခပ်ဖြည်းဖြည်း တွန်းဖွင့်လိုက်သည်။

"ဟာ"

မြင်လိုက်ရသော မြင်ကွင်းကြောင့် ဒွိဟ ရင်တွေ ဒိန်
ဆောင့်ခုန်သွားသည်။

"ဝီရ ဝီရ ဒါ ဒါ ဘာလုပ်နေတာလဲ"

ကိုယ်ကိုယ်ကိုယ် ကြိုးဆွဲချသေဖို့ ကြံစည်နေသည့် ဝီရ
ဒွိဟ သွေးရူးသွေးတန်း ရောက်သွားသည်။ ကြိုးကွင်းဝိုင်းထဲသို့ ခေ
နေသော ဝီရမျက်ဝန်းမှာ မျက်ရည်စတွေနှင့်။

"ဖယ်ပါ ဒါ ကျွန်မလုပ်ရမယ့်တာဝန်ပါ၊ ကျွန်မကို မတား





"ဟာ မဟုတ်တာ၊ ဘာတွေဖြစ်နေလို့ မင်းက ဒီလိုလုပ်နေရ
လဲ၊ လူ့အသက်တစ်ချောင်းကို လွယ်လွယ်နဲ့ဖျက်ဆီးရလောက်အောင်
မှာ ဘာတွေသောကဖြစ်နေလဲ ဝီရ ပြောစမ်းပါဦး"

ဝီရ ခန္ဓာကိုယ်လေးကို အောက်မှ ပင့်ယူထိန်းမွေ့လိုက်ပြီး
ည်ပင်းမှာ ချိတ်မိနေသော ကြိုးကို ကပျာကယာဖယ်လိုက်သည်။

အေးစက်နေသော ဝီရခန္ဓာကိုယ်လေးမှာ ဒွိဟ လက်ထဲတွင်
အားမဲ့နေသည်။

"သေပါရစေ သေခွင့်ပေးပါ"

"အဓိပ္ပာယ်မရှိတာ မပြောပါနဲ့ ဝီရ၊ အခုသေရင် ကိုယ်တို့
ယ်တော့မှ ပြန်တွေ့မှာမဟုတ်တော့ဘူး၊ ဝီရက တမလွန်ကိုသွားပြီး
က ထောင်ထဲဝင်ရမယ့်ကိစ္စမျိုးကြီးကို မလုပ်ပါနဲ့ကွာ၊ ကိုယ် တောင်း
တယ်၊ နောက်ပြီး ကိုယ်လေ ဝီရကို ထပ်ပြီး အဆုံးရှုံးမခံနိုင်တော့

ဒွိဟ ဝီရကို တင်းကျပ်စွာ ဖက်ထားလိုက်သည်။

"ကိုယ် ဝီရကို ချစ်တယ်၊ ဒါကြောင့် ခုလိုမျိုး မလုပ်သင့်တာ
လုပ်ပါနဲ့"

"မချစ်နဲ့ ရှင် တို့ကိုချစ်လို့မရဘူး"

ဝီရ ခေါင်းကိုတွင်တွင်ခါသည်။

"ဘာလို့ချစ်လို့မရရမှာလဲ ဒီမှာ ဝီရ၊ မင်းမှာ ဘယ်လိုသောက
ဒါ မင်းကိုချစ်တယ်ကွာ"

ဝီရ ရင်ခွင်ထဲမှ ရုန်းထွက်ခဲ့ကာ



www.burmeseclassic.com

www.burmeseclassic.com



"ရှင် တို့အကြောင်းကိုသိပြီးရင် တို့ဘဝကို ရွံရှာစက်ဆုပ်သွားမှာပါ"

ဒွိဟ ခေါင်းခါသည်။

"အဲလို လုံးဝမဖြစ်စေရဘူး။ ဝီရ ဘာပဲဖြစ်နေဖြစ်နေ ချစ်သွားတဲ့ အချစ်က ဘယ်တော့မှ ပြောင်းလဲမသွားဘူး ယုံပါကွာ"

တိတ်ဆိတ်ခြင်းညအလယ်မှာ အချစ်ကို ပိုင်ဆိုင်ရဖို့အတွက် ဝီရမေဆိုတဲ့ ချစ်သူလေးရဲ့နောက်ကြောင်းရာဇဝင်တွေကို ပြန်ဖတ် ဒွိဟ ဘယ်တော့မှ စိတ်ကူးမရှိခဲ့ပါဘူး။

"ကိုယ် ဝီရကို တကယ်မြတ်မြတ်နိုးနိုး ချစ်မိသွားတာပါကွာ"

"ဒါဆို တို့အကြောင်းတွေ ရှင့်ကို ပြောပြရတော့မှာပေါ့"

■ ■ ■



## အခန်း (၁၅)

"ဟေ့ ဝီရမေ အတန်းမတက်ဘဲ ဖုန်းထိုင်ပွတ်နေပါလား"

နိုင်ဇာနှင့် ယမင်းရောက်လာ၍ အသစ်စက်စက် ချစ်သူလေး ထံ စာပို့နေသော ဝီရမေ ဇီလင်ပျက်သွားသည်။

"နင်တို့ မလာသေးလို့ အတန်းထဲမဝင်သေးတာပါဟာ"

"ဘယ်လိုလဲ နင့်ရဲ့အွန်လိုင်းချစ်သူလေးနဲ့ တော်တော်လေး ခရီးရောက်နေပြီလား"

နိုင်ဇာ့အမေးကြောင့် ဝီရမေ ခပ်သဲ့သဲ့ရယ်လိုက်ပြီး

"ရောက်သလောက်ရှိပြီ သူက ငါ့ကိုတော်တော်ချစ်တယ်ဟ၊ သူလည်း ငါ့လိုပဲ တစ်ဦးတည်းသောသားပဲ၊ သူ့မိဘတွေက ပူအက်စ်မှာ လေ"

နိုင်ဇာနှင့်ယမင်း အားကျသောအကြည့်လေးတွေကိုယ်စီဖြင့် ဝီရမေကားကို နားထောင်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"နှင့်ဘဝက ပြည့်စုံပြီးရင်း ပြည့်စုံနေတာပဲနော်၊ မိဘတွေကလည်း ချမ်းသာတယ်၊ နှင်ကလည်းအရမ်းချော အရမ်းလှပြီး ပညာလေးကလည်းတတ်တော့ လိုတရမင်းသမီးလေးလို အရာရာကို တစရာမလိုလောက်အောင်ကို ပြီးပြည့်စုံတယ်ဟယ်"

သူငယ်ချင်းတွေ၏အားကျစကားကို ဝီရမေလည်း သဘောကျနှစ်ခြိုက်မိသည်။

"သူတို့အိမ်ကြီးက ငါတို့အိမ်ထက်ပိုပြီး ခမ်းနားတယ်ဟာ နန်းတော်ကြီးအတိုင်းပဲ"

"နှင်က အိမ်တောင်ရောက်ဖူးနေပြီပေါ့"

"ဟာ ဘယ်ကလာ ရောက်ဖူးရမှာလဲ၊ သူ့ profile ထဲ ဝင်ကြည့်တာပေါ့ဟ"

"ဒါဆို ငါတို့လည်း fri လုပ်လိုက်ရင် ကောင်းမယ်"

နိုင်ဇာနှင့်ယမင်းက ချစ်သူနှင့် fri လုပ်မည်ဆို၍ ဝီရစိတ်ထဲ မနာလိုဖြစ်မိပြန်သည်။

"ဟာ မအပ်လိုက်နဲ့နော်၊ နင်တို့က စိတ်ချရတာမဟုတ်ဘူး"

အဖြစ်သည်းနေသော ဝီရမေကိုကြည့်ပြီး နိုင်ဇာနှင့်ယမင်း ပိရန်ကောဟူသော အကြည့်ဖြင့် ခပ်မဲ့မဲ့ကြည့်လိုက်ကြပြီး

"ဟွန်း သူ့ပစ္စည်းကျတော့ တိုတတ်လိုက်တာ"

"ဟဲ့ ငါက နင်တို့လိုချစ်သူမပေါ်ဘူး၊ ဒီတစ်ယောက်ထဲ ချစ်မိသွားသေးတာနော်"

"သတိလည်းထားဦးနော် မိန်းမတွေ ဘာတွေရှိနေရင် ငါ့သူငယ်





ချင်းလေး သက်သက်မဲ့ သူများအငယ်အနှောင်းဖြစ်နေပါဦးမယ်"

စိုးရိမ်စိတ်ဖြင့် ယမင်းပြောလာသော စကားကြောင့် ဝီရမျက်နှာအနည်းငယ် ပျက်သွားသည်။

"မရှိပါဘူးဟယ် ငါ့စိတ်က အလိုလိုသိနေတယ်၊ ပြီးတော့ သူ့ profile ထဲဝင်ကြည့်ရင် အသိသာကြီးပဲကို၊ မယုံရင် နင်တို့ဝင်ကြည့်ပေါ့၊ ငါပြောတာ ဟုတ်မဟုတ် သိရအောင်"

နိုင်ဇာက ဝီရ စိတ်ကသိကအောက် မဖြစ်အောင် ဝင်ပြီးထိန်းပေးရှာသည်။

"ဒီလောက် နဖတ်ချောမောနေတဲ့လူက မိန်းမရှိမလားဟဲ့ နင်ကလည်း ဝီရကို စိတ်ထိခိုက်အောင် ကလိနေပြန်ပြီ"

နိုင်ဇာပြောတော့မှ ယမင်း အားနာသွားပုံဖြင့်

"အဟဲ့ ငါက နောက်ကြည့်တာလေ၊ ဝီရ မျက်နှာကြီး ဘယ်လိုပုံစံပြောင်းသွားမလဲဆိုတာ သိချင်လို့၊ နင် စိတ်ထဲဘယ်လိုမှ မနေဘူးမဟုတ်လား ဝီရ"

"မနေပါဘူး သူက အဲလိုလူစားမျိုးမှမဟုတ်တာ၊ နင်တို့ကြိုက်သလောက်ပြော လုံးဝစိတ်မဆိုးဘူး၊ သူ့ရဲ့ profile ထဲ ဝင်ကြည့်ရုံတင်မဟုတ်ဘူး၊ သူ့အပေါင်းအသင်းတွေရဲ့ profile ထဲမှာပါ သူ့အကြောင်းတွေလိုက်လေ့လာထားတာ လူပျိုစစ်စစ်၊ ရေတစ်စက်မှမရောဘူးလေ၊ ဘာဖြစ်လို့ အဲလို အတိအကျပြောနိုင်လဲဆိုတော့ ငါ့ရဲ့ဟောဒီနေရာက သူ့အပေါ်ယုံကြည်နေလို့ပဲ"

ဝီရမေ ရင်ဘတ်ကို လက်ဖြင့်ခပ်ဖွဖွဖိပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ့မိဘတွေ ဒီတစ်ခေါက် ယူအက်စ်ကပြန်လာရင် ငါ့ကို မိသားဖသားပီပီ လာတောင်းပြီး အကြီးအကျယ်မင်္ဂလာပွဲလုပ်မယ်တဲ့၊ ပြီးရင် အမေရိကားလိုက်သွားပြီး သူ့အဖေလုပ်ငန်းတွေကို သူကိုယ်တိုင် ဦးစီးတော့မယ်တဲ့"

အနာဂတ်ကိုမျှော်ကြည့်ရင်း ပီတိတွေဝေဖြာနေသော ဝီရ မျက်နှာလေးမှာ နူးညံ့သိမ်မွေ့သော အချစ်အလင်းတန်းတွေ လက်ဖြာ၍ နေသည်။

အွန်လိုင်းမှာတွေ့ပြီး ချစ်မိသွားကြပေမယ့် ငယ်ပေါင်းကြီးဖော် တွေလို ရင်ထဲမှာ နှင့်နှင့်နဲနဲကို ချစ်မိသွားကြတာပါဆိုတာကို ပြောပြလို့ ပင် ယုံနိုင်ကြပါ့မလား။

"ငါကတော့ အားကျတာပဲ သိတယ်ဟယ်"

"အေးလေ ငါတို့လည်း အွန်လိုင်း သုံးတာပါပဲ၊ ဒါပေမဲ့ အမှန် အကန်လေးတွေ မတွေ့ဘူးဟာ၊ အကြံအဖန်တွေပဲတွေ့လို့ ကြောက်အား လန့်အား နောက်ကြောင်းပြန်လှည့်ရတာ ဆယ်ယောက်ထက်မနည်းတော့ ဘူး"

စိတ်ပျက်အားငယ်နေသော သူငယ်ချင်းနှစ်ယောက်ကို အားပေး နှစ်သိမ့်သော အကြည့်ဖြင့်ကြည့်လိုက်ပြီး

"အဲဒါ ဖူးစာရှင်မဟုတ်လို့ပေါ့ ဖူးစာရေးနတ်ကို တိုင်တည်လိုက် နင်တို့ရှေ့မှာ ပေါ်လာလိမ့်မယ်"

"တကယ်လား နင်ဘယ်လိုဆုတောင်းလဲ"

"ငါက ဆုမတောင်းဘူး၊ ဖူးစာရေးနတ်က သူ့အလိုလိုကို





ငါ့ကိုမျက်စိကျသွားတာ"

"အယ် မျက်နှာလိုက်ခံရတယ်ပေါ့"

နိုင်ဇာ ခပ်မဲ့မဲ့ပြောသည်။

"အဲလိုလည်း မဟုတ်ပါဘူးဟယ်၊ ကံကြမ္မာဆိုတာ ကြိုမြင်နိုင် တာမဟုတ်ဘူးလေ၊ သူ့အလိုလို ဖန်တီးလာတာပဲ ငါလည်း အမှန်အကန် ချစ်သူလေးရှာတွေ့လိမ့်မယ်လို့ အိပ်မက်တောင်မက်ဖူးပါဘူးဟယ်၊ ခုတော့ ကံကြမ္မာကို အရမ်းကိုကျေးဇူးတင်နေရတယ်"

ရင်ထဲရှိတဲ့ အတိုင်းပါပဲ။ ချစ်သူနှင့်ဆုံဆည်းပေးတဲ့ ကံကြမ္မာရဲ့ ရွေးချယ်ပေးမှုပါပဲ။ အဲဒီအတွက် ဘယ်တော့မှ နောင်တရမှာမဟုတ်ဘူး။

"နင်တို့ အပြင်မှာတွေ့ပြီးကြပြီလား"

ယမင်းအမေးကြောင့် ဝီရအောက်နှုတ်ခမ်းလေးကို ခပ်ဖွဖွဖိ ကိုက်ပြီး ရှက်ကျဲကျဲရယ်လိုက်သည်။ နိုင်ဇာနှင့်ယမင်း ဝီရကိုကြည့်ပြီး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ

"ဟယ် အလိုတော် ဒီလိုရှက်နေပုံထောက်ရင်တော့ ဝီရမေတို့ ခရီးတော့ဘူးထင်တယ်နော် နိုင်ဇာရေ"

"အေး ဟုတ်တယ် ငါ မသင်္ကာတော့ဘူး ဝီရမေ၊ မှန်မှန်ပြော စမ်း"

နိုင်ဇာနှင့်ယမင်း ဝီရနားသို့ တိုးကပ်လာကြသည်မို့ ဝီရလက်ထဲ မှ အရုပ်ခေါင်းအုံးလေးဖြင့် မျက်နှာကိုအရှက်ပြေကာရင်း

"မပြောဘူးဟာ သတ်ချင်သတ်ပစ်လိုက်"

"ဘုရား ဘုရား ဒါဆိုသေချာပြီ၊ ဒီမိန်းမ ဝီရစုတ် မရိုးတော့



www.burmeseclassic.com

www.burmeseclassic.com



ဘူး''

''ရှိပါတယ်နော် ကိုယ်လိုရာကိုယ် ဆွဲမတွေးကြပါနဲ့''

''ဒါဆို နင်တို့ ဘယ်မှာတွေ့ကြလဲ''

''ကော်ဖီဆိုင်မှာပေါ့''

''တကယ်နော်''

နိုင်ဇာ မယုံသလိုဖြင့် သေချာစေရန်ထပ်မေးသည်။

''ညာစရာလား''

''ဒါဆို ကော်ဖီဆိုင်မှာ နင့်ကို သူဘာလုပ်လဲ''

ယမင်းအမေးကြောင့် ဝီရမေ မျက်ဝန်းလေးဝိုင်းစက်သွားကာ နှုတ်ခမ်းကိုအနည်းငယ် စူထော်၍

''ဟဲ့ ကော်ဖီဆိုင်မှာ ကော်ဖီအတူသောက်တာပေါ့လို့ ဘာလုပ်ရမှာလဲ''

''ကော်ဖီသောက်ရုံပဲလား''

''အေးပေါ့''

ဝီရ ပေါ့ပေါ့ပါးပါးလေး ခေါင်းညိတ်ဖြေရှာသည်။

''လက်ရော မကိုင်ဘူးလား''

နိုင်ဇာကို ဝီရ ပြုံးကြည့်လိုက်ပြီး

''ဟာ နင်တို့ဘာတွေလာမေးနေတာလဲ၊ မိန်းကလေးတွေဖြစ်ပြီး သူများသမီးရည်းစားရဲ့အတွင်းရေးကို လိုက်စပ်စုနေတယ်''

''စပ်စုရမယ် နင်က ငါတို့ရဲ့သူငယ်ချင်းအရင်းကြီးလေ၊ နင့်ကို ဒီအတိုင်းလေးပဲ အလုကြည့်နေချင်တာ ငါတို့ရဲ့လောဘတစ်ခုပဲ''





''ဟုတ်တယ် နိုင်ဇာပြောသလိုပဲ သမီးရည်းစားဘဝမှာ ချစ်လို့ဆိုပြီး အလိုမလိုက်သင့်တာကို အလိုလိုက်နေမှာစိုးလို့ပါဟာ''

ဒီတစ်ခါတော့ ဝီရမေ သူငယ်ချင်းနှစ်ယောက်ကို ရန်မတွေ့ တော့ဘဲ ကျေးဇူးတင်သောအကြည့်ဖြင့် ကြည့်လိုက်ပြီး

''စိတ်ချကြစမ်းပါဟာ ငါကရော ဒါတွေကို မသိဘဲနေပါ့မလား သိတာပေါ့''

''အေးပါ အွန်လိုင်းအချစ်မို့ ငါတို့က သတိပေးတာနော်''

အွန်လိုင်းအချစ်ဆိုပေမယ့် ဝီရတို့ချစ်သူနှစ်ဦး၏ ရင်ထဲမှာ ညှိနေသော ချစ်ခြင်းတရားတွေဟာ အမှန်ပင် မှသားကင်းမဲ့ပါ၏။

အစိုးရိမ်လွန်နေသော သူငယ်ချင်းတွေကို ဘာမှပြောမနေ တော့။

ကိုယ့်ချစ်တာ ကိုယ်ပဲသိတာပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

ခိုင်ဇာတို့နှင့်ရုပ်ရှင်သွားကြည့်မယ်ဆိုပြီး အိမ်ကထွက်လာသော ဝီရမေ ရင်တွေခုန်နေတာတော့ အမှန်ပါပဲ။

"အစ်မ ဘာမှာမလဲ"

မီနူးကဒ်လာပေးသော စားပွဲထိုးလေးအနားရောက်လာမှ စိတ်… တွေကို ပြန်မတ်လိုက်ပြီး

"ကြော် ခုလောလောဆယ် ပန်းသီးဖျော်ရည်တစ်ခွက် အရင်… ချပေး စားစရာကိုတော့ ပြီးမှမှာမယ်ဇနော်"

"ဟုတ်ကဲ့ပါ"

စားပွဲထိုးလေး ပြန်ထွက်သွားသည်။ ထိုစဉ် ကော်ဖီဆိုင်ရှေ့… ချစ်သူလေး၏ကား ငြိမ့်ခနဲ ထိုးစိုက်လာသည်။ ကားအကောင်းစားလေး… ဆင်းလာသော ချစ်သူ၏စတိုင်က မြင်ရသူငေးမောရလောက်သည့်… ယောက်ျားပီသသောစတိုင်မျိုး။





ဝီရ စိတ်ထဲတွင် ခန့်ညားသောချစ်သူကိုကြည့်ပြီး အလိုလို …မြဲ့ကြည်နူးလာသည်။ သူ့နာမည် မင်းခန့်ကျော်စွာဆိုသည့်အတိုင်း …ညားမှုတွေက ဝီရ နှလုံးသားထဲမှာ ဘယ်လိုမှမေ့ဖျောက်လို့မရနိုင် …လောက်အောင် စွဲလမ်းလွှမ်းနေပြီ။

"ချစ် စောင့်နေတာ ကြာပြီလား"

"မကြာသေးပါဘူး ကိုခန့်ရဲ့၊ စောစောကပဲ ရောက်တာ"

မင်းခန့် ဝီရမေနှင့်မျက်နှာချင်းတွင် ဝင်ထိုင်လိုက်သည်။

"ဒီနေ့ ချစ်မွေးနေ့မို့ ချစ်ကို ဂုဏ်ပြုဝင်မြောက်မဲ့ လက်ဆောင် …ချင်တာနဲ့ ကိုယ့်အဒေါ်နဲ့ စိန်တိုက်ကို ဝင်နေတာကွာ"

စိန်တိုက်ဆို၍ ဝီရ မျက်နှာလေး လင်းခနဲ ဖြစ်သွားသည်။

"စိန်တိုက်ကို ဘာလို့ဝင်တာလဲ ဝီရ အတွက်မလိုပါဘူး"

"ချစ်ကို လက်ဖွဲ့ဆောင်ပေးမလို့ ဝင်ဝယ်တာလေ၊ မလိုလို့ရ …ားကွာ"

မင်းခန့်ကျော်စွာ ကုတ်အင်္ကျီအောက်အိတ်ထဲမှ အပြာရောင်ကတ္တီပါ …လေးကို ထုတ်လိုက်သည်။ ဝီရမေ ရင်တွေ တဖျတ်ဖျတ် ခုန်၍နေ …ည်။

ဝီရရဲ့လက်ချောင်းဖြူဖြူလေးမှာ ဒီစိန်လက်စွပ်လေးကိုသာ ဝတ် …လိုက်ရင် ကိုယ့်ချစ်သူက ဒီကမ္ဘာမှာ အလှဆုံးဖြစ်မယ်ထင်တယ်ကွ"

တဖျတ်ဖျတ်လက်နေသော စိန်လက်စွပ်ကိုကြည့်ပြီး လောဘ …မဟုတ်သော ကြည်နူးပီတိစိတ်လေးက ခန္ဓာကိုယ်တစ်ခုလုံးသို့ ခပ် …ငြိမ့်စီးဆင်းဝင်ရောက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းခန့်ကျော်စွာ ဝီရမေ၏နုထွေးသွယ်လျသော လက်အစုံ အမြတ်တနိုး ဆုပ်ကိုင်လိုက်ပြီး

"သိပ်ချစ်တာပဲ အချစ်ရယ်"

"တူတူပဲလေ ကိုရဲ့၊ ဝီရကတောင် ကို့အချစ်ထက်ပိုချစ်နေ လားလို့"

ဝီရအလှကို မြတ်နိုးစွာကြည့်ရင်း ခေါင်းကိုခပ်ဖြည်းဖြည်း သည်။

"မပိုလောက်ပါဘူး ပိုချင်းပို ကိုယ်ကသာပိုမှာပါကွာ၊ ည ဒယ်ဒီတို့ မာမီတို့နဲ့ မေးလ်ပို့တယ် ဒယ်ဒီက ချစ်ကိုလေ"

ပြောလက်စ စကားကိုဆက်မပြောဘဲ ရပ်သွားသဖြင့် ဝီရ ရင်ထိတ်၍သွားသည်။

"ကို့ဒယ်ဒီက ဘာပြောလဲ"

"ဘာပြောတယ်ထင်လဲ ဟင်း ပြောရမှာ အားတော့နာတယ် ကွာ"

ထိုစကားကြောင့် ဝီရ မျက်နှာလေး အနည်းငယ် ညှိုးသွား သည်။

"အားနာရင်လည်း မပြောပါနဲ့တော့ ကိုရယ်၊ အင်းပေါ့လေ ဝီရတို့က ကိုတို့လောက်မှ မချမ်းသာတာ တိုက်နဲ့နေနေတဲ့အထည် ပျက်တွေဆိုတော့ မင်းချစ်သူနဲ့ သဘောမတူနိုင်ဘူးလို့ ပြောလိုက်တယ် မဟုတ်လား"

စိတ်ပျက်တိုးတိတ်စွာ ပြောလိုက်သော ဝီရမေ စကားကြောင့်





ခန့်ကျော်စွာ ရယ်သည်။

"ဘာရယ်တာလဲ ကိုရဲ့"

"ချစ်စရာကောင်းတဲ့ပုံစံလေးက ကြေကွဲတတ်တာပဲလားကွာ၊ ယ်က ချစ်ကို ချစ်လွန်းလို့စတာပါကွာ၊ ဒယ်ဒီက သားချစ်သူလေးက တ်သရေရှိလိုက်တာ မြန်မာမိန်းကလေး ပီသပါပေတယ်တဲ့၊ ဒါကြောင့် မာပြည်ကို ပြန်လာပြီး ကြီးကျယ်ခမ်းနားတဲ့မင်္ဂလာပွဲကို စိတ်တိုင်းကျ ပေးမယ်တဲ့"

"ဟင် တကယ်လား ကို"

"တကယ်ပေါ့ ဒီတော့ ချစ်က ဘယ်ဟိုတယ်မှာ မင်္ဂလာပွဲလုပ် င်လဲ"

"ဟင့်အင်း ဝီရ အဲဒါတွေမသိဘူး အဓိကက ကိုနဲ့ဝီရ အတူ နေရဖို့ပဲ"

"ဟုတ်ပါပြီ ကဲ ဒီနေ့ ချစ်လေးမွေးနေ့မို့ ကိုက ဒီလက်စွပ် လေးကို ကိုယ်တိုင်စွပ်ပေးမယ်နော်"

မင်းခန့်ကျော်စွာ ဝီရလက်ချောင်းလေးမှာ စိန်လက်စွပ်ကလေး စွပ်ပေးလိုက်သည်။

"လှလိုက်တာ အချစ်ရယ် ကိုယ်တော့ အချစ်ကို တစ်နေကုန် ာ ထိုင်ကြည့်ချင်လိုက်တော့တယ်"

ဝီရလက်ကလေးကို ခပ်ဖွဖွနမ်းပြီး ပြောလာသော မင်းခန့်၏ ားကြောင့် ဝီရ ချစ်စဖွယ်ပြုံးလိုက်ပြီး

"ဒါဆိုလည်း ခုထိုင်ကြည့်လေ တစ်နေကုန် ကို့ရှေ့မှာ ဝီရ



www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေပေးမယ်”

ဝီရ၏ချစ်စဖွယ်ဟန်ဖြင့် ပြောသောကြောင့် မင်းခန့် ပြုံး... အသည်းယားသွားသည်။

“ဝီရကို အိမ်မှာထမင်းဖိတ်ကျွေးမလို့ ဝီရလိုက်မယ်မဟုတ်... လား”

“ကို့အိမ်မှာ ဘယ်သူတွေရှိလဲ ဝီရ လိုက်လာရင် ဝီရကို အထ... သေးမှာပေါ့”

မိန်းကလေးမို့ အနေအထိုင် ဆင်ခြင်ရမှန်းတော့ ဝီရ သိ... သည်။

“ကိုယ့်အိမ်မှာ ဘယ်သူမှမရှိဘူး။ အထိန်းတော်ကြီး ဖွားမှုံ... အိမ်ဖော် မနော်ပဲရှိတယ်၊ ကိုယ့်ဝေယျာဝစ္စကိုလုပ်ဖို့လေ”

“ဪ”

“မဪနဲ့ ခုပဲလိုက်ခဲ့ကွာ နော် ချစ်ကိုခေါ်လာမှာမို့ သူတို့... နေ့လယ်စာပြင်ခိုင်းထားတယ်”

ဝီရ၏မေးစေ့ကို ကြင်နာစွာဆုပ်ကိုင်မေးလိုက်သော မင်းခန့်... အကြင်နာအကြည့်တွေအောက်မှာ ဝီရ ငြင်းဆန်ဖို့ အင်အားမရှိတော... သေချာသည်။

“အင်းလေ ဒါဆိုလည်း လိုက်ရမှာပေါ့”

ချစ်သူ၏ဆန္ဒကို လိုက်လျောလိုက်ခြင်းဟာ ချစ်သူကို ဘယ်... လောက်ချစ်သလဲဆိုတာ သက်သေပြခြင်းတစ်မျိုးပါ။ ဂီတသံ ငြိမ့်ညောင်း... စွာ စီးမျောနေသော ကော်ဖီဆိုင်လေးအတွင်းမှာ ဝီရ ရင်တွေတဖျတ်ဖျတ်...





ခုန်နေသည်။

ချစ်သူ၏အိမ်ကို လိုက်သွားကြည့်ဖို့ ပထမအကြိမ် အရဲစွန့် ...လိုက်ခြင်းသာ ဖြစ်သည်မို့ ဝီရရင်ထဲမှာ စိတ်တွေလှုပ်ရှားနေတာတော့ ...မှန်ပါပဲ။

“ကို့အိမ်ကို လိုက်လည်လို့ ဝီရကို အထင်မသေးဘူးနော်”

“ဟာကွာ အဲဒါကြီးက ဘာစကားလဲ၊ ကိုယ်က ဝီရကို ဘာ ...ကြောင့် အထင်သေးရမှာလဲကွာ၊ ချစ်သူအိမ်ကို ထမင်းစားအဖိတ်ခံရ ...လို့လာတာလေ၊ အထင်သေးစရာလား”

“အင်းပါ ကို အထင်မသေးရင် ပြီးတာပါပဲ၊ ကို့အမြင်မှာ ...ဝီရ လုပ်ရပ်တွေဟာ တစ်ခါတလေ အပေါစားဆန်သလိုဖြစ်သွားရင် ...ကိုယ့်ချစ်သူဆန္ဒကို လိုက်လျောချင်လို့ အပေါစားဆန်သွားတယ်လို့ ...သဘောထားပေးပါနော်”

ရိုးသားစွာ ပွင့်လင်းတတ်သော ဝီရ နဖူးကို မင်းခန့်ကျော်စွာ ...မမြင်ခင် ခပ်ဖွဖွနမ်းရှိုက်လိုက်သည်။

“ချစ်လိုက်တာ ဝီရရယ်”

လူတွေမမြင်မှန်းသိပေမယ့် ဝီရ ရှက်မိပါသည်။ သို့သော်လည်း ...အနမ်းတွေထဲက ရုန်းထွက်ချင်စိတ်မရှိ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"ဖွားမှုံ"

အိမ်ကြီးထဲဝင်လိုက်သည်နှင့် ခမ်းနားထည်ဝါမှုတွေက အံ့မခ
လောက်အောင်ကို ကြီးကျယ်လှသည်။ ဝီရ အဖိုးတန်ပရိဘောဂတွေနှ
စီခြယ်ထားသော ညေ့်ခန်းတခွင်ကို မသိမသာအကဲခတ်ဝေ့ကြည့်ပြ
ရင်ထဲမှာ ပီတိဖြစ်မိတာတော့ အမှန်ပင်။

"ထိုင်လေ အချစ် ဖွားမှုံတို့ ချစ်ကိုကျွေးဖို့မွေးဖို့အတွက် ထမ
စားခန်းထဲမှာ အလုပ်ရှုပ်နေကြတယ်ထင်တယ် ချစ် ခဏထိုင်ဦးနော
ကိုယ် သွားကြည့်လိုက်ဦးမယ်"

ဝီရပါးလေးကို ချစ်စနိုးခပ်ဖွဖွ ဆွဲကိုင်ပြီး ညေ့်ခန်းထဲမှထွက
သွားပြီး အခန်းအဝတစ်ခုရှေ့ရောက်မှ ဝီရကိုလှည့်ကြည့်ကာ

"ဩော် ချစ် ခုလောလောဆယ် ချစ် ဘာသောက်မလဲ၊ အသ
ဖျော်ရည်သောက်မလား ကိုလာတစ်ခုခုသောက်မလား"

"ကို အဆင်ပြေတာပဲ ယူခဲ့ပါ"





"အိုကေ ချစ်"

မင်းခန့်ကျော်စွာ အတွင်းခန်းထဲဝင်သွားသည်။ ဝီရမေ ညေ့်ခန်း
...တွင် ထိုင်ကျန်ခဲ့ရင် ပူပူနွေးနွေး ချစ်သက်လက်ဆောင်ရထားသော
...လက်စွပ်ကို ကိုင်ကြည့်ပြီး ပြုံးရိပ်တို့ အလိုလိုသန်းလာသည်။ နှုတ်မှ
...ည်း ခပ်တိုးတိုးရေရွတ်ကာ

"မေမေရေ သမီးချစ်သူက သမီးကိုသိပ်ချစ်တာ မေမေ
...လား၊ ဒါကြောင့် သမီးနဲ့ကိုရဲ့ အချစ်ကို သဘောတူလက်ခံပေးပါနော်
...မေ"

"ချစ် ဘာတွေကြိတ်ပြုံးနေတာလဲ"

အချိုရည်ဘူးယူပြီး အနားရောက်လာသော မင်းခန့်ကို မလုံ
...ပဲပြုံးကာ ကြည့်လိုက်ပြီး

"ဘာမှမပြုံးပါဘူး"

အရှက်ပြေ ငြင်းလိုက်သည်။

"ဟာ မညာနဲ့ကွာ ကိုယ့်ကိုမှန်မှန်ပြော၊ ဘာတွေတွေးပြီး
...ပြုံး နေတာလဲ"

မင်းခန့်၏လက်တစ်ဖက်က ဝီရ ခါးလေးကို သိမ်းဖက်လိုက်သည့်
...အတွက် ဝီရ ကိုယ်လေးတွန့်ခနဲ ဖြစ်သွားသည်။

"အို ကို တခြားသူ မြင်သွားမယ်လေ လွှတ်ပါ"

မင်းခန့်လက်ကို အတင်းဆွဲဖယ်သည်။

"ဟာကွာ ခါးလေးဖက်တာပဲကွာ၊ ဘာလို့ ကပ်စေးနည်းရတာ
...လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ရှက်တာကိုးလို့"

"မရှက်နဲ့"

မင်းခန့်ကျော်စွာ ဝိရ ကိုယ်လေးကို ပိုတိုးပြီး ဖက်လိုက်သည်

"သမီးနဲ့သား အားလုံးအဆင့်သင့်ဖြစ်ပြီမို့ သုံးဆောင်လို့ရ ပြီ"

ဖွားမှုံ အနားရောက်လာပြီး ထမင်းစားရန်ခေါ်သဖြင့် မင်းခန့် အနမ်းတွေ တစ်ဝက်တစ်ပျက် ဖြစ်သွားသည်။

ဝိရ ရှက်သွားသဖြင့် မင်းခန့် ရင်ခွင်ထဲမှ အရှက်ပြေရုန်းထွက် လိုက်ပြီး ဖွားမှုံကို ခပ်ဖျော့ဖျော့ ပြုံးပြလိုက်သည်။

"သမီးလေးက ချစ်စရာလေးပဲကွယ်၊ စောစောက ထမင်းစား ခန်းထဲမှာ အလုပ်ရှုပ်နေတာနဲ့ ထွက်မနှုတ်ဆက်ဖြစ်ဘူး၊ စိတ်မရှိပါနဲ့ နော် သမီး"

သိမ်ငယ်ရိုကျိုးစွာ တောင်းပန်နေသော ဖွားမှုံကို ပျာပျာသလဲ ခေါင်းခါပြပြီး

"ရပါတယ် ဖွားမှုံရယ် ကိစ္စမရှိပါဘူး၊ ဝိရကသာ ဖွားမှုံကို ဘာမှကူမပေးနိုင်ခဲ့ဘူး"

"မကူရပါဘူး သမီးလေးရယ်၊ ကဲ ထကြတော့ ဟင်းတွေ တုန်းစားကြကွယ်"

"ဟုတ်ကဲ့ရှင့်"

မင်းခန့်နှင့်ဝိရ ဆိုဖာမှ ထလိုက်ကြပြီး ထမင်းစားခန်းထဲသို့ ဖွားမှုံနောက်မှ လိုက်ဝင်ခဲ့လိုက်သည်။





ထမင်းစားခန်းထဲဝင်လိုက်သည်နှင့် ဟင်းရန့်ပေါင်းစုံက ဆီးကြို ညှိခံ၍နေကြသည်။ ဖွားမှုံနှင့်အတူ ဝိရနှင့်ရွယ်တူ မိန်းကလေးက ဝိရကို အကဲခတ်သလိုအကြည့်ဖြင့် ဖျတ်ခနဲ လှမ်းကြည့်ပြီး ထမင်းပန်းကန်ထဲ ထမင်းဆက်ထည့်၍နေသည်။

"မနော် ထမင်းတွေအများကြီး ကြိုထည့်မထားနဲ့ လိုမှထပ် ထည့်မယ်၊ ချစ်က ပန်းကန်ထဲထမင်းများရင် မစားတတ်ဘူး"

ဝိရ အကြိုက်ကို အသေးစိတ်ကအစ မှတ်သားထားသော ချစ်သူကို စိတ်ထဲက ပို၍နှစ်သက်သွားမိသည်။ ထမင်းစားပွဲမှာထိုင်တော့ ညီး ဝိရအား ကလေးငယ်တစ်ယောက်လို အသေးစိတ်ဂရုစိုက်လွန်း၍ ဖွားမှုနှင့်မနော်ရှေ့တွင် ဝိရ မနေတတ်လောက်အောင် ဖြစ်ရသည်။

"ဟင်းတွေအရမ်းများနေပြီ ကိုရယ်"

ပန်းကန်ထဲတွင် ထမင်းမမြင်ရဘဲ ဟင်းတွေနှင့်ပြည့်နေသဖြင့် ဝိရ ခပ်တိုးတိုး ပြောလိုက်သည်။

"ချစ်တော့ သဒ္ဒါတွေပိုသွားတာပေါ့"

"ခလွမ်"

ထိုစဉ် မနော် လက်ထဲမှ ရေတကောင်းဘူး ပြုတ်ကျသွားသော အသံက ချစ်သူနှစ်ဦး၏ကြည်နူးမှုတွေကို အရှိန်ပျက်သွားစေသည်။

■ ■ ■

"သမီး ဘာတွေကျကွဲကုန်ပြီလဲ"



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲဝင်လာသော မေမေ့အမေးကြောင့် လက်ထဲမှ ပြုတ်ကျသွားသော ရေဖန်ခွက်ကွဲစတွေကို အတူတူကောက်ကြရင်း ဝီရ လက်မှ ဝတ်ထားသော စိန်လက်စွပ်ကို တွေ့သွားသည်။

"သမီး အဲဒီလက်စွပ်က ဘယ်ကလဲ သမီးဆီမှာ ဒီလိုလက်စွပ်မျိုး မရှိပါဘူး"

မေမေ မေးလာမှတော့ ဝီရ ဘာကိုမှ ထိန်ချန်မထားချင်တော့သဖြင့်

"ဟုတ်တယ် မေမေ၊ ဒီလက်စွပ်က သမီးချစ်သူက သမီးကို မွေးနေ့လက်ဆောင်ပေးထားတာပါ"

"ဟင် ချစ်သူ ဟုတ်လား"

တအံ့တသြပြန်မေးလာသော မေမေ့အမေးကြောင့် ဝီရ မဝံ့မရဲဟန်ဖြင့် ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ် မေမေ၊ ဝီရမှာ ချစ်သူရှိနေပြီ"

"ဘုရားရေ ကလေးလို့ပဲထင်ထားသေးတာကို ခုတော့ ငါ့သမီးလေးက ချစ်သူထားတဲ့အရွယ်တောင် ရောက်နေပါရောလား၊ ပြောစမ်း ကောင်လေးက ဘယ်ကလဲ ဘယ်သူ့သားသမီးလဲ၊ သမီးနဲ့ဘယ်မှာတွေ့ကြတာလဲ"

မေးခွန်းပေါင်းများစွာနှင့် မေမေ့မျက်နှာပေါ်မှာ သမီးအတွက် ပူပန်သွားသော ရိပ်တာတချို့ကို ဝီရ တွေ့လိုက်ရသည်။

"စိတ်မပူပါနဲ့ မေမေ သူက မိကောင်းဖခင်သားသမီးပါ၊ သူ့မိဘတွေက ယူအက်စ်မှာ ကုမ္ပဏီထောင်ထားတယ်၊ သူက ဒီမှာ အထ





ဆော်နဲ့နေတယ်၊ ကျောင်းပြီးရင် သူ့မိဘတွေရဲ့စီးပွားရေးကိုလုပ်ဖို့ လေ့လာနေတယ်"

"လက်တွဲဖော်ဆိုတာ ငွေကြေးဥစ္စာမနေ ပြီးပြည့်စုံရုံနဲ့မပြီးသေးဘူး သမီး၊ သူ့ရဲ့စိတ်နေစိတ်ထား အကျင့်စရိုက်နဲ့ ကိုယ့်အပေါ်ဘယ်လောက်အတိုင်းအတာအထိ အနစ်နာခံချစ်မြတ်နိုးသလဲဆိုတာကိုပါ သိအောင် လုပ်ရမယ်"

လက်ခံဆွေးနွေးပေးသည်ဆိုခြင်းအားဖြင့် မေမေဟာ ဝီရချစ်သူအားခြင်းအပေါ် ကြိတ်ပြီး ဝမ်းသာသွားသည်။

"ဒါဆို မေမေက အဲဒီအချက်တွေကိုပါ ပြီးပြည့်စုံနေပြီဆိုရင် သူနဲ့သဘောတူမယ်ပေါ့နော် မေမေ ဟုတ်လားဟင် ဝီရကို ပြောပါဦး"

ဝီရ စိတ်စောစွာဖြင့် မေးလိုက်သည်။ ဝီရကို မေမေ အကဲခတ်ကြည့်ပြီး

"သူနဲ့သမီး ဘယ်အဆင့်ထိရောက်နေကြပြီလဲ"

မိခင်ဖြစ်သူက တည်ငြိမ်စွာမေးသည်။

"ချစ်သူအဆင့်ပါ မေမေ၊ သမီးတို့ နယ်မကျွံကြသေးပါဘူး"

မလိမ်ညာတတ်သော ဝီရစကားကို မေမေယုံပါသည်။ ဝီရကို ကျေနပ်စွာကြည့် ပြုံးပြီး

"သမီးအရွယ်က ချစ်သူထားရမယ့်အရွယ်ရောက်နေပြီဆိုတာ မေမေသိပါတယ်၊ ဒါကြောင့်လည်း သမီးရင်ဘတ်နဲ့ရွေးထားတဲ့ချစ်သူကို မေမေက မချစ်နဲ့လို့ မကန့်ကွက်ပါဘူး၊ သမီးကို မေမေ ပညာတွေသင်ပေးထားတာ စဉ်းစားတွေးတောတတ်ပြီး အမှားအမှန်ကို ခွဲခြားတတ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



ပဲ''

''ဟုတ်ကဲ့ပါ မေမေ ဝီရနားလည်ပါတယ်၊ မေမေက ခွင့်ပြုတယ်ဆိုရင် ဝီရ သူ့ကိုခေါ်လာမယ်လေ၊ မေမေ အကဲခတ်ပေးပေါ့''

''အိုကေ ကောင်းပြီ သမီး၊ ခေါ်လာခဲ့ပါ''

■ ■ ■



## အခန်း (၁၈)

''ကိုယ်က ဝီရ မေမေနဲ့ လိုက်တွေ့ရမယ် ဟုတ်လား''

''အင်းလေ ဘာဖြစ်လို့လဲ မတွေ့ချင်ဘူးလား၊ ဒီအတိုင်းသိသန့်လိုက်တွေ့ရတာထက် ထမင်းစားဖိတ်လို့ လာရတာပဲလေ၊ ကိုနော်ဒီရာကတော့ ကို့အိမ်ကိုလိုက်လည်ပေးရပြီးတော့ ဝီရအိမ်ကို လိုက်ဖို့ကျတော့ အင်တင်တင် ဖြစ်နေပြီမဟုတ်လား''

နှုတ်ခမ်းစူကာ မကျေမနပ်ပြောတော့ မင်းခန့် ဝီရကိုယ်လုံးလေးကို တင်းကျပ်စွာဖက်လိုက်ပြီး ဝီရ နှုတ်ခမ်းအစုံကို နမ်းသည်။

''အို ဖယ်ပါ မနမ်းနဲ့''

''ဟာ နမ်းမှာပဲကွာ ကိုယ့်ချစ်သူပဲဟာ ဝီရအိမ်ကို ကိုယ်ကလိုက်ဘူးလို့ ဘယ်နှခါငြင်းဖူးလို့လဲ၊ ပြော ဖြစ်နိုင်ရင် ယောက္ခမကြီးနဲ့ချက်ချင်းကို ပြေးတွေ့လိုက်ချင်တာ''

ဒီတော့မှ ဝီရ ပြုံးလာကာ



www.burmeseclassic.com

www.burmeseclassic.com



"တကယ်နော် စိတ်ထဲက မပါဘဲပြောနေတာတော့ မဟုတ်ပါ ဘူးနော်"

"ဝီရက ကိုယ့်ဘဝမှာ အမြတ်နိုးဆုံးတန်ဖိုးထားချစ်ရသူပါ စိတ်ထဲကမပါဘဲနဲ့ ဒီလိုကိစ္စတွေကို ပြောပါ့မလား၊ အခု ကိုယ်စဉ်းစားနေ တာက သပ်သပ်ကွ"

မင်းခန့်ကျော်စွာ သူ့မေးစေ့လုံးလုံးလေးကို ခပ်ဖွဖွပွတ်သပ် စဉ်းစားနေပုံဖြင့် ပြောလာသည်မို့ ဝီရ ပို၍စိတ်ဝင်စားသွားကာ

"ဘာတွေစဉ်းစားနေတာလဲ ကို"

"ယောက္ခမကြီးနဲ့တွေ့တဲ့နေ့ကျရင် ယောက္ခမကြီးသဘောကျ စေမယ့် လက်ဆောင်မျိုး ယူလာဖို့အတွက် စဉ်းစားနေတာ"

ဒီတော့မှ ဝီရ စိတ်အေးဟန်ဖြင့်

"မလိုပါဘူး ကိုရယ်၊ မေမေက ဘာလက်ဆောင်မှမပါလည်း ကိုကို ဝီရရဲ့ချစ်သူအဖြစ် လက်ခံပြီးသားပါ၊ အခု မေမေ ကိုကိုခေါ်တွေ့ တာက ကိုရဲ့ပိုင်ဆိုင်မှုငွေကြေးခနကို အကဲခတ်မေးမြန်းဖို့ မဟုတ်ဘူး ကိုမျက်နှာပေါ်မှာနဲ့ ဟောဒီရင်ဘတ်ထဲမှာ ဝီရကို ဘယ်လောက်ချစ်နေ သလဲဆိုတာ ထွင်းဖောက်ကြည့်မြင်ဖို့အတွက် ခေါ်လိုက်တာ"

"ထွင်းဖောက်ကြည့်မလို့ဟုတ်လား အမေက ထွင်းဖောက်မြင် နိုင်တဲ့ စွမ်းအားရှင်လား"

ဝီရ ပါးပြင်ကို ချစ်စနိုးဆွဲရင်း ရွှတ်နောက်နောက်ပြောလာ သဖြင့် ဝီရ မျက်စောင်းခပ်လက်လက်ထိုးလိုက်သည်။

"ကိုနော် ဒီကအတည်ပြောတာ မနောက်ပါနဲ့လို့"





နှုတ်ခမ်းစူစပြုနေသော ဝီရ ပါးပြင်ကို ဖိကပ်နမ်းပြီး

"ကိုက ချစ်လွန်းလို့ စတာပါကွာ၊ စိတ်မဆိုးနဲ့နော် ချစ်"

"ဆိုးပါဘူး"

"ဒါဆို နှုတ်ခမ်းကြီးစူမထားနဲ့လေကွာ၊ ချစ်နှုတ်ခမ်းစူထားရင် ကိုယ် မနေတတ်ဘူး၊ ကိုယ်လည်း လိုက်စူမှာပဲ"

မင်းခန့်ပါ နှုတ်ခမ်းကိုရှေ့သို့ တမင်စူထားပုံလုပ်ပြသဖြင့် ဝီရ နေယ်ဘဲ မနေနိုင်တော့။ ဝီရ တခစ်ခစ်ဖြင့် ရယ်မောလိုက်သည်။

ထိုစဉ် မင်းခန့် ဖုန်းမြည်လာသည်။

"ခဏနော် ချစ် ကိုယ် ဖုန်းပြောလိုက်ဦးမယ်"

သီချင်းသံမြည်နေသော ဖုန်းကို ဖွင့်ထူးလိုက်ပြီး ဝီရ အနားမှ ထသွားသည်။ ဆယ့်ငါးမိနစ်ခန့်ကြာအောင် ဖုန်းပြောပြီးမှ မင်းခန့် ဝီရ အနားသို့ ပြန်လျှောက်လာသည်။

"ဘယ်သူ့ဖုန်းလဲ ကို"

"ဘော်ဒါတစ်ယောက်ပါကွာ ကိုယ့်ကားကို သူ ခဏယူသုံးချင် လို့တဲ့လေ၊ ဒါကြောင့် ဖုန်းပြောတာကြာနေတာ"

"ဩော် ကိုက ငှားမလို့လား"

"ငှားရမှာပေါ့ ကိုယ့်သူငယ်ချင်းတွေပဲ"

"ဒါဆို ကိုက ဘာကားစီးမလဲ"

"ကိုယ့်မှာ တခြားကားတွေအများကြီး ရှိပါသေးတယ်၊ ကဲပါ နောက်ဖြန် ကိုယ် ဝီရအိမ်ကိုလာခဲ့မယ်၊ ယောက္ခမကြီးကို ပြောထား လိုက်လေ"



www.burmeseclassic.com

www.burmeseclassic.com



"အင်းပါ ကိုသာ မေမေနဲ့ အဆင်ပြေအောင် ပြောဆိုပါနော်၊ မေမေက ကိုကို အကဲခတ်မှာမို့"

"ဟုတ်ပါပြီ မနက်ဖြန်ကျရင် ယောက္ခမကြီးက သူ့ရွေသားမက်ကို သဘောကျပြီး သားရယ် မင်းကို မေမေက ခုချက်ချင်းပဲ ရွေသားမက်တော်လိုက်ပါပြီကွယ်၊ ဒါကြောင့် ခုကစပြီး မင်းဘယ်ကိုမှမသွားပါနဲ့တော့ ဒီနေ့ပဲ ချက်ချင်းလက်ထပ်ပွဲကို လုပ်လိုက်ပါတော့လို့ ပြောလာရင် ဘယ်လိုလုပ်မလဲ၊ ကိုယ်က ချက်ချင်းကို ထကပြီး မင်္ဂလာပွဲကို နေ့ချင်းပဲ ထစီစဉ်လိုက်မှာ"

ဝီရ တသိမ့်သိမ့် ရယ်မောကာ

"ဆုတောင်းလေ ဆုတောင်း ဝီရ မေမေက တော်ရုံပေါ်ချာချာလူကို သားမက်တော်ဖို့ စဉ်းစားဦးမှာ"

ချစ်သူကို ရှက်မျက်စောင်းထိုးပြီး စကားနိုင်လုလိုက်သည်။

ထိုအချိန်ထိ ဝီရ၏အပျော်တွေဟာ ဘဝခိုက်မတတ်ပါပဲ။

ဘဝမှာ တစ်ခါမှ မချစ်ခဲ့ဖူးဘူးလေ။

■ ■ ■

ချစ်သူကို သေချာအကဲခတ်နေသော မိခင်ကိုကြည့်ပြီး ဝီရ ရင်တွေ တဒိတ်ဒိတ်နှင့်အခုန်မြန်နေသည်။ မေမေက တော်ရုံယောကျ်ားလောက်ကို သမီးနှင့်တန်သူဟု ထင်တာ မဟုတ်။

"မောင်မင်းခန့်ကျော်မိဘတွေက သားကို ဒီမှာတစ်ယောက်ထဲထားပြီး ဟိုမှာ စီးပွားသွားရှာနေတာဆိုတော့ ဒီမှာ မင်းကို ထိန်းကျောင်းဖို့ အုပ်ထိန်းသူဘယ်သူကျန်ခဲ့လဲ"





"ဟုတ်ကဲ့ခင်ဗျ ဒယ်ဒီတို့ မာမီတို့က ကျွန်တော့်ကို ယုံကြည်ပါတယ်၊ ဒါကြောင့် အုပ်ထိန်းသူမလိုပါဘူး၊ ဝေယျာဝစ္စလုပ်ပေးဖို့အားမှုတော့ရှိပါတယ်"

"ဩော် ဟုတ်လား တစ်မျိုးတော့မထင်လိုက်ပါနဲ့ကွယ်၊ လူငယ်ဆိုတာ အုပ်ထိန်းသူမရှိရင် စိတ်ကို အလိုလိုက်ကြတာများတယ်လေ၊ အန်တီ့သမီးကိုတောင် အန်တီက ခုအရွယ်ထိ မျက်လုံးဒေါက်ထောက်ကြည့်နေရတာ ဒါကြောင့်လည်း သမီးဘဝမှာ အမှားဆိုတာ မရှိခဲ့ဖူးဘူး"

သမီးဖြစ်သူဟာ သန့်ရှင်းဖြူစင်တဲ့ မိန်းကလေးတစ်ယောက်အကြောင်း သွယ်ဝိုက်ပြီးပြောနေမှန်း ဝီရ သိသည်။

"မင်းအရင်က ချစ်သူရော ထားခဲ့ဖူးလား"

"ဗျာ"

မေမေ့အမေးကြောင့် မင်းခန့် မျက်နှာပေါ်မှာ အရိပ်တစ်မျိုးထသွားသည်ကို ဝီရ သတိထားမိလိုက်ပေမယ့် ခပ်ပေါ့ပေါ့လေးပဲ တွေးလိုက်ပါသည်။ မေမေက သူ့ဂုဏ်သိက္ခာကို သံသယဝင်နေလို့ စိတ်မကောင်းဖြစ်သွားတာပဲဟု ခပ်ရိုးရိုးပဲတွေးလိုက်သည်။

"ဩော် မင်းမှာ သမီးအပြင် ဒါမှမဟုတ် အရင်က ချစ်သူရှိလားလို့ မေးတာပါ"

မင်းခန့် ဘယ်လိုဖြေမလဲဆိုပြီး ဝီရ ရင်တွေတဒိတ်ဒိတ် ခုန်နေသည်။

"ကျွန်တော် မညာတတ်ပါဘူး အန်တီ"

မင်းခန့်အဖြေကြောင့် ဝီရ မျက်ခုံးလေးနှစ်ဖက် မသိမသာ



www.burmeseclassic.com

www.burmeseclassic.com



မြင့်တက်သွားသည်။ မေမေ့ကို ဖျတ်ခနဲ တစ်ချက်လှမ်းကြည့်လိုက်သ
မေမေက သားမက်လောင်း ဘာများဖြေမလဲဆိုသည့် သိချင်စိတ်
မင်းခန့်ကို အကဲခတ်ကြည့်နေသည်။

"တကယ်တော့ ကျွန်တော် ပထမနှစ်ကျောင်းသားဘဝတုန်
မမတစ်ယောက်နဲ့ ချစ်သူဖြစ်ခဲ့ဖူးပါတယ်၊ ဒါပေမဲ့ အဲဒီမမက သူ့
တွေပေးစားတဲ့လူနဲ့ လက်ထပ်သွားလို့ ကျွန်တော် ကျန်ရစ်ဘဝနဲ့ စိ
စားမှုတွေ တော်တော်ရခဲ့ပါတယ်၊ အဲဒီအချိန်ကတည်းက ကျွန်
ဘယ်မိန်းကလေးကိုမှ စိတ်ဝင်စားခဲ့ခြင်း မရှိတော့ပါဘူး၊ အခု ဝိ
တွေ့မှ ကျွန်တော့်စိတ်တွေ ဝိရကို မြတ်မြတ်နိုးနိုးချစ်ခဲ့မိတာပါ၊ ဒါကြေ
အန်တီ့အနေနဲ့ ကျွန်တော် ဝိရကို တန်ဖိုးထားချစ်မြတ်နိုးတယ်ဆိုတာ
ယုံကြည်ပေးပါလို့ တောင်းဆိုပါတယ်ခင်ဗျ၊ ဒါဟာ ကျွန်တော့်ရင်ထဲ
လာတဲ့ဆန္ဒပါ"

မင်းခန့် စကားကြောင့် မေမေ့မျက်နှာပေါ်မှာ ကျေနပ်ရိုး
လှစ်ခနဲ ပေါ်သွားသည်။ ဝိရလည်း ခုမှပင် ရင့်ထဲကအလုံးကြီးကျသ
သလို ရင်ထဲမှာ ပေါ့ပါး၍သွားသည်။

"အေးလေ မလိမ်မညာဘဲ အမှန်အတိုင်းပြောတာကို အန်
လည်း သဘောကျပါတယ်၊ ဘာပဲဖြစ်ဖြစ် အန်တီ့သမီးလေးက အ
ရိုးပါတယ်၊ ဒါကြောင့် မင်းကလည်း တကယ့်သစ္စာရှိရှိနဲ့လက်တွဲပါ
အန်တီမှာချင်တယ်၊ လက်ထပ်တာကိုတော့ လူကြီးချင်းတွေ့ပြီးမှ အ
ယူစဉ်းစားကြတာပေါ့"

"ဟုတ်ကဲ့ပါ ခင်ဗျာ ဒယ်ဒီနဲ့မာမီလည်း ရှေ့လထဲ မြန်မာ





ာမယ်လို့ ပြောပါတယ်၊ သူတို့ ဝိရကို တော်တော်လေး သဘောကျ
ကြပါတယ်ခင်ဗျ၊ နောက်ပြီး ဝိရအပေါ် သစ္စာအမြဲရှိပါ့မယ်လို့ ကတိ
ပါတယ်"

အပြောကောင်းသော မင်းခန့်ကို မေမေ လုံးဝ မငြင်းနိုင်တော့။

ဝိရချစ်သူနှင့် အကြည့်ချင်းဖျတ်ခနဲ ဆုံမိကာ အလှပဆုံးအပြုံး
ခုကို ပြုံးပြလိုက်သည်။

"ကဲ သမီးရေ ထမင်းစားခန်းမှာ စားဖို့သောက်ဖို့ မေမေ
ဆင်လိုက်ဦးမယ်၊ သမီးတို့စကားပြောနှင့်ကြဦးနော်"

"ဟုတ်ကဲ့ မေမေ"

"အန်တီ နေပါခင်ဗျ၊ အန်တီသာခွင့်ပြုရင် ဝိရနဲ့ကျွန်တော်
ယောက်အတူတူ ထမင်းပိုင်းပြင်ဆင်ခွင့်ပြုပါလား ခွင့်တောင်းတာပါ"

မင်းခန့်၏တောင်းဆိုမှုကို မေမေ သဘောကျသွားပုံရသည်
မိန့်မိန့်ပြုံးကာ ခေါင်းတဆတ်ဆတ်ညိတ်ပြီး ဆိုဖာခုံမှာ ပြန်ထိုင်လိုက်
ည်။

"ကဲ သမီး ကြားတယ်နော်၊ မောင်မင်းခန့်က မေမေ့အပေါ်
ိုး အလိုက်သိနေပြီ၊ သမီးအလိုက်သိဖို့ပဲ လိုတော့တယ်"

မေမေ့စကားကြောင့် ဝိရ အပြစ်ရှိသူလို မလုံမလဲ ပြုံးလိုက်ပြီး

"အင်းပါ မေမေရယ်၊ ဝိရ ဒီနေ့ကစပြီး မေမေ့အပေါ် သိတတ်
တော့မယ်"

ဝိရစကားကြောင့် မင်းခန့် လက်က ဝိရခေါင်းကို ချစ်စနိုးလေး
်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ထမင်းစားခန်းထဲ ဝင်ကြရအောင်နော်"

နှစ်ယောက်သား ထမင်းစားခန်းထဲ ဝင်လာကြသည်။ ဝီရှ မင်းခန့်၏လိုက်ဖက်မှုကို မေမေ နောက်ကျောက ငေးမောနေမည်ဆိုတာ ဝီရ သိတာပေါ့။

■ ■ ■



## အခန်း (၁၉)

"ဟင် ဒါ ကိုကားပဲ၊ ဘာဖြစ်လို့ တည်းခိုခန်းရှေ့မှာ ရပ်ထား တာလဲ"

ကားမောင်းနေရင်းမှ ကားကို ထိုးရပ်လိုက်သဖြင့် ယမင်း ရှေ့သို့ ယိမ်းထိုးသွားပြီး

"ဟယ် ဒါက ဘယ်လိုဖြစ်ရတာတုန်း၊ ဖြည်းဖြည်းလေးလည်း ပါဟာ၊ ငါ့ရဲ့တွေ ကျွတ်ထွက်ကုန်တော့မှာပဲ"

"ဟိုမှာ ကိုကား"

ဝီရမေ ညွှန်ပြရာသို့ ယမင်းလှမ်းကြည့်လိုက်သည်။

"နေပါဦး ရှင့်ချစ်သူကားက ဘာကြောင့်တည်းခိုခန်းရှေ့ရောက် ရတာလဲ၊ မဟုတ်မှလွဲရော နင့်ချစ်သူ တခြားကောင်မလေးနဲ့ စမောလ် ဆွဲတာများလား"

ယမင်းစကားကြောင့် သံသယတို့ ပို၍ခိုင်မာသွားကာ ရင်သိမ့်



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနည်းမှုတို့က လိုက်ဖိတက်လာသည်။

"ဟဲ့ မငိုနဲ့လေ၊ ဒီကိစ္စက ငိုနေလို့မပြီးဘူး ရှင်းစရာရှိတာကို ခဲ့ရှင်းမှဖြစ်မှာ၊ အကြွေးမှတ်ထားပြီး တိတိတိတ်လေးကြွေးကြွေနေရင် လက် ပူးလက်ကြပ်ပြစရာမရှိဘူးဆိုပြီး နင်ပဲတစ်ပန်းရှုံးမှာ"

ကားစတီယာရင်ကို ကိုင်ထားသော ဝီရမေ လက်အစုံသည် ဒေါသကြောင့် တဆတ်ဆတ်တုန်နေသည်။ မျက်ရည်မကျစေရန် မနည်း ထိန်းနေရပြီး ယမင်းစကားတွေက နားထဲမဝင်တစ်ချက် ဝင်တစ်ချက်။

လုပ်ရက်လိုက်တာဟု စိတ်ထဲမှ အကြိမ်ကြိမ်အခါခါပြောရင်း ဖုန်းထုတ်ပြီး ဖုန်းခေါ်လိုက်သည်။ ဖုန်းက ဆက်သွယ်မှုဧရိယာပြင်ပနှင့် တိုး၏။

"တောက်"

တက်တစ်ချက်ခေါက်ပြီး ထပ်ခါထပ်ခါ ခေါ်သည်။ လူက ဆောက်တည်ရာမရသဖြင့် ယမင်းရှေ့မှာပင် ဟန်မဆောင်နိုင်ဘဲ သောက တို့ မွှေနေရသည်။

"စိတ်လျှော့ပါ သူငယ်ချင်းရာ"

"မလျှော့နိုင်ဘူး သူ့နဲ့ဖုန်းမပြောရမချင်း ဒီနေရာကနေ မ နိုင်ဘူး"

ဝီရမေဆိုတာ အဲလိုမိန်းကလေးမျိုးမှန်း မင်းခန့်ကျော်စွာ သိစေရမည်။

"ဖုန်းက ခေါ်လို့မှမရတာ စိတ်လျှော့တော့ပေါ့၊ ဒါမှမဟုတ်ရင် လည်း အဲ့ တည်းခိုခန်းထဲဝင်ပြီးသာတွေ့လိုက်ပေတော့"





ယမင်းပေးသောအကြံက ဖြစ်နိုင်တာမို့ ဝီရမေဖုန်းခေါ်ဆိုခြင်း ရပ်လိုက်ပြီး ကားကို လမ်းဘေးတစ်နေရာသို့ ထိုးရပ်ကာ ကားပေါ်မှ ဆင်းလိုက်သည်။

"ဒါက ဘာလို့ဆင်းတာလဲ"

"နင်ပဲ ဝင်ပြီးတွေ့ဆို"

"အယ် တ တကယ်ကြီး ဝင်တွေ့မှာလား"

ယမင်း ရယ်ကျဲကျဲဖြင့်မေးသည်။

"ဟုတ်တယ် နင်မလိုက်ရင် ဒီကစောင့်နေဟာ ငါ့ဖာသာပဲ တွေ့မယ်"

ယမင်း ထိုသို့လည်း စိတ်မချနိုင်တာမို့

"အဲလိုတော့ မဟုတ်ဘူးလေ၊ ငါတို့အတူတူ လာကြတာပဲ၊ ကောင်းအဆိုး အတူတူဖြေရှင်းကြရမှာပေါ့"

ဝီရ ကားပေါ်မှ ဆင်းသလို ယမင်းကလည်း ကားပေါ်မှ ဆင်း သည်။ အဖော်တောင့်သွားသည်မို့ ဝီရမေ ပို၍အားရှိကာ တည်းခိုခန်းရှေ့ သွားနေသော ခြေလှမ်းတွေက ရဲရင့်ပြတ်သားနေ၏။

■ ■ ■

"အစ်မ ဘာလိုအပ်ပါသလဲခင်ဗျာ"

တည်းခိုခန်းထဲဝင်လာသော ဝီရနှင့်ယမင်းကိုကြည့်ပြီး အဓိပ္ပာယ် သောအကြည့်ဖြင့် စူးစမ်းကာမေးသည်။

"စုံစမ်းစရာရှိလို့ပါ"

"ဟုတ်ကဲ့ ခင်ဗျ"

www.burmeseclassic.com

www.burmeseclassic.com



"ဟော ဟိုမှာရပ်ထားတဲ့ ကားပိုင်ရှင်ကို ခေါ်ပေးပါ"

ဝီရမေ စကားကြောင့် ကောင်လေး အူကြောင်ကြောင်ဖြစ်
သည်။

"ဟေ့ ဘာကြောင်ကြည့်နေတာလဲ"

"ဗျာ အဲ ဘာမှကြောင် မကြည့်ပါဘူး"

"ကြောင်မကြည့်ရင်ခေါ်ပေး မခေါ်ပေးရင် ဒီနေရာကနေ
တစ်လှမ်းမှ မရွှေ့ဘူး"

"ကျွန်တော်တို့ကာစတန်မာတွေကို ခုလိုအနှောင့်အယှက်
လို့မရပါဘူး ခင်ဗျာ"

ယမင်း မဲ့ကာရွဲ့ကာဖြင့်

"အမလေး တိုင်းပြည်အကျိုးသယ်ပိုးနေတဲ့ ဝန်ထမ်းကော
ကြီးပဲ၊ နိုဘယ်ဆုပေးရမယ်"

ယမင်း၏အရွဲ့တိုက်ပြောလိုက်သောစကားကြောင့် ဝန်ထ
ကောင်လေး ခွီးခနဲ ရယ်လိုက်ပြီး

"အစ်မတို့လုပ်ပုံက ကျွန်တော် နိုဘယ်ဆုမရခင် အလုပ်ပြု
မယ့်ကိန်းဗျ"

"အေးပါ မင်းတို့သူ့ကိုခေါ်မပေးရင်သာ မင်းတို့တင် အ
ပြုတ်ရုံမဟုတ်ဘူး၊ ဒီတည်းခိုခန်းကြီးပါ ချိတ်ပိတ်ရအောင် လုပ်ပေး
ပေါ့"

ဝီရမေ စကားကြောင့် ဝန်ထမ်းကောင်လေး မျက်လုံးပြူး
သည်။





"ဗျာ အဲ အဲလိုတော့ မလုပ်ပါနဲ့၊ ဒီတည်းခိုခန်းဖွင့်ထားတာ
တရားဝင်ပါခင်ဗျ၊ လုပ်ငန်းပါမစ်ရှိပါတယ်၊ အစ်မတို့လုပ်ချင်တိုင်းလုပ်လို့
မရဘူးခင်ဗျ"

"ဘာလို့မရရမှာလဲ အခု ငါခေါ်ခိုင်းတဲ့လူက ဆေးခြောက်ကုန်
ကူးတဲ့လူလေ၊ ခုလည်း မင်းတို့အခန်းထဲမှာ သူ ဆေးခြောက်မှိုဲနေတယ်၊
ငါသာ စခန်းဖုန်းဆက်ရင် ဆေးခြောက်မှုနဲ့သူ့ကိုလာဖမ်းရင် မင်းတို့
တည်းခိုခန်းကပါ ကြိုရာပါဖြစ်သွားလိမ့်မယ် သဘောပေါက်လား"

"ဗျာ"

ဝန်ထမ်း အလန့်တကြားဖြင့် ဗျာလိုက်သည်။

"မဗျာနဲ့ ငါ အခု ရဲစခန်းကို ဖုန်းဆက်လိုက်မယ်ဆိုရင် ရှင်တို့
တည်းခိုခန်းမှာ ရဲတွေ ခြေချင်းလိမ်သွားလိမ့်မယ်"

ဝန်ထမ်းမျက်နှာမှာ ဖိုးရွက်လောက်သာ ရှိတော့သည်။

"ကောင်း ကောင်းပါပြီ ကျွန်တော် ခေါ်ပေးပါ့မယ်၊ ရဲစခန်းကို
တော့ ဖုန်းမဆက်ပါနဲ့ တောင်းပန်ပါတယ်ဗျာ"

ဝန်ထမ်း ကြောက်အားလန့်အားဖြင့် ရဲစခန်းကိုဖုန်းမဆက်ရန်
တောင်းဆိုသည်။ တစ်ဆက်တည်း ဝိတ်တာကောင်လေးကို လှမ်းခေါ်
လိုက်သည်။

"ကိုဖြိုးရေ"

ခပ်လှမ်းလှမ်းမှ အခြေအနေကို နားစွင့်နေသောကောင်လေး
အနားသို့ လှစ်ခနဲ ရောက်လာသည်။

"ခင်ဗျာ အာစရိ"



www.burmeseclassic.com

www.burmeseclassic.com



"အခန်းနံပါတ် ၁၀၉ က ကာစတန်မာကို ခဏသွားခေါ်ပေးနော်"

"ဟုတ်ကဲ့ပါ အာစရိ"

ကောင်လေး အနားမှ ထွက်သွားသည်။

ဝီရမှာသာ ရှေ့ဆက် ဘာဖြစ်လာမှန်းမသိသေးသော အခြေအနေတစ်ခုကြောင့် စိတ်တွေအရမ်းလှုပ်ရှားကာ လက်ဖျားခြေဖျားတွေ အေးစက်လာသည်။

မင်းခန့်ကျော်စွာ သူ့ကိုတွေ့လျှင် ဘယ်လိုအကြောင်းပြချက်ပေးမလဲ။

■ ■ ■

"ဘယ်သူလဲကွ ငါ့ကိုတွေ့ချင်တာ"

တစ်ကိုယ်လုံး တက်တူးတွေအပြည့်ထိုးထားသော လူငယ်တစ်ယောက် မကျေမနပ်ခြေလှမ်းတွေဖြင့် ထွက်လာသည်။ သူ့ကိုယ်တွင် မွှေးပွသဘက်သာ ပတ်ထားသဖြင့် ဝီရရော ယမင်းရော မျက်နှာချင်းဆိုင်မိ မျက်နှာပူသွားသည်။

"စိတ်မရှိပါနဲ့ခင်ဗျာ ဒီက အမျိုးသမီးနှစ်ယောက်က ခင်ဗျားနဲ့ တွေ့ချင်တယ်လို့ ဖွတ်အတင်းပြောနေလို့ မလွဲသာလို့ခေါ်ပေးရတာပါ"

ထိုလူမှာ ဝီရကို ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်ပြီး

"ဘာကိစ္စနဲ့တွေ့ချင်တာလဲ၊ ဒီအချိန်ဒီနေရာမှာမှ တွေ့ချင်ရလား"

အနှောင့်အသွားမလွတ်သော ထိုလူ့စကားကြောင့် ဝီရ မျက်နှာ





ခနဲ ဖြစ်သွားပြီး

"ကျွန်မ တွေ့ချင်တာ ရှင်မဟုတ်ဘူး"

"ဘာ ဒါဆို သူများ ဖီးလ်ယူနေတဲ့အချိန်ကို ဘာလို့ လာနှောင့်ယှက်လဲ"

"အို ကျွန်မချစ်သူရဲ့ကားကိုတွေ့လို့ပေါ့"

"ဘာ မင်းချစ်သူရဲ့ကား ဟုတ်လား"

"ဟော့ ဟိုက ကားက ရှင့်ကားလား"

"ဟုတ်တယ်"

အနီရောင် လန်ဘော်ဂနီပြိုင်ကားလေးကို လှမ်းကြည့်ပြီး ထိုလူ အဆက်ဆက် ခေါင်းညိတ်သည်။

"မဖြစ်နိုင်ဘူး ဒါ ကျွန်မ ချစ်သူရဲ့ကား"

ဝီရစကားကြောင့် ထိုလူ့ဒေါသထွက်သွားပုံရသည်။

"ဟေ့ လူကိုအရှက်လာခွဲနေတာလား ဟမ် ငါ့ကားမို့ ငါစီးနေတာပေါ့"

"မဟုတ်ဘူး ဒါ တို့ချစ်သူကား၊ ရှင်နဲ့အတူ မင်းခန့်ကျော်စွာ သည်းပါတယ်မဟုတ်လား ပြော"

"ကျွတ် ဟာကွာ ဘာတွေလာပြောနေတာလဲ၊ ဘယ်က မင်းခန့်ကျော်စွာလဲ၊ ငါ မသိဘူး ဒါ ငါ့ကားဆိုတာတော့ ငါအတိအကျ ပြောနိုင်တယ်"

ထိုလူ့အတည်ပေါက်နှင့်ပြောနေမှန်း သိသာသည်မို့ ယမင်းက ဝီရကို မသိမသာ လက်တို့သည်။ တော်ပြီ ဆက်မပြောနဲ့တော့ဟုသည့်

www.burmeseclassic.com



သဘောဖြစ်သည်။

"ရှင် ဒီကားကို မိုးလာတာတော့ မဟုတ်ပါဘူးနော်"

"ဘာ"

ထိုလူ၏ဘာဟူသော အသံက ဟိန်းထွက်သွားသည်မို့ ဝီရခမ္ဘ

ကိုယ်လေးဆတ်ခနဲ တုန်တက်သွားပြီး နောက်ကို ခြေတစ်လှမ်းဆုတ်

သွားသည်။

ထိုလူ ဝီရရှေ့ကို တိုးကပ်လာပြီး

"မင်း စော်ကားတာတွေ အရှက်ကွဲတာတွေ နည်းနည်းများ

သွားပြီနော်၊ ဒါကြောင့် မင်းကို ငါ တစ်ခုခုတော့ လုပ်ရလိမ့်မယ်ထင်

တယ်၊ အနည်းဆုံးတော့ မင်းနှုတ်ခမ်းကို kissing ဆွဲတာလောက်ပေါ့"

"ဘာရှင့် မိုက်မရိုင်းနဲ့နော်"

ဝီရ ဒေါသဖြစ်သွားသည်မို့ ပြန်အော်လိုက်သည်။

"ဝီရ လာပါတော့ဟာ သူနဲ့ဖက်ဖြစ်မနေပါနဲ့တော့"

ယမင်း ဝီရကို အတင်းဆွဲခေါ်သဖြင့် ဝီရမှာ ထိုလူကို မကျေ

မနပ် မျက်စောင်းခဲရင်း ယမင်းဆွဲခေါ်ရာနောက်သို့ ပြန်ပါသွားသည်။

ထိုလူတဟားဟားဖြင့် အော်ရယ်ရင်း ကျန်ခဲ့သည်။

■ ■ ■



## အခန်း (၂၀)

မင်းခန့် တဟားဟားနှင့်အော်ရယ်သည်။

"ဒါ ရယ်စရာလား ကို၊ ဝီရ တကယ်ဒေါသထွက်လာတာနော်"

ချစ်သူကိုမြင်လိုက်တော့ ရင်ထဲမှာ မသိမသာ စိတ်အေးသွားရ

မယ့် အချော့ခံချင်တာ မိန်းမတို့သဘာဝမို့ နှုတ်ခမ်းကိုတော့ စူနိုင်

မျှ စူထော်ထားလိုက်သည်။

"ဟုတ်တယ်လေ ချစ်ဒေါသထွက်လာတာ ကိုသိတယ်၊ ဒါပေမဲ့

ဒီတည်းခိုခန်းမှာ ကိုရောက်နေတာမှ မဟုတ်တာ"

"ဒါပေမဲ့ ကားကတော့ ရောက်နေတယ်လေ"

"အဲဒါ ကိုယ့်ဘော်ဒါက ခဏငှားထားတာလေ"

"ငှားစရာလားလို့ ကိုယ့်ကားကို"

"ဩော် ချစ်ရယ် ဘော်ဒါတွေကို ကိုယ်ကအမြဲကူညီနေကြလေ၊

ကြောင့် ငှားလိုက်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ခု အဲလို ငှားလိုက်လို့ ဝီရ အရှက်ကွဲလာတယ်လေ"

"ကိုယ် ဒီကောင့်ကို ပြန်တောင်းပန်ခိုင်းပါမယ်၊ သူကလည်း ဝီရကို ကိုယ့်ချစ်သူမှန်းမသိလို့ပါ၊ ဒီကောင့်အစား ကိုယ်ကပဲ တောင်းပန်ပါတယ်"

"မလိုပါဘူး ကို့မှာ ဘာအပြစ်မှမရှိပါဘူး၊ ရုတ်တရက်ဆိုတော့ ဝီရလည်း ထူပူသွားပြီး ဘာလုပ်လို့ ဘာကိုင်မိမှန်း မသိတော့တာ"

"ဘာပဲဖြစ်ဖြစ် ကိုယ်ကတော့ ဒီကောင့်ကို ကောင်းကောင်း lesson ပေးရဦးမယ်၊ ကိုယ့်ချစ်သူကိုများ kissing ဆွဲမယ်လေး ဘာလေးနဲ့ တန်ရာတန်ရာကိုမပြောဘူး"

"အို တော်ပါတော့ အဲဒါကြီးကို မပြောပါနဲ့တော့၊ နားရှက်လွန်းလို့"

ဝီရ ထပ်မကြားချင်တော့ပါ။

"ဟုတ်ပါပြီ ဝီရ ထပ်မကြားချင်ရင် မပြောတော့ပါဘူးကွာ"

"ဒါနဲ့ အိမ်မှာ ဘယ်သူမှမရှိကြဘူးလား"

ဧည့်ခန်းထဲတွင် ထိုင်နေကြရာမှ တိတ်ဆိတ်နေသော အနေအထားကြောင့် ဝီရ ဟိုဒီဝေ့ကြည့်ပြီး မေးလိုက်သည်။

"မွှားမှုံက သူ့ညီမအိမ်ခဏသွားတယ်၊ မနော်ကတော့ ထုံးစံအတိုင်း မီးဖိုခန်းထဲမှာ ကိုယ်နဲ့ချစ် စားဖို့ အလုပ်ရှုပ်နေလောက်ပြီပေါ့"

"ဒါဆို ဝီရ သန့်စင်ခန်း ဝင်ချင်တယ် ကို"

"သွားလေ ချစ်ရဲ့"

ဝီရ ချစ်သူရင်ခွင်ထဲမှ ထွက်ပြီး နောက်ဖေးဘက် သန့်စင်ခန်း





ရှိရာသို့ ဝင်ခဲ့လိုက်သည်။

နောက်ဖေးအခန်း တစ်ခန်းရှေ့အရောက် ငိုသံခပ်သဲ့သဲ့ ကြားလိုက်ရသည်မို့ ခြေလှမ်းတို့ တုံ့သွားသည်။

"ငိုသံကြားတယ်၊ ဘယ်သူငိုနေပါလိမ့် ဒီအခန်းထဲကပဲ ဖြစ်ရမယ်"

ဝီရ အခန်းတံခါးရှေ့မှာရပ်ပြီး အတွင်းမှ ငိုရှိုက်သံကို နားစွင့်လိုက်သည်။

မနော်ဆိုတဲ့ အိမ်ဖော်မလေး ငိုနေတာပါလားဟု တွေးပြီး တံခါးကို အသာတွန်းဖွင့်လိုက်သည်။ စေ့ရုံစေ့ထားသော တံခါးမို့ အလိုက်သင့်လေး ပွင့်သွားသည်။

မနော် ငိုနေရင်းမှ အလန့်တကြား မော့ကြည့်သည်။

"ဟင် မမ"

"ဘာဖြစ်လို့ ငိုနေတာလဲ မနော်"

ဝီရ အမေးကို မနော် မဖြေဘဲ မျက်ရည်တို့ကပျာကယာ သုတ်ပြီး ထိုင်ရာမှ ထလိုက်သည်။

"မနော် မေးနေတယ်လေ ဘာတွေသောကဖြစ်စရာရှိနေလဲ၊ ဝီရကိုပြောပါ ကူညီပါ့မယ်"

"ဟင့်အင်း ဘာမှမဖြစ်ပါဘူး"

မနော် အမူအရာတွေပျက်နေမှန်း ဝီရ ကောင်းကောင်းကြီး သတိထားမိနေသည်။ ဘာကြောင့် မနော် မျက်နှာပေါ်မှာ လျှို့ဝှက်ချက်တွေ ထွေးလိပ်နေရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



"မနော် တစ်ခုခုဖြစ်နေတာ ဝီရစိတ်က သိနေသလိုပဲနော် ပြောပါ မနော်ရယ် ဝီရ မနော်ကိုကူညီပါ့မယ် ဘာမှမဖြစ်စေရဘူး"

မနော် ဘာမှပြန်မဖြေဘဲ ခေါင်းကိုသာ တွင်တွင်ခါလျက်

"ဟင့်အင်း ဘာမှမဖြစ်ပါဘူး မမလေးရယ်၊ မနော် လုပ်စရာ ရှိတာ လုပ်လိုက်ဦးမယ်နော်"

ဝီရ ဘေးမှ ခပ်သွက်သွက်ထွက်သွားသော မနော်ကိုကြည့်ပြီး ဘာကြောင့်များ ရှိက်ကြီးတငင် ငိုကြွေးနေရသလဲဟု တွေးပြီး ဝီရ စိတ်မကောင်းဖြစ်နေသည်။

"ချစ်"

မင်းခန့်ကျော်စွာ အနားရောက်လာသည်။

"ဘာလုပ်နေတာလဲ"

"ဘာမှမလုပ်ပါဘူး၊ မနော်နဲ့စကားပြောနေတာပါ"

မနော် ငိုသည်ဆိုသည့်အကြောင်းကိုတော့ မင်းခန့်ကို ပြောမပြ မနေတော့။

■ ■ ■

ဝီရနှင့်မင်းခန့်၏အချစ်သက်တမ်းသည် နှစ်လခန့်ကြာလာသည့် အခါ မင်းခန့်ကျော်စွာထံသို့ ကြမ္မာဆိုးတစ်ခုဝင်ခဲ့သည်ဟု ဝီရ တစ်ထစ်ချ ယုံကြည်ခဲ့သည်။

တစ်ညသော ညသန်းခေါင်တွင် အိပ်ပျော်နေသော ဝီရထံသို့ မင်းခန့်ထံမှ ဖုန်းဝင်လာသည်။

"ဝီရ ကိုယ်တော့ ပြဿနာအကြီးကြီးတက်ပြီကွာ"





တုန်လှုပ်နေသော မင်းခန့်အသံကြောင့် ဝီရ လန့်သွားသည်။

"ကို ဘာဖြစ်တာလဲ"

ဝီရ စိုးရိမ်တကြီးမေးလိုက်သောအသံက တိတ်ဆိတ်သောအိပ်ခန်းထဲ ဟိန်း၍သွားသည်။

"ကို သူငယ်ချင်းတွေနဲ့ ဘီယာသောက်ပြီး အပြန်လမ်းမှာ လူတစ်ယောက်ကို ကားနဲ့ဝင်တိုက်မိလိုက်တယ်"

"ဘုရား ဘုရား ဒုက္ခပါပဲ ကိုရယ်၊ ဒါဆို ကို အဖမ်းခံရတော့မလို့"

ဝီရ စိတ်ပူလွန်း၍ အသံတို့ပင် တုန်ခါနေသည်။

"ကိုယ် လုံးဝအဖမ်းမခံနိုင်ဘူး ကိုယ့်ကားရှေ့မှာ သူက သေချင်ဘယ်လို့အော်ပြီး အတင်းဝင်ပိတ်ရပ်တာ ကိုယ်ကြားလို့ ဘရိတ်အုပ်လိုက်သေမယ့် မမီတော့ဘူး၊ သူက သွေးအိုင်ထဲလဲနေပြီ"

စိတ်လှုပ်ရှားစွာ ရှင်းပြနေသော ချစ်သူ၏စကားသံတွေက ဝီရ နားထဲ ဝင်တစ်ချက်မဝင်တစ်ချက်ပါ။

"ဒါဆို အခု အဲဒီလူကိုရော ဘယ်လိုထားခဲ့လဲ၊ ဆေးရုံမှာလား ကိုနဲ့အတူရှိနေလား"

"ကိုယ် အဲဒီလူသေပြီဆိုတာသိတာနဲ့ ကားနဲ့မောင်းပြေးလာတာ၊ အခု ဘယ်နေရာတွေရောက်လို့ ရောက်နေမှန်းလည်း မသိတော့ဘူးကွာ၊ ဒီညတော့ အိမ်လည်းမပြန်ရဲဘူး၊ တစ်နေရာမှာဝင်ပြီး ခိုနေလိုက်တော့မယ်"

သောကဆိုတာ ကြိုလပ်ပါတာမဟုတ်။ အချိန်မရွေးဝင်လာနိုင်



www.burmeseclassic.com

www.burmeseclassic.com



သောအရာတစ်ခုဆိုတာ ဝီရ သဘောပေါက်ခဲ့ပါပြီ။ ညနေက ချစ်သူ
ဘုရားအတူတူဖူးခဲ့ကြတယ်၊ ယခုညပဲ ပြဿနာက အလုံးအရင်း
ဝင်လာတယ်။ ဘယ်လိုမှ ကြိုပြင်ဆင်ခုခံချိန်မရလိုက်။

"အချစ် ကိုယ်ခုလို ဖြစ်တာကို အချစ်အမေကို မပြောပါ
အလကားသက်သက် စိတ်ပူနေပါ့မယ်၊ ကိုယ့်မိဘတွေကိုတောင် ကို
အကြောင်းမကြားဘူး။ သူတို့ စိတ်ပူမှာစိုးလို့လေ"

"အင်းပါ ဝီရ မပြောပါဘူး ကိုရယ်၊ စိတ်ချပါ မနက် ကိုရှိ
နေရာကို ဝီရ လာတွေ့မယ်နော်၊ ကို ဘာမှစိတ်ဓာတ်ကျမနေနဲ့
ဝီရတို့အကောင်းဆုံးဖြေရှင်းနိုင်မှာပါ၊ ဟုတ်ပြီလား ကို"

"အင်းပါ ကို့ဘေးမှာ ဝီရ ရှိနေမှတော့ ကို ဘာကိုမှ မမှုပါ
ထောင်အကျခံတာကလွဲလို့ပေါ့"

ငိုသံပါကြီးဖြင့်ပြောနေသော ချစ်သူ၏အသံကို နားထောင်
ဝီရ မျက်ရည်တို့စို့တက်လာသည်။ ဝီရတောင် ဒီလောက်ခံစားနေရလျှ
ကာယကံရှင်ကြုံတွေ့ခဲ့ရသော အနိဋ္ဌာရုံတွေကိုမြင်ပြီး သူ ဘယ်လော
စိတ်တွေချောက်ချားနေလိမ့်မလဲ။

"ဝီရ မနက်ဖြန်လာရင် ငွေနည်းနည်းယူလာခဲ့ဦး၊ ကိုယ်
မပါဘူး။ အိမ်ပြန်ယူရင်လည်း ရှော့ခ်ရှိနိုင်တယ်၊ ကိုယ့်ကားနံပါတ်
တစ်ယောက်ယောက်က မှတ်မိသွားနိုင်တယ်လေ၊ ဒါကြောင့် ကိုယ် ခြေ
ဖျောက်မှရမယ်"

"ဟုတ်ပါပြီ ဝီရ လာခဲ့ပါ့မယ်၊ ငွေလည်း ယူလာခဲ့မယ်နော်
ခုလောလောဆယ် ကို လုံခြုံမယ့်နေရာတစ်နေရာကို သွားနေလိုက်





သင်းတာနဲ့ ဝီရ ကိုရှိတဲ့နေရာကို လာခဲ့မယ်နော်"

"အိုကေ ချစ်"

မင်းခန့်ကျော်စွာ ဖုန်းချသွားသည့်တိုင် ဝီရ ဖုန်းကိုင်ပြီးတွေဝေ
နေသည်။ ဒီည တစ်ညလုံး ဝီရ အိပ်ပျော်တော့မည်မဟုတ်။

စိတ်လှုပ်ရှားလွန်း၍ လူက ဆောက်တည်ရာမရ ဖြစ်နေသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"ဘယ်လို သိန်းနှစ်ဆယ်လောက်လိုတယ် ဟုတ်လား"

"ဟုတ်တယ် ချစ်၊ အဖမ်းသွားခံတာထက်စာရင် သေသွား မိသားစုကိုလျော်ကြေးပေးလိုက်ရင် ပိုကောင်းလိမ့်မယ်၊ ဖြစ်ချင်တော့ ကိုယ့်ဆီမှာကလည်း ငွေပြတ်နေတဲ့အချိန်နဲ့ သွားတိုက်ဆိုင်နေတော့ ဖြေရှင်းရခက်နေတာ၊ အဲဒါကြောင့် အဲဒီငွေကို ဝီရ ခဏစိုက်ပြီး ဖြေရှ ပေးထားနိုင်မလား၊ ဒယ်ဒီနဲ့မာမီကို အားလုံးပြီးတော့မှ ပြောပြပြီး ငွေ လှမ်းတောင်းပြီးတော့မှ ကိုယ် ပြန်ပေးပါ့မယ်"

ချစ်သူ၏အခက်အခဲကလည်း ဝီရ၏အခက်အခဲမို့ ဝီရ ဘယ် ဖြေရှင်းရမလဲဟု ခေါင်းထဲမှာ အတွေးတွေ ပလုံစီသွားသည်။

"ဝီရဆီမှာ ဒယ်ဒီ ဟိုကနေ လှမ်းပြီး မုန့်ဖိုးပို့ထားတာ၊ ဆယ် သိန်းရှိတယ်၊ နောက်ထပ် ဆယ်သိန်းကိုတော့ ဝီရ မေမေ့ဆီက တောင်း ပေးပါ့မယ်"

"ဟာ အဲလိုတော့ မလုပ်ပါနဲ့ကွာ၊ ချစ်ရဲ့ကမေမေ ကိုယ့်





ထင်သေးသွားပါ့မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီပြဿနာက ကိုယ် ညံ့နေညံ့မှုနေလို့ မထင်မှတ်ဘဲဖြစ်သွားရတဲ့ပြဿနာလေ၊ တော်ကြာ ပြီးရမ်းတတ်တဲ့လူငယ်နဲ့ ငါ့သမီးကိုမပေးစားဘူးဆိုပြီး တခြားလူနဲ့ ဘက်ထပ်ပေးလိုက်ရင် ကိုယ် ရင်ကျိုးရမှာချစ်ရယ်၊ ဒါကြောင့် မပြောပါ ဦးကွာ နော် ချစ်"

မင်းခန့် ပြောတာလည်း သဘာဝကျနေတာမို့ ဝီရ သက်မ ခ်မျော့ဖျော့ချပြီး

"အင်းလေ ဒါဆိုလည်း ဝီရ မပြောတော့ပါဘူး"

"ကိုယ်တို့ မနက်ဖြန် ငွေသွားပေးပြီး ညှိကြရင်ကောင်းမယ်၊ ပါလိုက်ခဲ့လေ၊ အင်း မလိုက်ရင် မလိုက်ပါနဲ့ တော်ကြာ ဟိုဘက်က ကျေနပ်လို့ ပြဿနာရှာရင် ချစ်ကိုပါ ထိခိုက်မယ်၊ ကိုယ် ဘော်ဒါတွေ သွားလိုက်မယ်"

"ဘာဖြစ်လဲ ကိုရယ်၊ ပြဿနာတစ်ခုကို အတူတူရင်ဆိုင်ကြ ာပေါ့"

ဝီရပါလိုက်ပြီး ဝိုင်းဝန်းဖြေရှင်းဖို့ အမှန်ပင် ဆန္ဒရှိပါသည်။

"မလုပ်ပါနဲ့ ချစ်ကို ကိုယ့်ပြဿနာထဲ ဆွဲမသွင်းရက်ဘူးကွာ နော်၊ ချစ်မလိုက်နဲ့တော့ သေဆုံးသူရဲ့မိသားစုစရိုက်က ဘယ်လိုစရိုက် သိတာမဟုတ်ဘူး၊ ကိုယ့်ကိုစိတ်ပူပြီး လိုက်မယ်ဆိုတာ သိပေမယ့် ချစ်ကို မခေါ်သွားပါရစေနဲ့ကွာ နော်"

ကိုယ့်အတွက် ပူပန်ပေးနေမှတော့ ဝီရပါ အတူလိုက်ဖို့ ဇွတ် တောင်းမပြောတော့။



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ ဝီရပါရင် ကိုတို့အတွက် ဘာမှအထောက်အကူ မဖြစ်လောက်ပါဘူး၊ ကိုသာ ပြေလည်အောင်ဖြေရှင်းခဲ့နော်၊ မနက်ဖြန် ဝီရသိန်းနှစ်ဆယ်ယူလာပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ် ချစ်ရယ်၊ ဒီအချိန်မှာ ချစ်သာ ကိုယ့် အနားမရှိခဲ့ဘူးဆိုရင်လေ ကိုယ့်အခြေအနေမတွေးရဲစရာပါပဲ"

"အဲလောက်ကြီးလည်း စိတ်ဓာတ်မကျပါနဲ့ ကိုရယ်၊ ဒါတွေ အားလုံးဟာ ကံတရားစီမံတာတွေပါ၊ ဖြစ်ချိန်တန်လို့ ဖြစ်တာ အချိန်တန် ရင် သူ့အလိုလိုပြီးသွားလိမ့်မယ်"

"ဟား ကိုယ့်ချစ်က ဘယ်ဆိုးလို့လဲ တရားသဘောနဲ့ ယှဉ်ပြီး ကိုယ့်ကို ဖြေသိမ့်ပေးတတ်တယ် ကြည့်စမ်း၊ ဒါကြောင့် ကိုယ်က ချစ် နေတာ"

ပါးကို အနမ်းတွေ တရစပ်ပေးပြီး ကျေနပ်သွားသော ချစ်သူကို ကြည့်ပြီး ဝီရလည်း ကျေနပ်မိပါသည်။ ဘဝမှာ တစ်ကြိမ်တစ်ခါသာ ပိုင်ဆိုင်ခဲ့ရသောအချစ်မို့ ချစ်သူအလိုကျ အရာရာကိုပေးဆပ်ချင်စိတ် ဖြစ်မိတာ ဝီရ၏မေတ္တာတရားစစ်စစ်ပါပဲ။

ခက်နေတာက သိန်းနှစ်ဆယ်ပြည့်အောင် ငွေကိုတယ်လိုဖန်တီး ရမလဲဆိုတာပင်။

■ ■ ■

"ဒီအိတ်ထဲမှာ သိန်းနှစ်ဆယ်အထိပါတယ် ကို"

ဝီရ လှမ်းပေးသောငွေကိုယူပြီး မင်းခန့်ကျော်စွာ အားနာဟန် ဖြင့် ကြည့်ကာ





"ကိုယ့်ကြောင့် ချစ်ပါ ဒုက္ခများသွားရပြီကွာ"

"ဒီလိုပဲ မျှဝေခံစားရမှာပေါ့ကိုရယ်၊ ဘာမှအားမနာနဲ့ ကိုသာ …အခင်းမလုပ်အောင် အတတ်နိုင်ဆုံးပြေလည်အောင်ညှိခဲ့"

"စိတ်ချ ချစ် ကိုယ်ပြေလည်အောင် ညှိခဲ့မှာပါ၊ ချစ် ဘာမှ …မပူနဲ့နော်"

"အင်းပါ ဒါနဲ့ ကို အိမ်ကို မပြန်သေးဘူးလား ဖွားမုံတို့ …ပူနေကြမှာပေါ့"

"သူတို့ကိုပါ ရှောင်နိုင်းထားတယ်၊ အခု အိမ်မှာ ဘယ်သူမှ …ကြဘူး၊ အိမ်ပိတ်ထားတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သက်ဆိုင်ရာက …ကားနံပါတ်နဲ့လိုက်လာရင် ကိုယ့်အိမ်ကို အလွယ်တကူရှာတွေ့သွား …တယ်လေ"

"ဒါဆို ဖွားမုံနဲ့မနော်က ဘယ်မှာသွားနေကြလဲ ခက်လိုက်တာ …ယ်"

အားလုံးကစဉ့်ကလျားတွေဖြစ်နေသော အခြေအနေကိုကြည့် … ဝီရ စိတ်ထဲမှာ နည်းနည်းလေးမှ မချမ်းမြေ့။ ဖြစ်နိုင်လျှင် တရား …အနှင့်ထိပ်တိုက်ရင်ဆိုင်လိုက်ပါဟု ပြောချင်ပေမယ့် ပြောမထွက်ရက် …၊ ချစ်သူနှင့်ပတ်သက်လျှင် ဝီရမေ၏အသိတရားတွေသည် အမှတ် …ည်းခြေကင်းမဲ့နေသည်။ ချစ်သူ၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးလိုက် …ကပင် ဝီရမေဟာ ကိုယ့်ကိုယ်ကိုယ် မဟာကျေးဇူးရှင်ကြီး ကယ်တင် …ကြီးလို ထင်နေမိသလားပင်။

ခုပဲကြည့်လေ လူသူမနီးတဲ့အိမ်အိုကြီးဆီကို တစ်ယောက်ထဲ



www.burmeseclassic.com

www.burmeseclassic.com



အရဲစွန့်လာရဲတာကိုပဲကြည့်။ ဒီအချိန်မှာ ဝီရအဖို့ တွေ့ဝေတာ
ကြောက်လန့်တာတွေ ဘာတစ်ခုမှရှိမနေ။ ချစ်သူ၏ဖောတစ်ခုနှင့်
အနာဂတ်အတွက် ရှင်သန်နေမိသည်။

"ကို ဒီအိမ်အိုကြီးက ဘယ်သူ့အိမ်လဲ၊ ကြောက်စရာကြီး
မှုန်ကုတ်ကုတ်ကြီးနဲ့ စိတ်မသန့်သလိုကြီးနော်"

လူမနေဘဲ ပစ်ထားၡ ပျက်စီးယိုယွင်းကာ အောက်သိုးသိုး
တွေ လှိုင်လှိုင်ထနေသော ဒီလိုနေရာမျိုးကို ဝီရ မနှစ်သက်သလို ချစ်
ကိုလည်း ဒီမှာမနေစေချင်။

"ဒီအိမ်ကြီးက ကိုယ့်အမျိုးအိမ်ပဲလေ၊ သူတို့အားလုံး မရှိ
တော့ဘူး၊ ဒါကြောင့် အိမ်ကြီးက ခြောက်ကပ်တိတ်ဆိတ်နေတာ၊ ဘာ
ဖြစ်ဖြစ် ဒီအချိန်မှာ ကို့အတွက်တော့ ဒီနေရာဟာ အလုံခြုံဆုံးပဲ
ကဲ ရော့ စိတ်လန်းသွားအောင် အချိုရည်လေးသောက်လိုက်ဦး
ချစ်"

မင်းခန့် ဖောက်ပေးသော အချိုရည်ဘူးကို လှမ်းယူလိုက်
ဝီရမေ တစ်ငုံမော့သောက်လိုက်သည်။ မင်းခန့် မြတ်နိုးလွန်းသောအကြည့်
ဖြင့် ဝီရကို စိုက်ငေးကြည့်သည်။

"အဲလို မကြည့်နဲ့ကွာ"

ချစ်သူ၏စူးရှသော အကြည့်တိုင်း စိတ်တွေပြောင်းဆန်အော
လှုပ်ခတ်တာဟာ ဝီရ၏အားနည်းချက်တစ်ခု။ ထိုတစ်ခဏအတွင်းမှာ
ဝီရ၏ကိုယ်လုံးလေး မင်းခန့်ရင်ခွင်ထဲ ရောက်သွားတော့သည်။

"ချစ်လိုက်တာ ဝီရရယ်၊ ကိုယ်တော့ ချစ်ကို စိတ်ရှိလ





ချစ်ပစ်လိုက်ချင်ပါပြီ"

မင်းခန့်၏အနမ်းတွေ ဝီရပါးပြင်မှတစ်ဆင့် လည်တိုင်၊
လည်တိုင်မှတစ်ဆင့်။

ဝီရမေ ဘယ်လိုမှ ငြင်းဆန်ဖို့အင်အားမရှိတော့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"ဟင် ဒါ ဒါက ဘယ်လိုဖြစ်တာလဲ"

အလင်းရောင်ကောင်းစွာမရှိသော ညှိုးစိုစိုဟောင်စပ်စပ် အိပ်ခန်း တစ်ခုတွင်းမှာ ချစ်သူနှင့်အတူ ယှဉ်တွဲအိပ်နေမိသော ဝီရအဖြစ်။

တကယ်ပင် ကိုယ့်ကိုယ်ကိုယ် မယုံကြည်ချင်ပါ။ ဝီရ အဲလောက်ထိ ချစ်သူအပေါ် ပေးဆပ်ခဲ့မိပြီ။ ရင်ထဲမှာ ပြောင်းဆန်အောင် စိတ်တွေ လှုပ်ရှားမိသွားပေမယ့် စိတ်ထဲမှာတော့ ချစ်သူကို နည်းနည်းလေးမှ စိတ်မဆိုးမိ။

စိတ်ရောကိုယ်ပါ နှစ်ပြီး ချစ်ခဲ့မိသော မိမိ၏ရက်ရောမှုတွေကို ချစ်သူက တန်ဖိုးမဲ့သောအရာဟု ထင်သွားမှာကိုပဲ ဝီရ စိုးထိတ်မိတာပါ။

"ချစ် နိုးပြီလား"

"ကိုနဲ့ဝီရ အချစ်နယ် ကျွံမိကြပြီနော်"

"သိပ်ချစ်ကြလို့ ဖြစ်သွားကြတာပဲလေ၊ ခုလိုမျိုး ဒုက္ခတွေ





...တွေ့ချိန်မှာ ချစ်က ကိုယ့်အတွက် အားဆေးတစ်ခွက်ပဲလေ၊ ကိုယ်တို့ ... လက်ထပ်ကြမှာပဲလေ၊ အဲဒီအတွက် ဘာမှ တွေးမပူပါနဲ့"

"ဝီရ ပြန်တော့မယ် ကို"

"နေပါဦး ချစ်ရယ်၊ ကိုယ် ချစ်နဲ့မခွဲချင်သေးဘူး၊ ချစ်ပြန်သွား... မှောင်မိုက်တဲ့အိမ်ကြီးထဲမှာ ကိုယ်တစ်ယောက်ထဲ ကျန်ခဲ့ပြီ၊ ဟိုတွေး ...တွေးနဲ့ အားငယ်သလို ခံစားရတယ်၊ ဒါကြောင့် ကိုယ့်ဘေးမှာ ခဏ ...တော့ နေပေးပါနော်၊ ကိုယ်ချစ်လို့ ဖက်ထားချင်သေးတယ်ကွာ"

ပြောရင်းဖြင့် ဝီရ ကိုယ်လေးကို တင်းကြပ်စွာဖက်ထားပြန် ...သည်။

ဒီညနေခင်းလေးဟာ ဝီရ ရင်ထဲကိုခံစားမှုပေါင်းစုံ တိုးသိပ် ...နေသော ရင်ခုန်စရာညနေခင်းလေးပါပဲ။ ထိုညနေခင်းလေးအတွက် ...ခုန်သံတွေ ထပ်ညှိနေကြစဉ်မှာပင် မင်းခန့်ထံမှ ဖုန်းမြည်လာသည်။

"ဟာကွာ အရေးထဲ ဘယ်ကဖုန်းလဲ"

ဝီရမေကို ဖက်ထားရာမှ ဖုန်းကိုလှမ်းယူကာ ထူးလိုက်သည်။

"ဟဲလို ပြော ဗလကြီး"

မင်းခန့်ပြောပုံဆိုပုံက ပွင့်လင်းသွက်လက်လွန်းနေသည်။ ဝီရ ...တိထားမိနေသည်။

"အေးပါ ငါ့ဘက်က အမြဲတမ်း ရယ်ဒီပါပဲကွာ၊ မင်းတို့သာ ...မြန်လာကြ၊ တွေ့မှ အသေးစိတ်တိုင်ပင်မယ်ကွာ၊ ခု ငါ့အချစ်လေးနဲ့ ...တူရှိနေတဲ့အချိန်ကို မင်းတို့ကို ဖွဲ့မပေးနိုင်ဘူး၊ ဒါပဲ ဟေ့ကောင်"

မင်းခန့် ဖုန်းကိုပိတ်လိုက်ပြီး စားပွဲပေါ် ပစ်တင်လိုက်ရင်း



www.burmeseclassic.com

www.burmeseclassic.com



"တော်တော်ရစ်တဲ့ကောင်တွေကွာ ချစ်နဲ့ရင်ခုန်ရတာ ဗိုလ
ပျက်တယ်"

"ဝိရ ပြန်တော့မယ် ကို၊ အိမ်ပြန်နောက်ကျရင် မေမေ စိတ်
နေလိမ့်မယ်"

နာရီကိုကြည့်တော့ ညနေ ငါးနာရီပင် ကျော်နေပြီမို့ ဝိရပြန်
ဖြစ်တော့မည်။

"အင်းပါ ချစ်ပြန်ဖို့နောက်ကျနေမှာစိုးလို့ ကိုယ် မဆွဲထား
တော့ပါဘူး"

ဝိရ ခန္ဓာကိုယ်ပေါ်က အင်္ကျီကိုဆွဲဆန့်ပြီး ခေါင်းမှဆံစတို
ဖြီးလိုက်သည်။

"နောက်နေ့တွေလည်း ကိုယ့်ဆီလာပါဦးနော် ချစ်"

"အင်းပါ လာခဲ့ပါမယ်၊ ဘာစားမလဲ ဘာဝယ်ခဲ့ရမလဲ"

"ချစ် ဝယ်ချင်တာဝယ်ခဲ့ကွာ ဘာဖြစ်ဖြစ်ရတယ်"

ဝရမ်းပြေးတစ်ယောက်ကို ခိုးကြောင်ခိုးဝှက် လာတွေ့ရသော
အဖြစ်မျိုးရောက်နေသည့်အခြေအနေမို့ ချစ်သူကို စိတ်ထဲမှာ သနားနေ
မိသည်။

အိမ်အပြန်လမ်းတစ်လျှောက်လုံး ကားမောင်းရတာ စိတ်မပါ

■ ■ ■

"သမီး မျက်နှာလည်း မကောင်းပါလား၊ ဘာဖြစ်လာလို့လဲ"

အိမ်ထဲဝင်ဝင်ချင်း မေးလာသော မေမေ့အမေးကြောင့် ဝိရ
အမူအရာပျက်နေပြီဆိုတာ ကိုယ့်ကိုယ်ကိုယ် ပြန်သတိပေးလိုက်သည်။





"ဒီနေ့ စိတ်မကောင်းစရာတစ်ခု ဖြစ်လာတယ် မေမေ"

မထူးတော့ပြီမို့ အပြစ်လုပ်ထားမိသည်ကို ကြည့်ကောင်းအောင်
...ညာရတော့မှာပင်။

"ဘာဖြစ်လာလဲ သမီး၊ လာ ထိုင်ပါဦး မေမေ့ကိုပြောစမ်း"

ဝိရ ဘယ်လိုအကြောင်းပြချက်ပေးရင် ကောင်းမလဲ စဉ်းစား
...း မိခင်ဖြစ်သူနား စိတ်ပျက်လက်ပျက် ထိုင်ချလိုက်သည်။ စိတ်ထဲမှာ
...ုံမလဲဖြစ်မိတာ ကိုယ်သာလျှင်အသိဆုံးပါ။ ဒီနေ့ ဝိရအပြစ်တွေ
...ျားကြီးလုပ်လာတာပါ။ မေမေသာသိခဲ့ရင် ဝိရကို ဘယ်လောက်
...ပြစ်တင်ပြောလိမ့်မလဲ။

"သမီး ပြောလေ ဘာဖြစ်လာတာလဲ"

"ဒီနေ့ အလုကုန်ပစ္စည်း မိတ်ဆက်ပွဲသွားတာ ဝိရရဲ့ဆွဲကြိုး
...တ်ကျကျန်ခဲ့တယ် မေမေ၊ မနက်ကတည်းက ချိတ်ကိုသေချာမတတ်
...ူးထင်ပါရဲ့၊ သူငယ်ချင်းတွေပါ အားလုံးဝိုင်းရှာပေးကြပေမယ့် ပြန်
...တွေ့တော့ဘူး၊ တော်တော် နမော်နမဲ့နိုင်တာ မေမေရဲ့"

စိတ်မကောင်းဖြစ်နေသော ဝိရကိုကြည့်ပြီး မေမေ နှစ်သိမ့်သော
...ပြုံးကိုပြုံးပြီး

"မေမေက ဘာများလဲလို့ ရင်ကိုထိတ်သွားတာပဲ သမီးလေး
...ယ်"

"အဲဒီကြိုးက ဖေဖေ ဝိရကို ဆယ်တန်းအောင်တုန်းက လုပ်
...ထားတဲ့ကြိုးလေးမို့ ယူကြုံးမရဖြစ်နေမိတာပါ မေမေရာ၊ အမှန်ဆို
...များတဲ့နေရာမျိုးတွေကို ဝိရ မသွားသင့်ဘူး၊ အရမ်း ဝမ်းနည်းတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဝီရ မျက်ရည်ဝဲတက်လာသည်။ မေမေ့အမြင်မှာတော့ ဝီရ ဆွဲကြိုးကို ဆုံးရှုံးလိုက်ရလို့ ဝမ်းနည်းပြီး ငိုတဲ့အမြင်မျိုး မြင်နေလိမ့်မည် တကယ်တမ်း ဝီရ ဝမ်းနည်းတာက တစ်ခါမှ မလိမ်ဖူးပါဘဲနှင့် မေမေ့ ပိပိရိရိလိမ်နေရခြင်းကိုပါပဲ''

''သမီးရယ် ဘာများဝမ်းနည်းစရာရှိလဲကွယ်၊ သမီးမှာ ဝ စရာဆွဲကြိုးတွေ တစ်ပုံကြီးပဲလေ၊ ကြိုက်ရာယူဝတ်ပေါ့''

မိခင်က အပြစ်မတင်လေ ဝီရ စိတ်က လိပ်ပြာမသန့်လေပါ

''ဒီကြိုးက ဖေဖေ လက်ဆောင်ဝယ်ပေးထားတဲ့ကြိုးပါ၊ စိတ် မှာ နှမြောနေမိတာပါ မေမေရယ်''

မိခင်ယုံအောင် ဟန်ဆောင်သရုပ်ပြနေရ၍ ဝီရစိတ်တွေ ကျပ်စေတာတော့ အမှန်ပင်ဖြစ်သည်။

■ ■ ■



အခန်း (၂၃)

''နင် ခုတစ်လော ပျောက်ချက်သားကောင်းနေပါလား ဝီရ၊ ယ်တွေသွားပြီး ဘာတွေလုပ်နေလဲ''

နိုင်ဇာနှင့်ယမင်း အမေးကိုဖြေဖို့ ဝီရ အင်အားမရှိပါ။

''ငါ နေသိပ်မကောင်းလို့ အိမ်မှာခွေနေတာလေ၊ ဘယ်မှ မသွား

''ဟင် နေမကောင်းလို့ ခွေနေတာ ဟုတ်လား''

နိုင်ဇာ အမေးကြောင့် ဝီရ ရိုးသားစွာ ခေါင်းညိတ်ဖြေလိုက် ည်။

''အစားအသောက်ရော စားကောင်းလား''

''ဟင့်အင်း''

ယမင်း အမေးကို ခေါင်းခါပြီး ဖြေသည်။

''ဒါဆို သေချာပြီ''



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ"

ဝီရအမေးကိုမဖြေဘဲ ခိုင်ဇာနှင့်ယမင်းတစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။

"ဟဲ့ နင်တို့နှစ်ယောက် ဘာဖြစ်နေတာလဲ၊ အူကြောင်ကြောင်နဲ့"

"ငါတို့ နင့်ကို သံသယဝင်နေတာ"

"ဘာသံသယလဲ"

"မ မဟုတ်မှလွဲရော နင်နဲ့ နင့်ဘဲနဲ့အပြင်မှာတွေ့နေကြပြီး တော့ မှားမျှားမှားပြီးကြပြီလားလို့"

ခိုင်ဇာ့စကားကြောင့် ဝီရ မျက်စိမျက်နှာပျက်သွားကာ

"ဟာ နင်တို့နော်"

"နင်က ပိန်လည်းပိန်သွားတယ်၊ အစားအသောက်ကလည်း ပျက်တယ်ဆိုတော့ ငါတို့က အဲလိုထင်တာပေါ့လို့"

"အစားအသောက်ပျက်တိုင်း အဲလိုထင်စရာလား"

"သိဘူးလေ ငါတို့က စိုးရိမ်တာ"

"ဒါစိုးရိမ်တိုင်း ပြောရမယ့်စကားလားလို့ ဟွန့်"

ဝီရ နှုတ်ခမ်းစူကာ မျက်စောင်းထိုးတော့ ခိုင်ဇာနှင့်ယမင်း အားနာသွားကြဟန်ဖြင့် ခပ်ဖြီးဖြီးလေးရယ်ကြသည်။

"နင် ပိန်သွားတာတော့ အမှန်ပဲဟာယ်၊ ကျန်းမာရေးကိုတော့ ဂရုစိုက်ပါ"

"နင့်မှာ သောကဖြစ်စရာတွေရော ရှိနေလား ဝီရ ငါတို့ ပြော"





ခိုင်ဇာနှင့်ယမင်း အတင်းအစ်အောက်မေးနေကြသည်။ ဝီရဟာ သစ်ဥကတည်းက ဘာလျှို့ဝှက်ချက်မှမရှိဘဲ သူငယ်ချင်းတွေနဲ့ ပေါင်း သင်းခင်မင်လာတာမို့ သူတို့ ဝီရမျက်နှာပေါ်မှ သောကရိပ်တချို့ကို ဆယ်မိနေကြတာ ဖြစ်သည်။

တကယ်ဆို ဝီရကလည်း ဖုံးကွယ်မထားချင်ပါဘူး။ သူတို့ကို ပြောပြလိုက်ရင် ရင်ထဲမှာ ပေါ့သွားမယ်ဆိုတာ သိနေပါတယ်။ ဒါပေမဲ့ ဒီပြဿနာက ပြောပြလို့မရတဲ့ပြဿနာဖြစ်နေတာကို ဝီရ ဘယ်လိုမှ ပြောပြ၍မဖြစ်။

"မဖြစ်ပါဘူးဟာ ခုတစ်လော ညဘက် အွန်လိုင်းသုံးတာများ ၍ မျက်ရိုးတွေ ကိုက်နေတယ်၊ အာရုံကြောလည်း သိပ်မကောင်းဘူး။ ကြောင့် ငါနေရတာ မလန်းဘူးဖြစ်နေတာဟ"

"ဒါဆို လိုင်းသိပ်မတက်နဲ့လေဟာ နင်ကလည်း နင့်လူနဲ့ စကားပြောရင် ဖုန်းနဲ့ပြောပေါ့၊ ငါတို့တောင် ခုတစ်လော လိုင်းသိပ်မတက် ဘူး တက်ဖြစ်လည်း ခဏပဲ စိတ်ရှုပ်ရတယ်"

သူတို့ ပြောသလောက်သာလွယ်ရင် ဝီရအတွက် ဘာအရေးလဲ။ ဒါက တော်ရုံ စိတ်ညစ်တတ်သူမဟုတ်။

"အေးပါ ငါလည်း မသုံးတော့ပါဘူး"

"ဒါဆိုရင် ထဟာ ငါတို့ရုပ်ရှင်သွားကြည့်ကြမယ်"

"ဟာ မကြည့်ချင်ပါဘူး"

"နင်ကလည်းဟာ တစ်ခါတလေကြည့်ရတာကို ဘာလဲ နင် မှာစိုးလို့လား ဟမ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ မဟုတ်တာ၊ ငါက အဲလောက်ပိုက်ဆံကို မှုလို့လား

"ဒါဆိုရင် ထဟာ ရေချိုး ငါတို့သုံးယောက်ရုပ်ရှင်ကြည့် ပြီးရင် ရွှေကောင်းမှာ ဟော့ပေါ့သွားစားမယ် ငါကျွေးမှာပါ"

ယမင်း အိပ်ရာထဲ ခွေနေသော ဝီရကို အတင်းဆွဲထူသည်

ဒီထက်ဆက်ပြီး ငြင်းနေလျှင် သူငယ်ချင်းတွေ ပို၍ သံသ ရှိသွားနိုင်သည့်မို့ ရုပ်ရှင်ကြည့်ချင်စိတ်မရှိပေမယ့် လိုက်ကြည့်ရန် ဆုံး လိုက်သည်။

"အေးပါဟာ ကြည့်ပါ့မယ်၊ ဒီနေ့တော့ နစ်တို့သဘော၊ တ ပဲ ဘယ်လိုမိန်းမတွေလည်းမသိဘူး၊ သူများနေမကောင်းလို့ ကော ကောင်းအနားယူရမလား မှတ်တယ်၊ ဖွတ်အတင်းကို နှောင့်ယှက် ဝင်တော့တာပဲ"

ဝီရ သူငယ်ချင်းတွေကို ပြောဆိုပြီး ရေချိုးခန်းဝင်ခဲ့လိုက်သ ချစ်သူအတွက် သောကပွေနေပေမယ့်လည်း ဝီ သူငယ်ချင်းတွေကိုလည်း ဝီရ ချစ်ခင်သည့်မို့ သူတို့အတွက်လ အချိန်ပေးရဦးမည်ဟုတွေးပြီး ရင်ထဲက သောကကို ခဏ မေ့ထားလိုက်ရုံပင်။

■ ■ ■

"ဟော သမီးတို့ရောက်နေတာပဲ"

ဝီရ ရေချိုးနေခိုက် နိုင်ဇာနှင့်ယမင်း ဝီရအခန်းထဲတွင် ထိုင်ကြည့်နေကြစဉ် ဝီရ၏မိခင် ဝင်လာသည်။

"ဟုတ်ကဲ့ အန်တီ ဝီရကို ရုပ်ရှင်ကြည့်ဖို့ လာခေါ်တာ





"သြော် အေးကွယ် ကောင်းပါတယ် အပြန်သိပ်တော့ မိုးမချုပ် နဲ့ပေါ့၊ ဟိုနေ့ကလည်း သမီးတို့နဲ့ အလှကုန်ပစ္စည်းမိတ်ဆက်ပွဲ တာ သူ့ဆွဲကြိုးပြုတ်ကျကျန်ခဲ့တယ်လေ၊ အဲဒီအတွက် စိတ်မကောင်း း အခန်းထဲအောင်းနေတာကွဲ့"

ဝီရ မိခင်စကားကြောင့် နိုင်ဇာနှင့်ယမင်း အံ့သြသွားပြီး တစ် က်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။

"ဘယ်တုန်းက ပြုတ်ကျတာပါလိမ့်"

ယမင်း ခပ်တိုးတိုးမေးသည်ကို ဝီရ၏မိခင်ကြားသွားပြီး

"ဟင် သမီးတို့ပါ ပါတယ်လေ၊ မဟုတ်ဘူးလား"

ယမင်း မရဲတရဲ ခေါင်းခါလိုက်သည်။

"သမီး မပါဘူး အန်တီ၊ ဘယ်တုန်းက ပြုတ်ကျမှန်းမသိလိုက်

မလိမ်တတ်သော ယမင်းစကားကြောင့် ဝီရမိခင်တွေဝေသွား သမီးပြောတုန်းက နိုင်ဇာနှင့်ယမင်းပါ အတူဝိုင်းရှာပေးပေမယ့် ကို လုံးဝရှာမတွေ့ကြောင်း ပြောခဲ့သေး၍ အမေဖြစ်သူကတောင် သိမ့်ပေးခဲ့ရသေးတာပဲ။

"အန်တီ ခုရော ပြန်တွေ့ရဲ့လား"

နိုင်ဇာအမေးကြောင့် တွေးနေရာမှ ဘာမှမဖြစ်သလို ဟန်ဖြင့်

"အေးပါ သမီးတို့ ထိုင်ကြဦးလေ၊ အန်တီလည်း ခုမှအပြင်က တာလို့ ဒီနေ့ ကုန်စည်ဒိုင်သွားတာလေကွယ်၊ ပင်ပန်းလိုက်တာ မပြော



www.burmeseclassic.com

www.burmeseclassic.com



ပါနဲ့တော့၊ မနက်စာထမင်းတောင် မစားရသေးဘူး''

''ဩော် အတော်တောင် နောက်ကျနေပြီပဲ အန်တီရယ်''

နိုင်ဇာ စိတ်ပူစွာဖြင့် လောကွတ်စကား ဆိုလိုက်သည်။

''အေးကွယ် ဒါဆို အန်တီ ထမင်းစားလိုက်ဦးမယ်နော်''

''ဟုတ်ကဲ့ပါ အန်တီ''

နိုင်ဇာနှင့်ယမင်းကို နှုတ်ဆက်ပြီး အခန်းထဲမှပြန်ထွက်... သော ဝီရအမေ၏အမူအရာကိုကြည့်ပြီး နိုင်ဇာနှင့်ယမင်း အဓိပ္ပာ... သော အကြည့်ဖြင့် ပြိုင်တူကြည့်လိုက်ကြသည်။

''ဝီရ ငါတို့ကို လျှို့ထားတာ တစ်ခုခုရှိနေပြီနော် ယမင်း''

''အေး အန်တီလည်း ပြောမယ့်စကားကို ဆက်မ... ဘရိုတ်အုပ်သွားတာ သိသာတယ်၊ ဘာလဲတော့မသိဘူး တစ်ခု... တစ်ခုခုပဲ''

■ ■ ■

## အခန်း (၂၄)

''ဘယ်လို နောက်ထပ်ဆယ်သိန်း ထပ်တောင်းတယ် ဟုတ်... ကို''

''ဟုတ်တယ် ချစ်ရာ၊ ကိုယ်လည်း စိတ်ညစ်တယ်၊ သူတို့... က လူတစ်ယောက်လုံးသေတာမို့ သိန်းသုံးဆယ်လောက်တော့ ပေး... ပါတယ်တဲ့၊ နောက်ပြီး နာရေးကုန်ကျစရိတ်ကိုလည်း ကိုယ်ပဲ တာဝန်... ရမယ်တဲ့၊ ပိုဆိုးတာက သူတို့က ဖြစ်ဖြစ်ချင်း စခန်းကို အမှုသွား... တားလို့ စခန်းက အမှုဖွင့်ပြီးပြီတဲ့''

စိတ်ပျက်စွာ ရှင်းပြနေသောစကားကြောင့် ဝီရမေလည်း စိတ်... လွန်း၍ ဘာအကြံမှပင် မပေးတတ်တော့၊ ပြဿနာက ဝင်လာတော့... အဖော်အပေါင်းနှင့် ဝင်လာရတယ်လို့။

''အဲဒါဆို ဘယ်လိုလုပ်ကြမလဲ ကို''

''ကိုယ်လည်း ဘယ်လိုလုပ်ရမှန်း မသိတော့ဘူး၊ မာမီတို့ကို ...လောလတ်လတ် ပြောရင် သူတို့ ကိုယ့်ကို မြန်မာပြည်မှာ တင်




www.burmeseclassic.com

www.burmeseclassic.com



ယောက်ထဲ ထားမှာမဟုတ်ဘူး၊ ဟိုကိုခေါ်သွားကြမှာကွ၊ ဒါကြော
ပြဿနာကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဖြေရှင်းနေရတာ ချစ်ရဲ့၊ အ
ပိုဆိုးတာကလေ အမှုကိုစွဲချက်မတင်အောင် ငွေထပ်လိုက်ရမယ့်အ
အနေပဲ၊ ဒါပေမဲ့ အခု ပြည်သူ့ရဲတွေက ငွေလိုက်လည်းမရဘူး၊ စာ
ကြီးအတိုင်းလုပ်ကြမယ်ဆိုရင် ကိုယ်ထောင်ကျမှာ''

ချစ်သူ ထောင်ကျမယ်ဆိုတဲ့အကြောင်းကို စကားအဖြစ်နဲ့
တာတောင် ဝီရ မခံစားနိုင်ပါ။ တကယ်သာ ရင်ဆိုင်ကြုံတွေ့ရမည်
လျှင် ဝီရ နေရာမှာပင် ပုံလျက်သတိလစ်မေ့မျောသွားမလား မှတ်ထင်
''ဟင့်အင်း ကို့ကို ထောင်ကျမခံနိုင်ပါဘူး၊ အခု ကို လို
ငွေကို ဝီရ ရအောင်ဖန်တီးပေးမယ် ကို''

''ဝီရရယ် ကိုယ့်ကိုအဲလောက်ချစ်ရသလားကွာ''

ဝီရ ကိုယ်လုံးလေးကို ရင်ခွင်ထဲ ဆွဲသွင်းလိုက်ပြီး အနမ်း
တွေ ဝေါခနဲ ရွာချလိုက်သည်။

''ဒီထက်တောင် ပိုပါသေးတယ် ကိုရယ်''

''ဒီပြဿနာတွေအားလုံး ပြေလည်သွားရင် ဒယ်ဒီနဲ့မာမီ
မြန်မာပြည် မြန်မြန်ပြန်လာဖို့မှာလိုက်တော့မယ်ကွာ၊ ကိုယ် ဝီ
လက်ထပ်မှုဖြစ်တော့မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်တို့ မှားပြီး
ဆိုတော့ အချိန်မီ ကြိုတင်လက်ထပ်ထားမှ ဖြစ်မယ်''

''ဟုတ်တယ် ကို၊ ဝီရ အဲဒီအတွက် စိတ်ထဲမှာထင့်နေတာ
မေမေသာသိရင် ပြဿနာအကြီးကြီးတက်မှာ ကိုရဲ့''

''ကိုယ်လည်းချစ်လွန်းလို့ ဖြစ်သွားတာပါ၊ အဲဒီအတွက်





ားလည်ပေးနော်၊ ချစ်ကို လက်ထပ်ပြီးရင် ဒီထက်အဆပေါင်းများစွာ
စ်ပေးပါ့မယ်''

''ဝီရလည်း ကို့အပေါ် တာဝန်ကျေတဲ့ ချစ်သူတစ်ယောက်
ဖြစ် ထာဝရနေပေးပါ့မယ်''

''ဟာ ချစ်သူမဟုတ်တော့ဘူးလေ၊ ဇနီးဖြစ်နေပါပြီဆိုမှ မိန်းမ
ကွာ ချစ်ကလည်း''

''အင်းပါ ဟုတ်ပါပြီ ကိုပဲ ခုလောလောဆယ် အမှုမဖြစ်အောင်
ားပါနော်၊ ကို တစ်ခုခုဖြစ်ရင် ဝီရသေမှာ သိလား''

''သိပါတယ် ချစ်ရယ်၊ ဒါနဲ့ ဟိုလေ ချစ် ဘယ်တော့ဖန်ပေး
လဲ''

''စိတ်ချပါ ဝီရ အားလုံးအဆင်ပြေအောင် ဖန်တီးပေးမယ်နော်

''အိုကေပါ အဲဒီငွေအားလုံးကို ကိုယ်ပြန်ပေးပါ့မယ်နော် ချစ်၊
ဒီတို့လာရင် ကိုယ် အားလုံးအဆင်ပြေပါပြီ''

''ချစ်သူနှစ်ဦးကြားမှာ ဒါတွေလိုလား ကို၊ ဒီငွေတွေပြန်မပေး
ည်းရတယ်၊ ကိစ္စမရှိဘူး၊ အဓိကက ကို အခက်အခဲကြားက လွတ်
က်ဖို့ပဲ ဝီရ လိုချင်တာ''

''ဟုတ်ပါပြီ အားလုံး အဆင်ပြေသွားမှာပါ၊ ကိုယ့်ဘေးမှာ
ယ်တင်ရှင်မလေးတစ်ယောက်လုံး ရှိနေမှတော့ ဒါတွေက ခဏပါပဲ၊
လုံး ပြီးသွားလိမ့်မယ် သိပ်မကြာပါဘူး''

ချစ်သူ၏စကားလုံး ချိုချိုတွေထဲမှာ မျောကာ တစ်ဘဝမှာ



www.burmeseclassic.com

www.burmeseclassic.com



အချစ်တွေပုံမိသည့်အတွက် ဝီရ ဘယ်တော့မှ နောင်တရလိမ့်မည်မဟုတ်

အချစ်ကို အချစ်လို့သာတွေးရင် ချစ်သူနှစ်ဦးစလုံးကြား ရှိတဲ့အရာအားလုံးဟာ ပြဿနာမဟုတ်တော့ပါဘူး။ ဒါဟာ ရင်ဘတ် က သူ့အလိုလို ပေါက်ဖွားလာတဲ့ ခံစားမှုစစ်စစ်တစ်ခု။

ဝီရ ကားမောင်းနေရင်းမှ ပလက်ဖောင်းတစ်ခုပေါ်မှ ဖွား လမ်းလျှောက်သွားနေတာကိုတွေ့ပြီး ကားကိုလမ်းဘေးထိုးချရပ်လိုက်

"ဖွားမှုံ"

ဝီရ ခေါ်သံကြောင့် ဖွားမှုံ လှည့်ကြည့်သည်။ ဝီရကိုမြင်တော ပင်ပန်းနွမ်းနယ်နေသောမျက်နှာက ချက်ချင်းပျက်ယွင်းသွားသည်။

"ကလေးမပါလား"

"လာ တက် ဖွားမှုံ ဝီရ လိုက်ပို့မယ်"

ဖော်ရွေစွာဖြင့် ကားပေါ်တက်ဖို့ ခေါ်နေသဖြင့် ဖွားမှုံ မငုံ မျက်နှာဖြင့် ခေါင်းခါသည်။

"ဟင့်အင်း မတက်တော့ပါဘူးကွယ် သမီး သွားစရာရှိတာ သွားပါ"

"ဟာ ဖွားမှုံကလည်း ဘာများအားနာနေတာလဲ၊ လာပါ တ ဝီရ စေတနာကို မငြင်းပါနဲ့၊ ဒီလောက်နေပူနေတာ ထီးလည်း လမ်းမပေါ်လျှောက်သွားနေတဲ့ ဖွားမှုံကို ဝီရ ဘယ်လိုထားခဲ့ရမလဲ တ ပါနော်"

တောင်းပန်တောင်းပန်နှင့်ဖွတ်အတင်း ကားပေါ်တက်ဖို့ နေသဖြင့် ဖွားမှုံ မငြင်းသာတော့ဘဲ ဝီရမေ၏ကားပေါ်တက်လိုက်ရ



သည်။

ဒီတော့မှ ဝီရ စိတ်ကျေနပ်သွားဟန်ဖြင့် ကားကိုမောင်းထွက် လိုက်သည်။

"ဖွားမှုံ ပိန်သွားတယ်နော်၊ နေမကောင်းဘူးလား"

"ခုတစ်လော ဆီးချိုတွေ ပြန်တက်နေလို့ သမီးရယ်"

"ဩော် ဆီးချိုရှိတာလား။ ဂရုစိုက်နော် ဖွားမှုံ အသက်ကြီးပြီ"

"အေးပါ သမီးရယ်၊ ဖွားမှုံ ဂရုစိုက်ပါတယ်၊ ဒါနဲ့ သမီးက ဘယ်ကပြန်လာတာလဲ"

"ကိုမင်းခန့်နဲ့သွားတွေ့တာလေ"

"ဩော်"

ဖွားမှုံ၏ဩော်ဆိုသော အသံက အသက်သိပ်မပါလှ။

"ဒါနဲ့ ဖွားမှုံတို့ နောက်သုံးလေးရက်လောက်ဆိုရင် အိမ်ပြန်နေ ရတော့မှာပါ၊ ကိုမင်းခန့် ပြဿနာကို ဝီရ ဖြေရှင်းပေးဖို့ ကြိုးစားနေတယ် သိလား"

ကားမောင်းရင်း ပြုံးရွှင်စွာပြောနေသော ဝီရကို ဖွားမှုံ အကဲ ခတ်ကြည့်သည်။ ပြီးနောက် နားမလည်ဟန်ဖြင့်

"ဘာကိုလဲ သမီး ဖွားမှုံတို့က ဘယ်အိမ်ကိုပြန်ရမှာလဲ"

"ကိုမင်းခန့်အိမ်ကိုလေ သူ ကားအက်ဆီးဒင့်ဖြစ်လို့ ဖွားမှုံနဲ့ ခနော်ကိုပါ အိမ်က ခဏရှောင်ခိုင်းထားတယ်မို့လား"

"အို ဘယ်ကလာ ဘာအက်ဆီးဒင့်လဲ ဒီကောင်လေး ဘာတွေ မှုပ်နေပြန်ပြီလဲကွယ်၊ ခက်တော့နေပါပြီ အင်း ဒါကြောင့် ခုတစ်လော



www.burmeseclassic.com

www.burmeseclassic.com



ဖွားမုံ့ စိတ်တွေလေးနေတာကိုး''

ဖွားမုံ့ ဘာကိုရည်ရွယ်ပြီး ပြောနေမှန်း ဝီရမေ တကယ်ပင် နားမလည်နိုင်ပါ။

''ဖွား ဘာကြောင့် စိတ်လေးနေတာလဲ၊ ပြောပါဦး အိမ်ကို ရဲတွေလာစစ်မှာစိုးလို့လား''

''ဘယ်အိမ်လဲ သမီး၊ ပုံစံကြည့်ရတာ သမီးကို သူ လှည့်စားထားပြီထင်တယ်''

ဝီရ ကားကိုလမ်းဘေးသို့ ထိုးရပ်ရပြန်သည်။ ဖွားမုံ့ပြောသော စကားတွေက တော်တော်လေး ထူးဆန်းနေသည်။

''ဖွားမုံ့ ဝီရကို ရှင်းအောင်ပြောပေးပါလား၊ ကိုက ဝီရကို ဘယ်လိုလှည့်စားထားသလဲဆိုတာ ဝီရ သိချင်တယ်''

ဝီရ စိတ်တွေလှုပ်ရှားစပြုနေပြီ။ ကိုယ်က တစ်ဘဝစာ အသွေးအသားတွေကိုပါ ပေးထားရတာလေ။ ခုချိန်မှာ နည်းနည်းလေးမှ မှားယွင်းလွဲချော်လို့မဖြစ်။

''တကယ်တော့ အဲဒီအိမ်ကြီးက သူများအိမ်ပါ''

''ရှင်''

ဝီရ အံ့ဩတုန်လှုပ်သွားသည်။

''ဟုတ်တယ် သမီးရယ်၊ အဲဒီအိမ်ရှင်တွေက အမေရိကားမှာပါ။ ဖွားမုံ့တို့ကို အိမ်ခဏစောင့်ခိုင်းခဲ့တာပါ၊ ဒါကြောင့် ဖွားမုံ့တို့မြေးအဘွားတွေ အဲဒီအိမ်ကြီးမှာ အိမ်စောင့်အဖြစ်သွားနေပေးရတာပေါ့၊ ခုတော့ အမေရိကားက မိသားစုတွေ ပြန်လာပြီမို့ ဖွားမုံ့တို့ ကိုယ့်အိမ်ကိုယ်





ပြန်လာကြရတာလေ၊ ဒီအကြောင်းတွေကို အဲဒီအချိန်ကတည်းက သမီးကို ဖွားမုံ့ပြောပြချင်ခဲ့တာပါ''

ဝီရ ရင်တွေတဖျတ်ဖျတ်ခုန်လာသည်။ ဘယ်လိုမှ ထင်မှတ်မထားခဲ့တာတွေက ဝီရ ဘဝထဲ တန်းစီဝင်လာပြီး အမျိုးမျိုးလှည့်စားနေကြပါလား။

''ဒါဆို သူက သူဌေးသား မဟုတ်ဘူးလား''

''ဘယ်ကလာ သူဌေးရမှာလဲကွယ်''

''ဒါဆို သူစီးနေတဲ့ကားတွေ သူဝတ်နေတဲ့ အကောင်းစား အဝတ်အစားတွေ၊ သူသုံးနေတဲ့ ငွေတွေကရော''

စိတ်စောစွာမေးနေသော ဝီရကိုကြည့်ပြီး ဖွားမုံ့ သက်ပြင်းခပ်ဖျော့ဖျော့ချကာ

''သားက အပေါင်းအသင်းအရမ်းများတယ်၊ အပြောကောင်းတယ်၊ ပေါင်းတတ်သင်းတတ် ကလားဖန်ထိုးတတ်တယ်ဆိုတော့ သူငယ်ချင်းအပေါင်းအသင်းတွေက ယုံကြည်ပြီး ငှားကြတယ်လေ၊ အားလုံးဟာ သူပိုင်တာ ဘာတစ်ခုမှမရှိပါဘူး မြေးရယ်၊ ဒါကြောင့် မြေးမလေးကို သူ့ကြောင့်မနစ်မွန်းစေချင်ဘူး၊ သူ့ကိုအဆက်ဖြတ်လိုက်ပါတော့''

ဝီရ ပါးပြင်မှ မျက်ရည်ပူတွေ တလိမ့်လိမ့်စီးကျလာသည်။ ရှပ်ရည်နှင့်မိန်းမတစ်ယောက်ကို အယုံသွင်းပြီး အသွေးအသားတွေကို ချွေယူတတ်သော မင်းခန့်ကိုချစ်ခဲ့မိတာ ဝီရဘဝ ကမ္ဘာပျက်ထဲ ရောက်သွားသလိုပါပဲ။

''ဒါဆို သူက ဝီရကို စတွေ့ကတည်းက လိမ်ညာခဲ့တာပေါ့



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား၊ ဖွားမုံ့ အခု ကားတိုက်မှုဖြစ်တာကရော လိမ်တာပဲလား"

ငိုသံနှောသောအသံဖြင့် ဝီရမေ မေးလာသောကြောင့် ဖွားမုံ့ မျက်ခုံးနှစ်ဖက်စုကျုံ့ကာ အံ့ဩသွားပြီး

"ဘယ်လို ကားတိုက်မှုဟုတ်လား၊ ဖွားမုံ့ အဲဒါတော့ မသိဘူး၊ ကားတိုက်ရအောင် သူ့မှာ ဘယ်ကကားရှိလို့တုန်း၊ သူ့သူငယ်ချင်းတွေက သူကားမောင်းကြမ်းလို့ ကားမပေးတော့တာ ကြာလှပေါ့"

"ဘုရားရေ ဒါဆို ဒါလည်း လိမ်တာပဲပေါ့၊ ဝီရမှာတော့ သူ ပြောသမျှ အဟုတ်ထင်ပြီး သူလိုသမျှငွေတွေကို ဖန်တီးပေးနေရတာ၊ မနက်ဖြန်ဆိုရင် သူ့ကိုဝီရ ငွေထပ်ပေးရဦးမှာ"

"ဘုရား ဘုရား ဒီသူငယ် မိုက်တွင်းနက်ပြီးရင်း နက်နေပါလား သမီး ဖွားမုံ့ လေးလေးနက်နက် ပြောပါရစေ"

ဒေါသနှင့်အတူ စိတ်လှုပ်ရှားခြင်းများဖြင့် ဝီရ အောက်နှုတ်ခမ်းကို ပြတ်ထွက်မတတ်ဖိကိုက်ပြီး ဖွားမေကို မျက်ရည်ကြားမှ ခေါင်းညိတ်နားထောင်လိုက်သည်။

"ပြောပါ ဖွားမုံ့ သူ ဘာတွေထပ်ရှုပ်ထားလို့လဲ"

ရင်ထဲမှာ ဒေါသတွေ လှိုက်ခနဲ လှိုက်ခနဲ ဆောင့်ခုန်၍တက်နေသည်။

"မနော်မှာ သူ့ကြောင့် ကိုယ်ဝန်ရှိနေပြီလေ"

လူက ပစ်လဲကျမတတ် မူးမိုက်ပြာဝေသွားသည်။

"ဘုရား ဘုရား ယုတ်မာလိုက်တာ၊ သူ သူ လူမှဟုတ်ရဲ့လား ဖွားမုံ့ရယ်၊ လူမဆန်တဲ့လုပ်ရပ်တွေ လုပ်တာများနေပါလား"





"ဖွားမုံ့အပြစ်တွေပါကွယ် ငယ်ငယ်ကတည်းက မိဘဆိုးလေးမို့ အလိုလိုက်ခဲ့မိတယ်၊ ရုပ်ကလေးကလည်း မင်းသားရုပ်အောင်ချော လွန်းတော့ ငါ့မြေးကြီးလာရင် မင်းသားဖြစ်စေရမယ်ဆိုပြီး ရည်မှန်းချက်ထားပြီး ပိုးမွေးသလို မွေးခဲ့ရတာပါကွယ်၊ ခုတော့ အဲဒါတွေဟာ သူ့ကို အဆိပ်ကျွေးသလိုဖြစ်ခဲ့ရပြီ"

ပြောရင်းဖြင့် ဖွားမုံ့ တရှုံ့ရှုံ့ငိုသည်။ ဖွားမုံ့ကိုသနားတာရော မင်းခန့်ကို နာကျင်ဒေါသဖြစ်ရတာရော ပေါင်းစုံကာ ရင်ထဲမှာ ဗလောင်ဆူနေသည်။

အနီးတွင် မင်းခန့်ရှိခဲ့လျှင် ဝီရ သူ့ကို တစ်ခုခုလုပ်မိမည်မှာ သေချာသည်။

"ဒါကြောင့် မနော်လေးခမျာမှာလည်း သူ့ကိုယ်ဝန်လွယ်ပြီး မစားနိုင်မအိပ်နိုင် ဖြစ်နေရရှာတာပါကွယ်၊ ဒီအကြောင်းတွေကို ဖွားမုံ့ သမီးကိုပြောပြချင်နေတာ ကြာပါပြီ၊ သူ့ဘက်က သမီးကို လွန်လွန်ကျူးကျူး မကျူးလွန်ခင် သမီးအနေနဲ့ ဒီအကြောင်းအရာတွေကို အားလုံး သိထားသင့်တယ်၊ မောင်မင်းခန့်က ဖွားမုံ့ရဲ့မြေးအရင်းဖြစ်ပေမယ့် ကိုယ့်မြေးမိုက်မဲနေတာကို လက်ပိုက်ကြည့်မနေနိုင်လို့ဆိုပေမယ့် ကိုယ့်မြေးကြောင့် မိန်းကလေးတွေရဲ့ဘဝ မနစ်မွန်းစေချင်ဘူးလေ၊ ဒါကြောင့် သမီးလေး သတိထားပြီး ဆက်ဆံပါကွယ်၊ နောက်ပြီး ဖွားမုံ့ တောင်းပန်ပါတယ် သမီးရယ်"

မျက်ရည်လေး စမ်းစမ်း စမ်းစမ်းဖြင့် တောင်းပန်တိုးလျှိုးနေသော ဖွားမုံ့ကိုကြည့်ပြီး ဝီရပါ အားရပါးရ ငိုချလိုက်သည်။ ဖွားမုံ့



www.burmeseclassic.com

www.burmeseclassic.com



လန့်သွားပြီး

"သမီး သမီး ဘာဖြစ်လို့လဲ"

ဝီရ ပခုံးနှစ်ဖက်ကို ကိုင်ပြီး ဖွားမှုံ စိုးရိမ်တကြီးမေးသည်။

"လွန်သွားပြီ ဖွားမှုံရယ်၊ ဝီရ သူ့အပေါ်ပေးဆပ်တာလွန်သွားပြီ၊ သူ သူ ဝီရအပေါ်ကို ယုတ်မာလိုက်ပြီ၊ ဝီရဘဝပျက်သွားပြီ ဖွားမှုံ"

"အလို ဘုရား ဘုရား အဲဒီအခြေအနေကိုတောင် ရောက်နေကြပြီလား၊ အမလေး ကိုယ်ကျိုးတော့ နည်းပါပြီကွယ်၊ ဖွားမှုံတို့ ဘယ်လိုလုပ်ကြမလဲ၊ ဖွားမှုံ သမီးမျက်နှာကိုတောင် ရဲရဲမကြည့်ဝံ့တော့ပါဘူးကွယ်"

ဖွားမှုံပါ ဝီရကိုဖက်ပြီး တသိမ့်သိမ့် ရှိုက်ငိုတော့သည်။ ပြီးနောက် ဖွားမှုံ မျက်နှာ ဆုံးဖြတ်ချက်ကို အခိုင်အမာချပြီးပုံနှင့် အံတင်းချက်ဖိကြိတ်လိုက်ပြီး

"ဒီကောင့်ကို ဒီအတိုင်းဆက်လွှတ်ထားရင် သူ ပိုပိုပြီး မိုက်တွင်းနက်နေဦးမှာပဲ၊ ဒီတော့ ဖွားမှုံ သမီးရဲ့အုပ်ထိန်းသူအနေနဲ့ ဒီကောင့်ကို တရားစွဲမယ်"

"အို ဟင့်အင်း ဝီရ အဲလိုမလုပ်နိုင်ဘူး ဖွားမှုံ၊ သူ့ကို ထောင်မကျစေချင်လို့မဟုတ်ဘူး၊ ဝီရရဲ့အရှက်သိက္ခာကြောင့်ပါ၊ ရပါတယ် ဒီကိစ္စကို ဝီရ ဖြေရှင်းပါ့မယ် ဖွားမှုံ"

ဖြေရှင်းမည်ဆို၍ ဝီရအတွက် ဖွားမှုံ စိတ်ပူသွားပုံရသည်။

"သူနဲ့လုံးဝ မတွေ့ပါနဲ့တော့ သမီးရယ်၊ သူ့အကြောင်းတွေ သမီးသိသွားပြီဆိုရင် သူ့အကျင့်တွေကို ပိုပြီးထုတ်သုံးလာနိုင်တယ်"

"ဒီထက်ပိုပြီး ဘာတွေများထုတ်သုံးစရာရှိတော့လို့လဲ ဖွားမှုံ





ရယ်၊ ဝီရဘဝက သူ့လက်ထဲမှာ တစ်စစီကြွေခဲ့ပြီပဲ"

ရင်ထဲမှာ နှလုံးသားတွေသည် ပက်ကြားအက်၍နေသည်။ ဘဝမှာ ပထမဦးဆုံးချစ်ခဲ့ဖူးသည့် အချစ်သည် အဆိပ်တွေပြည့်နှက်ကာ ဘဝတစ်ခုလုံးကို ဝါးမျိုလိမ့်မည်ဆိုတာ ဝီရ ကြိုသိခဲ့မည်ဆိုလျှင်။

ဘုရားရေ ဝီရဘဝ တကယ်ပဲ စုတ်ပြတ်သတ်ခဲ့ပြီလား။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

"ဖြန်း ဖြန်း"

မင်းခန့်ကို မျက်နှာချင်းဆိုင်တွေ့လိုက်ပြီဆိုတာနှင့် ဝီရ ဒေါသ တွေဟာ အပြင်သို့လွင့်စင်ပေါက်ကွဲထွက်ကုန်သည်။

အရင်အခြေအနေလို့ အချစ်ခန်းဖွင့်ဖို့ အရှိန်ယူကာ ဝီရ နမ်းဖို့ဟန်ပြင်နေသော မင်းခန့် ရုတ်တရက် အငိုက်မိသွားကာ မှင် ဖြစ်သွားသော ပါးကိုပွတ်ပြီး ဝီရမေကို တအံ့တသြ ကြည့်သည်။

"ချစ် ဘာ ဘာဖြစ်လို့ ကိုယ့်ကိုရိုက်ရတာလဲ၊ ကိုယ် ချစ် ဘာအမှားလုပ်မိလို့လဲကွာ"

"နင် ဘာတွေအမှားလုပ်မိသလဲဆိုတာ ငါ့ကို ပြန်မေးရလော အောင် နင်က လူမဟုတ်လို့လား၊ အေးပေါ့လေ လူဖြစ်ပြီး လူကျင့်လူ မကြံခဲ့တော့ အမှားဆိုတာကို နင် ဘယ်သိပါ့မလဲ"

ဒေါသတွေကြောင့် အသားတွေ တဆတ်ဆတ်တုန်လာ





တားလုံးတွေကလည်း မရည်ရွယ်ပါဘဲနှင့် အလိုလိုရင့်သီးကုန်သည်။ အားတွင် အဖော်ပါလာသော မင်းခန့်၏သူငယ်ချင်းဆိုသူက ဝီရအား နှိုးသားသောအကြည့်တွေဖြင့် ကြည့်ကာ ဖရိုဖရဲ ရယ်သည်။

"ခန့်ကြီး မင်းကလည်း အလုပ်လုပ်ရင်မပိရိဘူး၊ ငါပြောတယ် ဒါတို့အစီအစဉ်မပြီးခင် မသိပါစေနဲ့လို့"

"ဩော် နင်တို့က ငါနဲ့ပတ်သက်ဖို့ ကြိုတင်အကွက်ချထားတယ် ဆို ဟုတ်လား၊ လူယုတ်မာတွေ နင်တို့ကို ငါ ဒီအတိုင်းမထားဘူး"

"ချစ် ကိုယ်ရှင်းပြမယ်ကွာ"

မင်းခန့် လက်အစုံက ဝီရကို သူ့ရင်ခွင်ထဲ ဆွဲသွင်းရန် ကြိုးစား ၏ ဝီရ နောက်ကို ခြေလှမ်းခပ်မြန်မြန် ဆုတ်လိုက်ပြီး

"နင် ငါ့အသားကို မထိနဲ့"

"ကျွတ် ချစ်ကလည်း ဘယ်က မဟုတ်တာတွေကို ကြားလာ ပြီး ကိုယ့်ကို ပြဿနာရှာနေတာလဲကွာ၊ ကိုယ် အခုချိန်မှာ ကွိုင်အကြီး ကြီးတက်နေတာ ချစ်လည်းသိရဲ့သားနဲ့၊ အခု ငွေပါလာလား ချစ်၊ ကိုယ်တို့ဒီနေ့လာမယ်လို့ သူတို့ကို ချိန်းထားပြီးပြီ"

မင်းခန့် မျက်နှာသည် ယခင်က ဝီရချစ်သူအဖြစ် နင့်နင့်နဲနဲ ချစ်ခဲ့ဖူးသော မျက်နှာမျိုးမဟုတ်တော့သလို ဝီရ စိတ်ထဲမှာ ရုတ်ချည်း ဆိုသလို သူစိမ်းဆန်သွားသည်။

"ဘာငွေလဲ နင်တို့လိမ်တိုင်း ငါငြိမ်ခံပြီး ထပ်ပေးမယ်များ ထင်နေလား"

"ကျွတ်"



www.burmeseclassic.com

www.burmeseclassic.com



ရင့်သီးနေသော ဝီရ စကားကြောင့် မင်းခန့် မျက်နှာ
အနည်းငယ် တင်းမာလာပြီး ကျွတ်ခနဲ စုတ်သပ်ကာ

"ချစ် စကားပြောတဲ့လေသံကို လျှော့ကွာ၊ ကိုယ်က ချစ်
နေသလို မဟုတ်ဘူးလို့ ပြောတယ်လေ၊ ကိုယ်ပြီးမှ ဒါတွေအားလုံး
ရှင်းပြမယ်"

"မလိုဘူး ဘာမှရှင်းပြမနေနဲ့တော့၊ ငါတို့နှစ်ယောက်ရဲ့
သက်မှုက ပြီးဆုံးသွားပြီ၊ ဒါကြောင့် အခုကစပြီး ငါ့ကိုရော ငါ့ဘဝထဲ
ရော ဘယ်တော့မှ ဝင်မလာပါနဲ့"

နာကျင်ပြတ်သားစွာပြောလိုက်သော ဝီရ စကားကြော
မင်းခန့် ခေါင်းကို ခပ်ဖြည်းဖြည်းခါသည်။

"မရတော့ဘူး၊ ငါ့ရင်ထဲမှာ မင်းကိုတကယ်ချစ်မိပြီးသွား
ဒီအတွက် ငါ့ဘဝထဲမှာပဲ မင်းနေချင်ချင် မနေချင်ချင် နေရမယ်၊
အတင်းရုန်းမယ်ဆိုရင်တော့ မင်းဘဝ ဒီထက်စုတ်ပြတ်သတ်သွားမယ်"

"ဘီလူးရုပ်က ခုမှ သေချာပေါ်လာတာပဲ"

"ဟုတ်တယ် ဒါဟာ ငါ့ဘဝအမှန်ပဲ"

"ထွီ"

ဝီရမေ မင်းခန့်မျက်နှာပေါ် တံတွေး ထွီခနဲ ထွေးလိုက်သည
မင်းခန့် သူငယ်ချင်း ဝီရကိုကြည့်ပြီး တက်ခေါက်လိုက်ပြီး

"မင်းခန့် ဒီလောက်ရင့်နေတာကို မင်းမို့လို့ကွာ"

"ဟော့ကောင် မင်းသောက်ပါးစပ်ကို ပိတ်"

မင်းခန့် သူ့သူငယ်ချင်းကို ဟောက်ပစ်လိုက်သည်။ ပြီးနော





ကို မျက်နှာချင်းဆိုင်တည့်တည့်ကြည့်ပြီး

"ကိုယ့်ဘဝမှန်ကို မင်းသိသွားမှတော့ မင်းကိုပိုပြီးတော့ လက်
လွှတ်တော့ဘူးချစ်၊ ကိုယ် မင်းကိုအရမ်းချစ်တယ်၊ မင်းကိုဆုံးရှုံးရင်
ကိုယ်သေလိမ့်မယ်၊ ဒါကြောင့် ခုကစပြီး မင်းကိုပြန်မလွှတ်တော့ဘူး"

"ဘာ"

"ဟုတ်တယ် ချစ် ကိုယ် ဒီနေ့ပဲ မင်းကိုနိုးပြေးလိုက်ပြီ၊ မင်း
နေ့ကစပြီး ကိုယ့်တရားဝင်ဇနီး ဖြစ်သွားပြီ"

မထီမဲ့မြင်ပြောနေသော မင်းခန့်စကားကြောင့် ဝီရ ဒေါသတွေ
ထွတ်အထိပ်ရောက်ကာ မင်းခန့်ပါးကို ရိုက်ရန်ရွယ်လိုက်သည်။ သို့သော်
ခန့်ကလျင်မြန်စွာ ဖမ်းဆုပ်ထားသဖြင့် မင်းခန့်ပါးပေါ်သို့ ဝီရလက်က
ရောက်ဖြစ်လိုက်။

"ချစ်ရယ် မလိုအပ်ဘဲနဲ့ လက်ကိုဘာကြောင့်အနာခံမှာလဲ"

ဝီရ ကိုယ်လေးကို မင်းခန့် သူ့ရင်ခွင်ထဲ ဆွဲနှစ်လိုက်သည်။

"လွှတ် လွှတ်နော်"

ဝီရ ရုန်းလေ မင်းခန့် တင်းကြပ်စွာ ဖက်လေဖြစ်ပြီး

"ဟော့ကောင် ဇလ မင်းလစ်လိုက်တော့၊ နောက်မှ ငါဖုန်းဆက်
ယ်ကွာ"

ဝီရကို ဖွတ်အတင်းဖက်ထားရင်းမှ သူငယ်ချင်း ဇလကို
ာ်ရိုပ်ပြကာ ပြန်ရန်ပြောလိုက်သည်။

"အိုကေ သူငယ်ချင်း အကြောင်းထူးရင် ဖုန်းဆက်လိုက်"

"အေးပါ"



www.burmeseclassic.com

www.burmeseclassic.com



ဗလ နှုတ်ဆက်ပြီး အနားမှထွက်သွားသည်။

"ကဲ ချစ်နဲ့ကိုယ် နှစ်ယောက်ထဲပဲ၊ ကျန်တော့တယ်ကွာ၊ ကိုယ့်
တို့စိတ်လွတ်ကိုယ်လွတ် ချစ်ကြရအောင်နော်"

"သေလိုက် နင် ငါ့ကို ဘယ်တော့မှ စော်ကားလို့မရဘူးမှင်
အခု ငါပြန်မယ်"

"မပြန်ရဘူး မင်းကို လုံးဝပြန်မလွှတ်နိုင်ဘူးကွာ"

"နင် မယုတ်မာနဲ့တော့နော်၊ ငါ နင့်ချစ်သူမဟုတ်တော့ဘူး"

ဝီရ ဘယ်လောက်ပင်ရုန်းကန်ရုန်းကန် ဘယ်လောက်
အော်ဟစ်အော်ဟစ် မင်းခန့် ရင်ခွင်ထဲက ဘယ်လိုမှ ရုန်းထွက်ခွင့်
တော့။

■ ■ ■



## အခန်း (၂၆)

"ဒုန်း ဒုန်း ဒုန်း"

"မင်းခန့် လူယုတ်မာ ငါ့ကိုတံခါးဖွင့်ပေးစမ်း"

အပြင်မှ တံခါးဂျက်ချထား၍ အိပ်ခန်းထဲမှာ ပိတ်မိနေသော
ဝီရမေ တံခါးကို အားကုန်ထုပြီး မင်းခန့်ကို အသံကုန်ဟစ်၍ အော်ခေါ်
နေ၏။

"ငါ့ကိုတံခါးဖွင့်ပေး မင်းခန့်"

အခန်းတံခါးကိုထုနေရင်းမှ ဝီရမေ အားမရှိတော့။ ဝီရဘဝက
တော့ တစ်စစီစုတ်ပြတ်သတ်ပါပြီဟူသောအတွေးနှင့်အတူ ဒီည မိုးမချုပ်
ခင် အိမ်ပြန်မှဖြစ်မည်။ နို့မို့ဆို မေမေ စိတ်ပူပြီး ဝီရ ဒုက္ခတွေကို
သိသွားလိမ့်မည်။ ဒီတော့ ဝီရမေ ဒီအတိုင်းတော့ ဘဝကိုအဆုံးရှုံးမခံနိုင်။

မိမိစိတ်ကို မိမိအားပြန်တင်းရင်း မှောင်မည်းနေသောအခန်းထဲ
တွင် ထွက်ပေါက်တစ်ခုကို ရှာဖွေလိုက်သည်။ အလင်းရောင်ကောင်းမွန်



www.burmeseclassic.com

www.burmeseclassic.com



မရှိသဖြင့် အရာရာဟာ မသဲကွဲဘဲ မြင်သမျှ ခလုတ်တိုက်မိနေသည်

သစ်သားနံရံရှိ အပေါက်ငယ်မှ ထိုးထွက်နေသော အလင်းရော
ကိုကြည့်ခြင်းအားဖြင့် မိုးမချုပ်နိုင်သေးမှန်း ဝီရသိသည်။ အပြင်တွ
လှုပ်ရှားလိုက်ကြ။ ထိုအပေါက်ငယ်လေးမှ အသာချောင်း၍ ကြည့်လိုက်သည်
အကယ်၍ လမ်းသွားလမ်းလာမှ လူများတွေ့ပါက ဝီရ အော်ဟစ်အ
အညီတောင်းရမှာပင်။

"ကျွီ"

အပြင်ကို ချောင်းနေစဉ်မှာပင် အခန်းတံခါးချပ်က ကျွီခနဲမြ
လာသည်။ မင်းခန့် ပြန်လာသည်အထင်နှင့် ရန်တွေ့ရန် လှည့်အကြ

"ဟင် ရှင်"

"မင်းခန့် ဘယ်သွားလဲ"

"မသိဘူး"

ရှေ့ကိုတရွေ့ရွေ့တိုးလာသော ဗလ၏ခြေလှမ်းတွေက ဝီရအ
မရိုးသားမှန်း သိသာနေသည်ဟု စိတ်ကအလိုလိုသိနေသည်။

"နင် ဘာလုပ်တာလဲ၊ ခုချက်ချင်း ဒီအခန်းထဲက ထွက်သွ
စမ်း"

"ငါ ဒီကိုလာတာ ဒီအခန်းထဲကိုလာတာ ထွက်သွားဖို့မဟု
ဘူး၊ မောက်မာတဲ့နင့်ကို ပညာပေးချင်လို့လေ"

"နင်နော် ငါ အော်လိုက်မှာ၊ ငါ့အသားကိုထိရဲထိကြည့် အသ
ချင်းလဲပစ်မှာ"

"လဲလေ လဲပေါ့ ဒီနေရာမှာ နင်အသက်ချင်းလဲလည်း





လောင်းကို အစဖျောက်ပစ်လိုက်လို့ရတယ်၊ ဘာရှေ့ခံမှ မရှိဘူး"

ရိုင်းစိုင်းလွန်းသော ဗလ၏စကားတွေက မကြောက်ဟန်ဆောင်
သော ဝီရကို ပို၍ သွေးပျက်တုန်လှုပ်သွားစေသည်။ ကြောက်စိတ်
ကြောင့် မတ်မတ်ပင် မရပ်နိုင်လောက်အောင်ကို အသိတရားတွေက
တ်နဲ့လူနဲ့မကပ်တော့။

"နင်နော် ငါက နင့်သူငယ်ချင်းရဲ့ချစ်သူလေ၊ နင့်မှာ အသိ
ရားမရှိတော့ဘူးလား၊ သူ သိရင် နင့်ကိုအလွတ်ပေးမှာမဟုတ်ဘူး"

မင်းခန့်နှင့်လှည့်ခြောက်ကြည့်သည်။ ဗလနည်းနည်းမှ တွန့်ဆုတ်
မရှိဘဲ မထီမဲ့မြင်ဟန်ဖြင့် တဟားဟားအော်ရယ်ကာ သူ့အပေါ်အင်္ကျီ
ချွတ်လိုက်သည်။ ပြီးနောက် ဂျင်းဘောင်းဘီခါးပတ်ကို ဆွဲချွတ်လိုက်
သည်။

"နင့်အကောင် မင်းခန့်ဆိုတာ ငါတို့ ပေးစာကမ်းစာကို စားနေ
တာ၊ နင့်ကို ဒီလိုလုပ်လို့လဲ သူဘာမှ ပြောလို့မရဘူး၊ ငါတို့မိထားတဲ့
ချဉ်လုံးလေးတွေဆိုရင်လည်း သူ့ကို ဒီလိုပဲ ဝေစားမျှစားကျွေးရတာ
သ၊ အခု သူမိတဲ့အချဉ်လုံးကိုလည်း ငါတို့ဖွဲ့စားတာ သူ့မှာပြောပိုင်ခွင့်
ဘူး"

ဗလ စကားကြောင့် ဝီရ ပို၍သွေးပျက်သွားသည်။ လူမဆန်
က်ကြတာ။ အွန်လိုင်းပေါ်က မိန်းကလေးတွေရဲ့ဘဝကို ဝါးမျိုနေတဲ့
ကောင်မျိုးတွေ ဒီလောကကြီးထဲမှာ ဘယ်လောက်ရှိနေမှန်း မသိနိုင်။
ချိန်မှာ ထွက်ပေါက်ပိတ်နေရသူက ကိုယ်ကိုယ်တိုင်ပဲဖြစ်နေသည်။

ဗလ တဖြည်းဖြည်း တိုးကပ်လာပြီး ဝီရ ကိုယ်လေးကို ကြောက်



www.burmeseclassic.com

www.burmeseclassic.com



ခန်နေအောင် ပွေ့ချီလိုက်သည်။

တခဏချင်းမှာပင် ဝီရ မျက်လုံးတွေ ရီဝေသွားသည်။ လူ အသိစိတ်ပျောက်လုနေပြီ။ ရှန်းကြည့်သည် ကန်ကြည့်သည်။ ဘယ် ရုန်း၍မရ။ ဗလ ဆိုတဲ့ကောင် ဝီရကို မူးယစ်ရီဝေအောင် ဆေးတစ် သုံးလိုက်ပြီဆိုတာ သိပေမယ့် ခန္ဓာကိုယ်က ဘယ်လိုမှ လှုပ်ရှားရုန်း ခြင်း မပြုနိုင်တော့။

ဝီရ ဘဝကြီး ဘယ်လိုမှ အဖတ်ပြန်ဆယ်၍မရနိုင်တော့။

ဗလ၏လှုပ်ရှားမှုမှန်သမျှ သူပြုသမျှ နေရသည့်အထိအ တွေကို ဝီရ သိပေမယ့် အာခေါင်တွေခြောက်ကပ်ကာ ဘယ်လိုမှအော မရ။ စိတ်က အကြိမ်ကြိမ် သူ့ကိုကုတ်ဖဲ့ထုရိုက်နေပေမယ့် ဝီရ လက် ခြေတွေ အားလုံး အင်အားမဲ့နေသည်။ လှုပ်၍ပင် မရတော့။

ဝီရ ခန္ဓာကိုယ်တစ်ခုလုံး ယိမ်းထိုးနေတာ ဘာကြောင့်လဲဆို သိသိကြီးနှင့် ဝီရတစ်ယောက် ထိုတဒင်္ဂအတွင်းမှာ ရှင်လျက်နဲ့သေ သည့်ဘဝက တကယ့်ကို ငရဲသားတစ်ယောက်လိုပါပဲ။

ပါးပေါ်မှ မျက်ရည်တို့ တလိမ့်လိမ့်စီးကျလာပြီး မျက်လုံး စုံမှိတ်ပစ်လိုက်သည်။ ဝီရ ခဏသေကြည့်လိုက်သည့် သဘောပါ

အမှောင်ကမ္ဘာထဲသို့ ဝီရ ဝိညာဉ်ခဏလွင့်ကြည့်သည်။ အ အားလုံး မှုန်ဝါးပျောက်ကွယ်သွားသည်။

ဒါဟာ သိပ်ကိုသင့်လျော်တဲ့နေရာတစ်ခုပဲ။

■ ■ ■



## အခန်း (၂၇)

ပွင့်နေသော အခန်းထဲမှ ဒယီးဒယိုင် ခြေလှမ်းတွေဖြင့် ထွက် သာခဲ့လိုက်သည်။ လာတုန်းက အိမ်ကကားမယူလာခဲ့ခြင်းဟာ ဝီရအ တွက် မှန်သွားသည်။ နို့မို့ဆို ဒီအခြေအနေနှင့် ဝီရ ဘယ်လိုမှကားမ မောင်းနိုင်။ ဆေးအရှိန်ပျယ်စမို့ ချိနဲ့သောခြေလှမ်းတွေကိုသာ လှမ်းနိုင် သေးသည်။

တကယ်ဆို ဝီရမေဟာ မိုက်မဲသော မိန်းကလေးတစ်ယောက် ပါ။ အန္တရာယ်ဆိုတာကို သိသိကြီးနှင့် အန္တရာယ်တွင်းထဲကို ထပ်တိုးဝင် လာခဲ့တာက ကိုယ့်သေတွင်းကိုယ်တူးခဲ့သလိုပါပဲ။ ခုတော့ ဝီရဘဝဟာ သေရုံအပြင် တခြားရွေးစရာလမ်းမရှိတော့။

တစ်နေ့တည်းနှင့်ယောကျ်ားနှစ်ယောက်ရဲ့ အလိုမတူပေါင်းသင်း ဆက်ဆံခြင်းခံခဲ့ရတဲ့ မိန်းမတစ်ယောက်ရဲ့အနာဂတ်ဟာ ဘယ်လိုမှ တောက်ပနိုင်မည်မဟုတ်တော့။ ရှင်လျက်နှင့်သေရတော့မည့်ဘဝကြီးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဝီရမေ ဆိုတဲ့မိန်းကလေးအတွက် လောကကြီးဟာ အကျည်းတန်ရုပ်ဆိုး လွန်းသွားပြီး နေရာမရှိတော့။

"သမီးရေ သမီး ဝီရမေ"

"ရှင် မေမေ"

မျက်ရည်စတို့ကို ပါးပြင်ထက်မှာ ကပျာကယာသုတ်ပြီး အခန်း ထဲဝင်လာသော မေမေ့ကို ဟန်မပျက်ထူးလိုက်သည်။

"ညကလည်း ထမင်းမစား အခုမနက်လည်း ထမင်းမစားနဲ့ ဘာဖြစ်နေလဲ နေမကောင်းဘူးလား သမီး"

သမီး၏အရိပ်အကဲကို အမြဲကြည့်နေတတ်သော မေမေပင် ဝီရ အမူအရာပျက်နေခြင်းကို သတိထားမိနေသည်။

မိခင်ရှေ့မှာ မျက်ရည်မကျအောင် ထိန်းမိပေမယ့် ဝီရ ဘယ် လိုမှ ထိန်း၍မရတော့။ ထို့ကြောင့် မိခင်ရင်ခွင်ထဲတိုးဝင်ပြီး ငိုရှိုက်လိုက် တော့သည်။

"သမီး ဘာဖြစ်တာလဲ၊ ဘာဖြစ်လို့ ငိုတာလဲ၊ မေမေ့ကို ပြော စမ်း"

ဝမ်းနည်းကြေကွဲစရာတွေက နာကျင်စရာတွေဖြင့် ထုပ်ပိုးထား တော့ မိခင်ပါ ဝီရနှင့်အတူ အရှက်ရစေမယ့်အဖြစ်မျိုး ဝီရ ဘယ်တော့ လုပ်မည်မဟုတ်။

"ဟင့်အင်း ဝီရ ငိုချင်လို့ပါ မေမေ၊ မေမေ့ရင်ခွင်ထဲမှာ ဝီရ အားရပါးရ ငိုခွင့်ပြုပါ၊ ဒီမျက်ရည်က ဝီရဘဝမှာ ပထမဆုံးအကြိမ်နဲ့ နောက်ဆုံးအကြိမ်ကျဆုံးခြင်းပါပဲ မေမေရယ်"





ငိုကြွေးရင်း ပြောနေသော ဝီရနှုတ်မှထွက်လာသည့် ထူးဆန်း သောစကားတွေကြောင့် မိခင်ဖြစ်သူ ရင်ထိတ်ရသည်။

"သမီး မေမေ့ကို ဝေ့လည်ကြောင်ပတ် လုပ်မနေနဲ့ ညည်းလေး တစ်ခုခုဖြစ်နေပြီဆိုတာ မေမေသိတယ်၊ ပြောစမ်း သမီးမှာ ဒီလောက် ငိုကြွေးနေရလောက်အောင် ဘယ်လိုပြဿနာတွေရင်ဆိုင်နေရလဲ၊ မေမေ့ ကို သူငယ်ချင်းတစ်ယောက်လိုသဘောထားပြီးတိုင်ပင် မေမေ ခွင့်လွှတ် အားလည်ပေးမယ်၊ ဖြေရှင်းသင့်ရင်လည်း ဖြေရှင်းပေးမယ်၊ ဘယ့်နှယ်လဲ ပြောမယ် မဟုတ်လား"

ချော့မေးနေသော မေမေ့ကို ဝီရမေ မျက်ရည်ကြားမှ ဝေ့ကြည့် ပြီး အမှန်အတိုင်းဖွင့်ပြောဖို့ အားယူကြည့်သည်။ လည်ချောင်းဝမှာ တစ်ဆို့နေသောစကားလုံးတွေဟာ အပြင်ကိုထွက်လာအောင် ခေါ်လို့မရ။

"သမီး မေမေ မေးနေတယ်လေ သမီးလေး ဘာဖြစ်နေတာလဲ သို့"

မေမေ မေးသံပင် ငိုသံအနည်းငယ် စွက်လာသည်။ ဒီတော့ ဝီရုပို၍ ပို၍ ဝမ်းနည်းလာကာ မေမေ့ကိုတင်းကျပ်စွာ ဖက်ပြီး ငိုလိုက် တော့သည်။

ငိုခွင့်ပြုပါ မေမေရယ်၊ ဝီရရဲ့မိုက်ပြစ်တွေအတွက် မေမေ့ရင်ခွင် မှာ ခိုပြီး အားရပါးရ ငိုခွင့်ပြုပါ။ ဒီတစ်ကြိမ်နောက်ဆုံး ငိုခြင်းပါပဲ မေမေရယ်။

သောကတွေ ဒုက္ခတွေ နာကျင်ကြေကွဲခြင်းတွေ အမှန်းတွေ ညှိနှက်နေသည့် ဝီရခန္ဓာကိုယ်တစ်ခုလုံး မေမေ့ရင်ခွင်ရိပ်မှာ နောက်ဆုံး

www.burmeseclassic.com

www.burmeseclassic.com



နိုလှုံခြင်းပါပဲ။ ဝီရ သွားရတော့မယ် မမေရေ၊ ဝီရ ဘဝမှာ ပထမဆုံး အကြိမ်နဲ့ နောက်ဆုံးအကြိမ် မှားယွင်းမှုတွေကြောင့် ဘယ်လိုမှ မရှင်သန် နိုင်တော့ပါဘူး။ အင်အားတွေ ဆုတ်ယုတ်နေပါပြီ။ မသန့်ရှင်းတော့ဘဲ ခန္ဓာကိုယ်ကြီးနဲ့ အနာဂတ်ကိုဆက်မလျှောက်ရဲတော့မယ့်အတူတူ အဆုံး စီရင်လိုက်တာဟာ အကောင်းဆုံးနည်းလမ်းပါပဲ။

ဝီရကို ခွင့်လွှတ်ပါ မမေ။

မေမေ ဝီရကိုဖက်ပြီး ဘာမှမမေးတော့ဘဲ ပြုံးလိုက်သည်။

"ကဲ သမီး ဘာကြောင့် ငိုနေလဲဆိုတာ မေမေသိပြီ. မောင်မင်း ခန့်နဲ့ သမီး စကားများထားလို့မဟုတ်လား၊ ချစ်သူဘဝမှာ အဲဒီလို ဖြစ်တတ်ပါတယ်၊ သြော် သမီးကို အရေးကြီးတဲ့စကား ပြောရဦးမယ် မနက်ဖြန်မနက်လေယာဉ်နဲ့ သမီးဖေဖေ ပြန်လာမယ်တဲ့၊ မေမေကိုမေး ပို့ထားတယ်၊ ဒီမှာတစ်လလောက်အနားယူပြီး သမီးချစ်သူနဲ့တွေ့မယ်တဲ့"

ဖေဖေလာတော့မည်ဆို၍ ဝီရ ပို၍ ထိတ်လန့်တုန်လှုပ်သွား သည်။ အပြစ်ကြီးလုပ်ထားသော ဝီရ ဖေဖေ့ကိုဘယ်လိုမျက်နှာချင်းဆိုင် ရပါ့မလဲ။ ဖေဖေသာသိလျှင် ဝီရကို လုံးဝခွင့်လွှတ်လိမ့်မည်မဟုတ်

■ ■ ■

အတိတ်အကြောင်းကို ပြန်လည်ဖတ်ပြနေသော ဝီရမေ မျက်ဝန်းမှာ မျက်ရည်တွေပြည့်နေသလို ဝီရမေ၏အတိတ်ထဲ လိုက်ပါ စီးမျောနေသော ဒွိဟမျက်လုံးအိမ်မှာလည်း မျက်ရည်တွေ အလိုလို ကျဆင်းနေသည်။

ကိုယ်ချစ်မိသွားသော ချစ်သူလေး၏ကံကြမ္မာက ဆိုးလိုက်တာ





ကံဆိုးကုန်အောင်ပါလား။ ရင်ထဲမှာ ထပ်တူထပ်မျှ ဝမ်းနည်းမိရုံကလွဲပြီး ချစ်မိသော အချစ်ကတော့ မြူတစ်မှုန်စာတောင် လျော့ပါးမသွားခဲ့ပါ။ အချစ်တွေအပြင် ကရုဏာမိုးတွေပါ ရွာသွန်းဖြိုးမိလေတော့ ရင်ထဲက သူ့အလိုလိုပေါက်ဖွားလာသည့်အချစ်တွေဟာ ပိုလို့ပင် အသက်ဝင်လာ သလားလား။

"ဘယ်လိုလဲ ဒွိဟ ရှင် ဝီရကို စိတ်ကုန်သွားပြီမို့လား"

နာကျင်ရိပ်ပါသော မဲ့ပြုံးတစ်ချက်ကို အဖော်ပြုပြီး ပါးပေါ်က မျက်ရည်တွေကို ဝီရမေ ဆွဲသိမ်းသုတ်ရင်း မေးလာသည်။

ဒွိဟ ခေါင်းကိုခပ်သွက်သွက်ခါရမ်းလိုက်သည်။

"လုံးဝ စိတ်မကုန်ဘူး ဝီရ၊ ကိုယ်လေ ဝီရကို ပိုပြီးတောင် ချစ်မိသွားသေးတယ်"

"ဟင့်အင်း အဲဒါ မဖြစ်နိုင်ဘူး၊ ဝီရက အပျိုစင်မဟုတ်တော့ ဘူး၊ ဝီရ ခန္ဓာကိုယ်တွေ မသန့်စင်တော့ဘူး"

"ကိုယ်ချစ်တာ ဝီရကိုချစ်တာပါ၊ ခန္ဓာကိုယ် သန့်စင်တာ မသန့် စင်တာက ကိုယ့်အတွက်အရေးမကြီးပါဘူး၊ ကံကြမ္မာက ဝီရကို မညှာ တာပေမယ့် ကိုယ်ကတော့ ဝီရကို ညှာတာတဲ့အနေနဲ့ ပိုတိုးပြီးချစ်ပေး မယ်"

"ဝီရ သူတို့ကို လုံးဝမကျေဘူး ဒွိဟ၊ သူတို့ကို ပြန်အပြစ် ပေးရမယ်"

"ဒါပေါ့ ကိုယ်လည်း သူတို့ကို ဝီရနဲ့ထပ်တူ ကမ္ဘာမကြေဘူး ကိုယ် ဝီရကို အရမ်းချစ်မိသွားပြီ၊ ဒီတော့ အမေနဲ့ဦးလေးကို ဖွင့်ပြော



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဝီရကို တောင်းရမ်းလက်ထပ်မယ်၊ ပြီးရင် ဝီရရဲ့ခင်ပွန်းနေရာကနေ မားမားရပ်ပြီး ဒီကောင်တွေကို ဥပဒေက အရေးယူလို့ရအောင် ကြိုးစားမယ်''

လေးလေးနက်နက် ပြောနေသော ဒွိဟစကားကြောင့် ဝီရမေ မျှော်လင့်ချက်အရောင်တောက်သွားကာ

''ရှင် တကယ်ပြောနေတာလား''

''ကိုယ် ဘယ်တော့မှ ဝီရကို မညာပါဘူးကွာ၊ ယုံပေးပါနော်''

ဝီရ အနားမှထွက်သွားပြီး ကျွန်းဗီရိုကြီးရှိရာသို့ လျှောက်သွား၏။ ဒွိဟ ဝီရ၏လှုပ်ရှားမှုကို စောင့်ကြည့်နေရ၏။ ဝီရမေ ဗီရိုထဲမှ စက္ကူဘူးကြီးတစ်ဘူးကို ထုတ်ယူလိုက်ပြီး ဒွိဟနားသို့ ပြန်လျှောက်လာသည်။

''ဟောဒီထဲမှာ ဝီရရဲ့ဘဝကို ဖျက်ဆီးထားတဲ့ မင်းခန့်ကျော်စွာနဲ့ ဗလဆိုတဲ့လူယုတ်မာကောင်တွေရဲ့ဓာတ်ပုံ နောက်ပြီး အဲဒီနေ့ကသူတို့ ဝီရကိုဖျက်ဆီးခဲ့တုန်းက ဝီရဝတ်ခဲ့တဲ့ဝတ်စုံ ဒီအတိုင်းမလျှော်ထဲနဲ့ သိမ်းထားခဲ့တာ၊ မေမေတို့ကလည်း အဲဒါကို ဘယ်တုန်းကမှ ဖွင့်မကြည့်ခဲ့ကြဘူး''

ဝီရမေ စက္ကူဘူးကြီးကို လှမ်းပေး၏။

''သိပ်ကောင်းတယ်၊ ဒါတွေက အမှုဖွင့်ရင် အဓိကသက်သေတွေပဲ ဝီရ တော်တယ်''

''ဟောဒီဖုန်းထဲမှာ မင်းခန့်နဲ့စာပို့ထားတာတွေရှိတယ်၊ လိုအပ်ရင် ဒါတွေဟာ သက်သေပဲ''





''သက်သေတွေ အစုံအလင်ရှိမှတော့ ဒီကောင်တွေကို ထောင်ထဲထည့်လို့ရပြီ ဝီရ''

အားတက်သရောဖြစ်နေသော ဒွိဟရင်ထဲမှာ ချစ်သူအတွက်ဆိုရင် အရိုးကြေကြေ အရေခမ်းခမ်း ဒီကောင်တွေကို ချစ်သူကိုယ်စားအောင် ကလဲ့စားချေရမည်။

ဒီလို လူယုတ်မာမျိုးတွေကို လူ့အသိုင်းအဝိုင်းထဲမှာ ဆက်နေခွင့်မပြုနိုင်ပေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"အစ်ကိုလေး ခုတလော ညဘက်ဆို ပျောက်ပျောက်နေတယ် ဘယ်မှာသွားပြီး ဂွင်တည့်နေလဲ"

လူရှေ့မရှောင် သူရှေ့မရှောင် ဖွဲ့ပင်မေးချလိုက်သော မောင်စိန့် စကားကြောင့် ဦးလေးရှေ့မှာ ဒွိဟ အနေခက်သွားသည်။ ဦးလေး တခြားဧည့်သည်တွေနှင့်စကားပြောနေရင်းမှ ဒွိဟကိုလှမ်းပြီး အကဲခတ် သည်။

"ဟာ ဟေ့လူ ဘာတွေပြောနေတာလဲ၊ ပေါက်ကရတွေလျှောက် ပြောမနေနဲ့"

အသံခပ်ကြိတ်ကြိတ်ဖြင့် မောင်စိန်ကိုလှမ်းပြီး ဟန့်လိုက်သည် ဒါကို မောင်စိန် အရိပ်ပြ၍ အကောင်မထင်။

"မဟုတ်မှလွဲရော ညဘက် ညဘက် ကလပ်နိုးနိုးသွားတာ မဟုတ်ပါဘူးနော်၊ အဟဲ အကယ်၍ နိုးသွားခဲ့ရင်လည်း ကြိုပြော





ကျွန်တော်က ကလပ်အရမ်းတက်ချင်တာဗျ အဖော်မရှိလို့"

မောင်စိန်ပြောကာမှ ပို၍ဆိုးနေသည်။ ဦးလေးမှာဧည့်သည်နှင့် ပြောနေရင်းမှ ဒွိဟကို လှမ်းလှမ်းပြီး ကျိန်းနေသလားပင်။

"ဟာ ဟေ့လူ"

"ဟေ့မလုနဲ့ ကျွန်တော်လည်း ဒန့်ချင်တာပေါ့ ကောင်မလေး တွေနဲ့အတူ ခင်ဗျားတစ်ယောက်ထဲသွားဒန့်လို့ မရဘူးလေ၊ ဒီလိုနေရာ မျိုးတွေဆိုတာ အဖွဲ့လိုက်သွားမှ ပျော်စရာကောင်းတာဗျ"

"ကျွတ် ဟေ့လူ ပေါက်ကရတွေ မပြောနဲ့လေဗျ"

"ပြောဖူး ညဘက်ခင်ဗျားပျောက်ပျောက်သွားတာ မနက်မိုး လင်းခါနီးမှ ခင်ဗျားအိပ်ရာပေါ်ကို ရောက်တာလေ၊ ကျွန်တော့်မှာသာ သရဲမနှစ်ယောက်ကြားမှာ ညည ငရဲခံနေရသလိုပဲ"

စွတ်ပြီးပြောချင်ရာပြောနေသော မောင်စိန့်စကားကြောင့် ဒွိဟ အပြစ်တွေပေါ်တော့မည်မို့ မီးခဲဖင်ခုထိုင်သလို စပ်ပူစပ်လောင် နေမထိ ထိုင်မထိဖြစ်နေသည်။

ညဘက် ဝီရအိမ်ထဲသွားပြီး ဝီရနှင့်စကားပြောတာဟာ ကိုယ့် အတွက်တော့ ရိုးသားပေမယ့် ဦးလေးအမြင်မှာတော့ အလုပ်ကိုတာဝန် မကျေဘူး။ ညဘက်သူခိုးတွေကြောင့် စောင့်ကြည့်နိုင်းကာမှ ဒွိဟက ညဘက်ကိုအပျော်လိုက်နေသလားဟု အပြစ်ပြောပြီး အလုပ်ကထုတ်ပစ် လိုက်လျှင် ဝီရနှင့်တွေ့ရဖို့ လမ်းစပြတ်မည်။

"ဒီမှာ မောင်စိန် ခင်ဗျားမသိဘဲ စွတ်မပြောနဲ့၊ ကျွန်တော် အပေါ်ထပ်မှာသွားအိပ်နေတာ၊ ခင်ဗျားနားမှာအိပ်ရင် ကျုပ်အိပ်ရေး



www.burmeseclassic.com

www.burmeseclassic.com



ပျက်တယ်လေ၊ တစ်ချိန်လုံး ရထားစက်ခေါင်းသံကြီးလို အိပ်မောကျနေတဲ့ ခင်ဗျားဘေးမှာ သရဲမတွေပဲနေမှာပေါ့၊ ကျုပ်အပေါ်မှာ အိပ်နေတယ် ဆိုပေမယ့် ခင်ဗျားဘာလုပ်တယ်ဆိုတာ အကုန်သိတယ်''

မြားဦးကို မောင်စိန်အား ပြန်လှည့်ပေးလိုက်သည်။ မောင်စိန် ပြန်၍ ခြေမကိုင်မိ လက်မကိုင်မိဖြစ်သွားကာ

''ဟော့ ဟော့ ငါ ဘာမှလုပ်ဖူးရယ်၊ မင်းသိပါတယ်နော် အဲလို တော့ ကျီစားနဲ့ မုန့်ကျွေးမယ်''

ဦးလေးကြားမည်စိုး၍ မောင်စိန် အရှုးကွက်နင်းကြည့်သည်။

''သိတယ်လေ ခင်ဗျားလုပ်တာ သရဲမတွေနဲ့ အီစီကလီလုပ်တာ မှတ်လား ဒါကြောင့် ကျုပ်က အပေါ်ထပ်မှာ သွားနေပေးတာလေ''

ဒီတော့မှ မောင်စိန်ခမျာ ကွမ်းဂျိုးတက်နေသော သွားတွေကို ပေါ်အောင်ဖြီးကာ ရယ်လိုက်ပြီး

''ဟီး ဟီး ဒါကတော့ ကျွန်တော်ကစတာ မဟုတ်ဘူးလေ သူတို့ကမှ ကျွန်တော့်နားက မခွာတာ၊ မိန်းမမရမယ့်အတူတူ သရဲ ချောချောလေးတွေနဲ့ နှစ်ပါးသွားကရတဲ့မင်းသားဖြစ်ခွင့်ရတာလည်း နည်းတဲ့အခွင့်အရေးလား''

ဦးလေးမကြားအောင် ခပ်တိုးတိုးပြောလာသော မောင်စိန့်ကို ကြည့်ပြီး ဒွိဟ ပေါ့ပေါ့ပါးပါး ရယ်မောလိုက်သည်။

''မောင်စိန်ရေ''

ဦးလေး လှမ်းခေါ်သဖြင့် မောင်စိန် တဟီးဟီးရယ်နေရင်း လန့်သွားသည်။





''ခင်ဗျာ လာပါပြီ ဘော့စ်''

ဖီးရှက်လောက်ရှိသော မျက်နှာဖြင့် မောင်စိန် ဦးလေးအနားသို့ သွားသည်။ ဒွိဟလည်း ဟိုလိုလို ဒီလိုလိုနှင့် အုတ်စီနေသော ပန်းရံ သမားတွေရှိရာသို့ ထွက်လာခဲ့လိုက်သည်။

''အစ်ကိုလေး ညက ကောင်းကောင်းအိပ်ပျော်ရဲ့လား''

''လာပြန်ပြီ တစ်ယောက်''

အုတ်စီသမား လှသောင်းက စပ်ဖြဲဖြဲနှင့် လှမ်းမေးပြန်ပြီမို့ ဒွိဟ စိတ်လေသွားသည်။

ဒီကလူတွေ ညအိပ်တဲ့အကြောင်းပဲ ပြောတတ်ကြလား မသိ။

''ကျွန်တော် အိပ်မပျော်ရင် ခင်ဗျားရဲ့ရည်းစား ကျွန်တော့်ဆီ လာပေးမလို့လား''

တမင်ပင် ခပ်ရွဲ့ရွဲ့မေးလိုက်ခြင်း ဖြစ်သည်။

လှသောင်း တဟားဟား အော်ရယ်သည်။

''ဟော့လူ ဘာရယ်တာလဲ''

''ကျွန်တော့်ချစ်သူကို အစ်ကိုလေးဆီပို့ပေးရင် အစ်ကိုလေး ကယ်လက်ခံမှာလား။ ဟဲ ဟဲ ကျွန်တော့်ချစ်သူက ဆိုက်ကားဂိတ်နားမှာ အမဲကြော်ရောင်းတဲ့ အမီနာလေးလေ၊ သူ့ကိုယ်က အမြဲတမ်း အမဲကြော် နံ့သင်းသင်းလေး ဟဲ ဟဲ''

''အမ် နေ နေပါကွာ''

လှသောင်း၏ရက်ရောမှုက ဒွိဟကို အနိုင်ပိုင်းလိုက်သလိုပါပဲ။ ကျန်တဲ့အလုပ်သမားတွေပါ ဝါးခနဲ ပွဲကျသွားသည်။

■ ■ ■



www.burmeseclassic.com

## အခန်း (၂၉)

"အလိုလေး တယ်လည်း ထူးဆန်းတဲ့စကားပါလား။ အလုပ်
လုပ်မယ်ကြံကာရှိသေးတယ် မိန်းမက ယူချင်နေပြီ"

အမေ့အကြည့်တွေထဲမှာ မနှစ်မြို့သော အရိပ်အယောင်တွေ
မတွေ့ရ။

"အမေကလည်းဗျာ ကျွန်တော်လည်း လုပ်ငန်းခွင်ဝင်နေပြီ
အမေ့ကိုလည်း ထားသွားမှာမှမဟုတ်တာ"

"သားချစ်သူကိုမြင်ရင် အမေ ချစ်သွားမှာ သေချာတယ်"

"အမလေး ညွှန်းနေပါလား"

"ညွှန်းတာထက်တောင် ပိုနေပါလားဆိုတာ အမေ တွေ့
သိလိမ့်မယ်ဗျာ၊ သူက လနတ်သမီးလေးလားထင်ရလောက်အောင်
တာဗျာ၊ ကျွန်တော် သူနဲ့သာလွဲရင် ဘယ်တော့မှ အိမ်ထောင်မပြု
ဘူး၊ တကယ်ပြောတာ အမေ လောကကြီးထဲမှာ မိန်းမတွေအများ





ဒါပေမဲ့ သူတစ်ယောက်ကိုပဲ ကျွန်တော်ချစ်တယ်"

အချစ်အကြောင်း တစ်ခါမှ လေသံပင်မဟခဲ့ဖူးသော သားကို
ကြည့်ပြီး ဝမ်းသာမိတာတော့ သေချာသည်။ ချွေးမရှာရှာခဲ့တာ ကြာပြီပဲ။
မသေခင်မှာ သားနဲ့မြေးလေးတွေကို အတူတွဲမြင်သွားချင်စမ်းပါဘိ။ အဲဒီ
အတွက် ချွေးမလိုချင်ခဲ့တာ ကြာပါပကော။

"ကောင်မလေးက ဘယ်မှာနေတာလဲ"

"ကျွန်တော်တို့ဆိုဒ်ဘေးနားက တိုက်မှာနေတာ၊ သူနဲ့ကျွန်တော်
ဆော်တော်လေး ခရီးရောက်နေပြီ အမေ"

"ဟော့တော် မြန်ချက် ဘယ်လိုခရီးရောက်တာတုန်း၊ မင်္ဂလာပွဲ
မရောက်ခင် မြေးတန်းချီရအောင်အဆင့်ထိ ရောက်နေပြီလား"

"ဟာ အမေကလည်း အဲလိုလုပ်စရာလား၊ နားရှက်စရာတွေ
ပြောနေတယ် ဟီး ဟီး"

"အောင်မယ် ရှက်သေးတယ်ပေါ့ ဒင်းက"

"ရှက်တာပေါ့လို့ လူပျိုနုနုထွတ်ထွတ်လေးကို"

ဒီ့ဟာ စကားကြောင့် အမေ မဲ့ခနဲပြုံးလိုက်ပြီး

"အမေ မသေခင် မြေးတွေကို စပျစ်တစ်ခိုင်စာလောက် မွေး
ပေးချင်လို့ပါဗျာ"

"ဘုရား ဘုရား ကျုပ်က ရှင်မွေးပေးသမျှ စပျစ်တစ်ခိုင်စာ
လောက်ရှိတဲ့မြေးတွေကို မသေခင်ထိန်းကျောင်းပေးရဦးမယ်ပေါ့ ဟုတ်
လား"

"ဟဲ ဟဲ အမေကလည်း ဒီသားလေးပဲရှိတာ၊ သားအချစ်
မြေးအနှစ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"အန်တီရေ အန်တီ"

"ဟော အခြောက်မခင်ခင်ချစ်ယောက်ျားထင်တယ်"

သားအမိနှစ်ယောက် စကားပြောနေရင်းမှ အမေ့အိမ်ရှေ့ ထွက်သွားသည်။ ဒွိဟလည်း အမေ့နောက်က လိုက်ထွက်လာလိုက်သည်။

"မောင်ဗလ ဘာကိစ္စလဲကွယ်"

"ခင်ခင်ချစ် သော့ပေးသွားလားအန်တီ"

"မပေးသွားဘူး"

"ဟား ဒီတစ်ယောက်ကတော့ ဘယ်သွားမယ် ဘယ်လာမယ်လဲ ပြောမသွားဘူး၊ အိမ်ကပြန်လာတဲ့သူက လမ်းမပေါ် ငုတ်တုတ်ထိုင် စောင့်ရမယ့်ကိန်းပါလား"

"ဩော် ဒါများကွယ် လာ လာ အိမ်ပေါ်လာတက်စောင့်နေပါ သူ အနီးအနားသွားတာမို့ သော့မထားခဲ့တာနေမှာပါ"

"ဟုတ်ကဲ့ အန်တီ ကျေးဇူးပဲ"

ဗလ အိမ်ပေါ်ကို စကားရော ဖောရောတက်လာသည်။ ဗလ ကိုမြင်ပြီး ဒွိဟ ဒေါသတရားတွေ ဝုန်းခနဲ ထတောက်လာသည်။

"ဒီကောင် ဗလ ဝီရကိုစော်ကားတဲ့ကောင်ပဲ"

စိတ်ထဲမှ ရွံရှာမုန်းတီးစွာ တီးတိုးရေရွတ်ရင်း လက်သီးနှစ်ဖက် ကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်မိသည်။ ခုချိန်မှာ ဒေါသကိုထုတ်သုံး ၍မရ။

ခုလောလောဆယ် သူ့ကိုပြနိုင်မယ့် သက်သေကိုယ့်လက်ထဲ မှာ ရှိမနေသလို စိတ်ကိုအလျင်လို လိုက်ရင် သူ့ကိုရှောင်ပုန်းခိုင်းသည်





သွားနိုင်သည်။ ထို့ကြောင့် အချိုသပ်ကာ

"ဟာ ကျွန်တော်က ဘယ်သူများလဲလို့ ကိုဗလကြီးပဲ"

အသိမိတ်ဆွေတစ်ယောက်ကို နှုတ်ဆက်သလိုမျိုး ဝင်ရောလိုက်သည်။ ဗလကြီး ရှိသမျှသွား အကုန်ဖြီးပြီးရယ်ကာ ခေါင်းတညိတ်ညိတ် သုပ်ရင်း

"ညီကို အစ်ကိုမြင်ဖူးနေသလိုပဲကွ ရင်းရင်းနှီးနှီးကို မြင်ဖူးနေ တာ"

ဗလကြီးကလည်း အတည်ပေါက်နှင့် ပြန်၍ရှီးသည်။ ဒါဟာ ကိုယ့်အတွက်တော့ ငွင်ပါပဲ။

"ကျွန်တော် ကိုမင်းခန့်ဘော်ဒါလေ"

"ဩော် အေး မင်းခန့်ဘော်ဒါဆို ဘယ်မသိရှိမလဲ၊ သိတာပေါ့ ဒီအိမ်က ညီလေးအိမ်မှန်းမသိဘူး၊ အေးလေ ခုမှပဲ ဆုံဖြစ်ကြတာကိုး၊ ဘယ်သွားနေလို့ ခုမှပေါ်လာတာလဲ"

"ကျွန်တော်က ဦးလေးရဲ့ဆောက်လုပ်ရေးလုပ်ငန်းတွေမှာ လိုက် ကူပေးနေရလို့ပါ"

"ဩော် ဟုတ်လား"

"ဒါနဲ့ ကိုမင်းခန့်ကြီး မတွေ့တာကြာပြီနော်၊ ဘယ်ရောက်နေလဲ တွေ့ဖြစ်ကြသေးလား အစ်ကိုနဲ့"

တစ်လက်စတည်း မင်းခန့်အကြောင်းကို စုံစမ်းလိုက်သည်။

"သူ ဂိနေပြီ၊ အခု စိတ်ကျန်းမာရေးဆေးရုံ ရောက်နေပြီလေ"

"ဟင် ဟုတ်လား ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကောင်မလေးနဲ့ကွဲသွားပြီးကတည်းက သူ့စိတ်တွေက ပုံမှန် မဟုတ်တော့ဘူး၊ အဲမှာတင်စပြီး လိုင်းပူးတော့တာပဲလေ၊ ဆေးရုံမှာလည်း အခြေအနေမကောင်းဘူးလို့ပြောတယ်၊ ကိုယ်လည်း မအားတာနဲ့ သွား မကြည့်ဖြစ်ပါဘူး၊ ဘော်ဒါတွေ ဆိုးဖော်ဆိုးဖက်တွေဆိုတော့ ဒီကောင်ကြီး အတွက် စိတ်တော့မကောင်းဘူး"

သူက စိတ်မကောင်းပေမယ့် ဒွိဟကတော့ သတင်းကောင်းတစ် ခု ကြားလိုက်ရသလိုပါပဲ။

"အေးဗျာ ကျွန်တော်လည်း စိတ်မကောင်းပါဘူး၊ တစ်ရက် လောက်တော့ သတင်းသွားမေးဦးမှပါ"

"သတင်းသွားမေးလည်း သူ ခုချိန်မှာ ဘယ်သူ့ကိုမှ မမှတ်မိ တော့ဘူးလေ"

"ဟုတ်လား ဒါဆို အခြေအနေကောင်းပါတော့မလား"

"သိပ်မကောင်းဘူးလို့တော့ ကြားတယ်"

ဒွိဟ ရင်ထဲ ထခုန်မိမတတ် ဝမ်းသာနေမိသည်။ လူမိုက်တို့၏ ဓာတ်သိမ်းက ဘယ်မှာလာ လုပ်မှာလဲ။ ခင်ဗျားဓာတ်သိမ်းလည်း ကျွန် ဒုက္ခလှလှကြီးပေးပြီး ဓာတ်သိမ်းပေးမယ်ဟု တိတ်တခိုတ် ကြွေးကြော် လိုက်၏။

ထိုကိစ္စ ဝီရကို ပြောရမည်မို့

"လာဗျာ ညီအစ်ကိုတွေ ပြန်ဆုံတဲ့အထိမ်းအမှတ်အနေနဲ့ သောက် ခွဲကြရအောင်"

လက်ထဲမှဖုန်းဖြင့် နှစ်ယောက်သားဓာတ်ပုံရိုက်လိုက်ကြသည်။

■ ■ ■



## အခန်း (၃၀)

"ဝီရရေ ဝမ်းသာလိုက်တော့ကွာ"

"ဘာကိုလဲ"

စန္ဒယားခလုတ်တွေပေါ် လက်ချောင်းတွေပြေးလွှားနေသော ဝီရမေ ဒွိဟကို ရီဝေစွာ လှည့်ကြည့်သည်။

"ဝီရက ဘာကိုဝမ်းသာရမှာလဲ ဒွိဟ"

"ကိုယ် သူတို့ကို ရှာတွေ့ပြီ"

ဝီရ မျက်လုံးတွေ ဖျတ်ခနဲ အရောင်ပြောင်းသွားသည်။

"သူတို့ ခုထိ ယုတ်မာနေကြတုန်းပဲလား ဒွိဟ"

"တစ်ယောက်ကတော့ မယုတ်မာနိုင်တော့ဘူး"

"ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းခန့်လေ သူ အခု စိတ်ကျန်းမာရေးဆေးရုံကို ရောက်နေ တယ်၊ အခြေအနေမကောင်းဘူးလို့ ဗလပြောတယ်"

ဝီရ နှုတ်ခမ်းတွေပြတ်ထွက်မတတ် ဖိကိုက်လိုက်သည်။

"ခုတော့ သူတို့အလှည့်ရောက်ပြီပေါ့"

"ဒါပေါ့ မကောင်းတာလုပ်တဲ့သူတွေအတွက်တော့ ဇာတ်သိမ်း က ဘယ်မှာလာပြီး လုပ်ပါ့မလဲ၊ ဗလကတော့ သူ့အလှည့်မရောက်သေးလို့ သာယာနေသေးတယ်၊ ကိုယ်ချက်ချင်းတုန့်ပြန်ချင်ပေမယ့် အချိန်မကျ သေးဘူးလေ"

"ဘာပဲဖြစ်ဖြစ် သူတို့ဘဝတွေကို ဝီရ နာကျင်ခဲ့ရတာနဲ့ ပြန် ယှဉ်ပြီး ပေးဆပ်တုန့်ပြန်စေရမယ်"

"စိတ်ချပါ ဝီရရယ်၊ ကိုယ် ဝီရဆန္ဒတွေကို ဖြည့်ဆည်းပေးပါ့ မယ်"

"ရှင့်ကို ဝီရကြောင့် မထိခိုက်စေချင်ဘူး"

"အဲလို မပြောပါနဲ့ ဝီရရယ်၊ ကိုယ်က ဝီရကိုချစ်မိသွားတဲ့လူ လေ၊ ဝီရပြဿနာ ဝီရနာကျင်မှုတွေက ကိုယ့်နာကျင်မှုတွေပဲပေါ့"

"ဒါပေမဲ့ ရှင့်ကိုထိခိုက်နစ်နာမှာစိုးတယ်"

"ကိုယ် ဒါတွေမမှုပါဘူး၊ အဓိကက ဝီရ ရင်ထဲက အမုန်းတရား တွေလျော့သွားဖို့ပါပဲ၊ ဝီရကို ကိုယ်သိပ်ချစ်တယ်"

"ဖြစ်နိုင်ရင် မချစ်ပါနဲ့လား၊ ဝီရနဲ့ဒွိဟာနဲ့ အခြေအနေက အရှုံး





ကို ကွာဟနေပါပြီ"

"အဲလို မပြောပါနဲ့ ဝီရရယ်၊ ကိုယ် ဝီရကိုတကယ်ချစ်တာပါ၊ ကိုယ်တို့ ဟိုးအရင်ကသာ တွေ့ခဲ့ကြရင် ဝီရ ဒီလိုကြမ္မာဆိုးမျိုး ကြုံရမှာ မဟုတ်ဘူး၊ ကိုယ် ဝီရကို ကာကွယ်ခဲ့မှာပါ"

"ရှင့်ရဲ့မေတ္တာရေစင်နဲ့ ဝီရနှလုံးသားကို ထပ်တောက်ပေးပေ မယ့်လည်း ဝီရ နှလုံးသားတွေ နောက်တစ်ကြိမ်ပြန်မလန်းဆန်းနိုင်ပါ တော့ဘူး ဒွိဟာရယ်၊ ဝီရဘဝက တစ်စစီကြေမွပျက်စီးခဲ့ပြီပဲ၊ အချစ်ကြောင့် ပဲ သံသရာဝဲဂယက်ထဲ ခတ်နေရတယ်၊ အခုချိန်ထိ ကိုယ်လျှောက်ရ မယ့်လမ်းစကို မမြင်ရသေးဘူး၊ အဲဒီအတွက် ဝီရ အရမ်းကိုမွန်းကျပ်နေ ပါပြီ၊ ထွက်ပေါက်တွေလည်း ပိတ်နေပါပြီ၊ ဒါကြောင့် ရှင့်မေတ္တာရေစင်က အေးမြမှန်းသိပေမယ့် ဝီရနဲ့လုံးလုံး မထိုက်တန်တော့ပါဘူး"

စူးစူးနစ်နစ်ကြည့်ပြီး ပြောလာသော မျက်ဝန်းအကြည့်တွေက မီးခိုးရောင်သန်းနေသလို မျှော်လင့်ချက်တွေ ယှက်သန်းနေသည့်အရိပ် ကလေးတောင် မတွေ့ရ။

"ဘာကြောင့် စိတ်အားငယ်နေရတာလဲကွာ၊ အခု ဝီရဘေးမှာ ကိုယ်ရောက်နေပြီလေ၊ ဝီရအပေါ် ကြုံလာသမျှ အန္တရာယ်အားလုံးကို ကိုယ်ဖြေရှင်းမယ်၊ နောက်ပြီး ကိုယ် ဝီရကိုလက်ထပ်မယ်ကွာ၊ နွမ်းနေပြီ ဖြစ်တဲ့ပန်းတစ်ပွင့်ကို ကိုယ် အမြတ်တနိုးနမ်းရှိုက်မယ်၊ ဘဝမှာ ဘယ် မိန်းကလေးကိုမှ မပေးဖူးတဲ့ အချစ်စစ်စစ်တွေကို မင်းတစ်ဦးတည်းခံစား



www.burmeseclassic.com

www.burmeseclassic.com



စေရမယ် ကိုယ် ကတိပေးတယ်''

ဝီရထံမှ ပင့်သက်ရှိုက်သံနှင့်အတူ ခေါင်းရမ်းလိုက်သည်။

''နွမ်းခြောက်ကြေမွနေတဲ့ပန်းတစ်ပွင့်မှာ ဘာမျှော်လင့်ချက်မှ မရှိတော့ပါဘူး ဒွိဟရယ်၊ ဝီရ မမျှော်လင့်ရဲတော့သလို ဘယ်လိုမှမဖြစ် နိုင်တော့ပါဘူး၊ ဘဝကို တစ်ကပြန်စခွင့်ရခဲ့မယ်ဆိုရင်တောင် ဝီရမှာ အခွင့်အရေးမရနိုင်တော့ပါဘူး''

အားဖျော့သော ဝီရအသံလှိုင်းတွေက ငိုသံစွက်နေသည်။ တိတ် ဆိတ်သောညမှာ ဝီရ၏ငိုရှိုက်သံက ကဗျာတစ်ပုဒ်နှင့်ဆင်တူသည်။ ခံစား ချက်တွေကို ထိုကဗျာထဲ နစ်ဝင်ထွေးပိုက်လိုက်ရလျှင်ဖြင့် ဒွိဟအဖို့ ဒီ ညဟာ အချိုမြိန်ဆုံး ဂန္ထဝင်ညတစ်ညဖြစ်ခဲ့မယ်ဆိုတာ အနာဂတ်ကို မျှော်ကြည့်ရင်တောင် သိပ်လှပတဲ့ပန်းချီကားတစ်ချပ်လို တင့်တယ်နေမှာ ပါ။

သို့သော် ထို့အတွက် နာကျင်ကြေကွဲပြီး ပက်ကြားအက်ခဲ့ သော ဝီရနှလုံးသားတွေကိုထပ်ပြီး မနာစေချင်တော့။ ထပ်ပြီး ပက်ကြား မအက်စေရ။

ကိုယ့်အချစ်လမင်းကို အလှကြည့်ပြီး ရင်ခုန်သံတွေကို တဖြည်း ဖြည်းချင်း နီးစပ်စေရုံလေးနဲ့ တင်းတိမ်ရောင့်ရဲနိုင်ပါတယ်။

တကယ်ဆို ကျွန်တော် လောကမှာ ဘယ်ချစ်သူမိန်းကလေး ကိုမှ အာဘွားရှလူးဖူးခဲ့တယ်ဆိုတာ မရှိရအောင် တကယ်ကို ရိုးသား





ခဲ့တဲ့သူပါ။

ဒါကြောင့် ဝီရကိုအရှုံးအမူး ချစ်မိသွားတာဟာလည်း အမှန်ပင် သစ္စာဆိုပါ၏။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

''လေးလေး ကျွန်တော် လေးလေးကိုခွင့်တောင်းစရာတစ်ခု ရှိပါတယ်''

နေ့လယ်စာ ထမင်းပြင်ပေးပြီး ပြောသင့်မပြောသင့်ပင် ချိန်မနေတော့ဘဲ ဒွဲ့ပင်ပြောချလိုက်သည်။ လေးလေး ထမင်းစားနေရင်းမှ ဒွိဟကိုမော့ကြည့်သည်။

''ဘာအကူအညီလဲ ပြောလေ၊ ပေါက်ကရအကူအညီတော့ လာမတောင်းနဲ့နော် ကြိုပြောထားတာ''

ပါးစပ်ထဲမှ လက်ကျန်ဝါးလက်စ ထမင်းကို ရေနှင့်မျောချလိုက်ပြီး ပြောစရာရှိတာကို အားမနာတမ်း ကြိုပြောသည်။ ဒါဟာ ဦးလေးရဲ့ အကျင့်။ သူ မစွမ်းဆောင်နိုင်တဲ့အရာဖြစ်နေမှာစိုး၍ ကြိုတင်စကားခံလေ့ရှိတာ ခုမှမဟုတ်။ ဒွိဟ ယော်ရွယ်စဉ်အချိန်ကတည်းကပါ။





''ကျွန်တော့်မှာ ချစ်သူရှိနေပြီ''

ဦးလေး ပြုံးသွားသည်။ ဒွိဟ ပြောဖို့ အနည်းငယ်ရဲတင်းသွားသည်။

''ဒီတော့''

''ဦးလေးက အဖေနေရာကနေ မင်္ဂလာစကားလိုက်ပြောပေးဖို့''

''ကောင်မလေးက ဘယ်ကလဲ''

''ဘေးတိုက်ကပါ''

''ဟင် ဘေးတိုက်က ဟုတ်လား၊ အဲဒီတိုက်မှာ ဘယ်သူတွေနေမှန်း ငါတောင်မသိဘူး၊ မင်းက ဒါမျိုးတော့ တယ်သွက်ပါလားကွတမ်''

''အဟဲ ဒါကတော့ လေးလေးရာ ကျွန်တော်လည်း မထင်မှတ်ဘဲ တွေ့မိသွားတာပါ''

''ငါကတော့ ငါ့တူလေးကို အရင်လိုချေးအလိမ်းလိမ်းနဲ့ နှပ်ချေးတွဲလောင်း ပေတီပေစုတ်ကောင်လေးအဖြစ်ပဲ မြင်သေးတာ၊ ခုတော့ မင်းက အရွယ်တောင်ရောက်နေမှပဲ''

ဦးလေးစကားကြောင့် ဒွိဟ အရှက်ပြေရယ်လိုက်သည်။

''မင်းတို့တွေ့တာ မကြာသေးဘဲနဲ့ တစ်ယောက်အကြောင်းတစ်ယောက်သိပါဦးမလား၊ ငါတို့ခေတ်ကဆို သုံးနှစ်သုံးမိုး ချစ်ကြိုက်ပြီးမှ ဘဝလက်တွဲဖော်အဖြစ် ရွေးချယ်ကြတာ၊ ခုတော့ မင်းတို့ဟာက



www.burmeseclassic.com

www.burmeseclassic.com



ရက်ပိုင်းလေးနဲ့ ဘဝလက်တွဲဖော်ရွေးချယ်ကြတယ်ဆိုတော့ စလယ်ဝ
အိုးဖင်တောင်မည်းပါ့မလားကွာ၊ မင်းတို့လူငယ်တွေရဲ့အိမ်ထောင်ရေး
ရှေ့ကိုမျှော်ကြည့် ရင်တုန်စရာကြီး''

''ဒီခေတ်က အွန်လိုင်းခေတ်လေ လေးလေးရဲ၊ အွန်လိုင်းပေ
မှာတွေ့ပြီး တကယ်ချစ်သွားကြတဲ့ချစ်သူတွေ အများကြီး၊ လူ့ဘဝဆိုတာ
တိုတိုလေးပါ၊ ကိုယ့်ရဲ့မျိုးဆက်တွေအတွက် လုပ်ပိုင်ခွင့်အခွင့်အရေးတွေ
အပြည့်အဝရဖို့ သုံးနှစ်သုံးမိုးကြီးများတောင် ဘာကြောင့်အချိန်ဖြုန်းနေ
မလဲ၊ ဒါသက်သက် အီးလေးဆွဲတာလို့ ကျွန်တော်တော့ မြင်တယ်လေ''

''အယ် ဒီခေတ်က အဲလိုမြင်သွားပြီသား''

''ဟုတ်တယ် ဒီခေတ်လူငယ်တွေက မလိုအပ်ဘဲ အချိန်ကို
မဖြုန်းကြတော့ဘူး''

''ဩော် အေးပေါ့ကွာ ခုခေတ်က မင်းတို့ခေတ်ကိုး အေ
မင်းတို့မွေးလာတဲ့ သားသမီးတွေခေတ်ရောက်ရင်သာ ဒီနေ့တွေ့ မနက်ပြ
ချစ်သူဖြစ် သဘက်ခါ လက်ထပ်၊ နောက်တစ်ပတ်လောက်နေရင် ကလေး
တောင်မွေးမလား မသိဘူး''

ခပ်ရွှတ်ရွှတ်ပြောနေသော ဦးလေးဖေါ်ဘုကလန့်စကားကြောင့်
ဒွိဟ အားရပါးရ ရယ်လိုက်သည်။

''ဒါဆို ဦးလေးရဲ့မျိုးဆက်လေးတွေ အဲလိုခေတ်ကို မီအောင်
အွန်လိုင်းမှာ ခေးဖြစ်ဖြစ် စမီးဖြစ်ဖြစ် တစ်ယောက်လောက်ရှာလိုက်





သား''

''ဟော့ကောင် မင်းက တော်တော်ဦးနှောက်မရှိတာပဲ၊ ငါ့သာ
အဲဒီခေးဆိုတဲ့ဟာလေးတွေနဲ့ ပတ်သက်လိုက်ရင် မင်းတို့သားအမိကို
ဘယ်သူထောက်ပံ့မှာလဲ''

''ဒါကတော့ လေးလေးရာ ဒီလိုရှိတယ်လေ၊ ကျွန်တော်လည်း
အရွယ်ရောက်ပြီဆိုတော့ လေးလေးက ခေးနဲ့ပျော်ပျော်နေ၊ လုပ်ငန်းတွေ
ကို ကျွန်တော်က အပင်ပန်းခံပြီး ဦးစီးလုပ်ကိုင်ပေးမယ်''

ခပ်ရဲရဲပင် ပြောချလိုက်သော ဒွိဟ စကားကြောင့် ဦးလေး
မျက်လုံးအစုံပြူးသွားပြီး

''ဩော် မင်းက ငါ့လုပ်ငန်းတွေကို လိုချင်လို့ ဒီယုန်မြင်လို့
အီခြုံထွင်လိုက်တာပဲ''

''မဟုတ်ပါဘူး ဦးလေးရာ၊ ကျွန်တော်က ကိုယ့်ဦးလေး အနား
ယူရအောင် စေတနာနဲ့ပြောတာပါ''

''တော် တော် အပူမရှာချင်လို့ လူပျိုကြီးလုပ်နေတာနော်''

''ဒါဆိုလည်း ကျွန်တော့်အပူကို ဦးလေး လိုက်တောင်းပေးပါဗျာ
ကျွန်တော် သူ့ကိုလက်ထပ်ချင်တယ်''

တစ်ခါမှ ဘာမှမတောင်းဆိုဘူးသော တူမို့ လိုက်လျောရန်
ခေါင်းညိတ်လိုက်ပြီး

''မင်းတို့လူငယ်ချင်း အဆင်ပြေရင် ငါတို့လူကြီးတွေဘက်က



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ကျေစေရမယ်''

ဒွိဟ ထခုန်မိမတတ် ဝမ်းသာသွားသည်။

''ဟာ ဝမ်းသာလိုက်တာ လေးလေးရာ၊ ဒါဆို မနက်ဖြ
လိုက်ပြီးတောင်းပေးတော့''

ဒွိဟတို့က စိတ်ပါလာရင် ခုချက်ချင်းမှ။

''ဟ ဟော့ကောင် မင်းဟာက မမြန်လွန်းဘူးလားကွာ၊ အ
တော့ ယူရဦးမှာပေါ့''

''အချိန်တွေ နှမြောစရာကောင်းပါတယ် လေးလေးရာ၊ ဖြ
နိုင်ရင် ကျွန်တော်က ခုချက်ချင်းတောင် လူကြီးချင်းလိုက်ပြီး မြန်
စေချင်တာ''

''ဟော့ကောင် ပြဿနာမရှာနဲ့၊ မနက်ဖြန်လိုက်ပြီး မင်
စကားပြောပေးရအောင် မင်းတို့ကအဆင်သင့်ပဲလား၊ ဟိုဘက်ကို ပြ
ပြောထားလား''

''ဝီရက မနက်ဖြန် သူ့အမေတွေလာကြမယ်တဲ့၊ ကျွန်တော်
တော့ တစ်လက်စထဲ လူကြီးချင်းတွေ့လိုက်စေချင်လို့ပါ''

''အေးလေ ဒါဆိုရင်လည်း ပြီးရောပေါ့၊ မနက်ဖြန် မနက်
လောက် သွားတွေ့ကြမယ်၊ နေ့လယ်ပိုင်း ငါ အစည်းအဝေးသွားရမ
မအားဘူး''

''ဟုတ်ကဲ့ လေးလေး၊ ခုတောင် သူတို့အိမ်မှာ သူ့မိဘ





ရောက်နေကြပြီထင်တယ်၊ စကားပြောသံတွေ ကြားနေရတယ်''

''ဘာလဲ ခုသွားတွေ့ပေးရမှာလား''

ဦးလေးရဲ့ပြောမှန်း ဒွိဟ သိသည်မို့

''အဟဲ မဟုတ်ပါဘူး။ ပြောပြတာ မနက်ဖြန်အထိတော့ စောင့်
နိုင်ပါတယ်''

အချစ်နဲ့ပတ်သက်၍ ရှက်ရယ် ရယ်မိနေတာလားမသိ။ ဒွိဟ
တစ်ယောက် တဟဲဟဲနှင့် မျက်နှာပိုးကိုမသတ်တော့။ ဘာပဲဖြစ်ဖြစ်
ချစ်ရသူနှင့် အမြန်ဆုံးပေါင်းစည်းနိုင်မည့်စီမံကိန်းကို အကောင်အထည်
ဖော်နေပြီမို့ စိတ်တွေက အလိုလိုကိုတက်ကြွလန်းဆန်းနေသည်။

မကြာခင် ဝီရမေကို ဒွိဟ ရာသက်ပန် ပိုင်ဆိုင်ရတော့မှာပါ
လား။ ရင်တွေခုန်လိုက်ပါဘိ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

"အစ်ကိုလေး ဒီနေ့မိန်းမသွားတောင်းမလို့ဆိုပြီး ဘာမှလည်း မလဲသေးပါလား။ ဒီဝတ်စုံနဲ့သွားမလို့လား။ ကောင်းပါတယ်လေ ပေါ့ပေါ့ ပါးပါး ဖရီးစတိုင်ပဲ"

ဘောင်းဘီတို စွပ်ကျယ်ချိုင်းပြတ်နှင့် ဖရိုဖရဲပုံစံကိုကြည့်ပြီး မောင်စိန် ခပ်ရွှံ့ရွှံ့ပြောလိုက်သည်။

"ဟာ ဒီပုံစံနဲ့မိန်းမသွားတောင်းလို့ ဖြစ်မလားဗျ။ ယောက္ခမ လောင်းက အိမ်ပေါက်ဝကနေ ဆီးပြီးကန်ချလိမ့်မယ်၊ ခင်ဗျားကလည်း အလကားနေရင်း ဆေးလာထိုးနေတယ်၊ ဒီမှာ ဦးလေးရော အမေရော မလာသေးလို့ စောင့်နေတာ၊ လူကလည်းပင်းနှစ်ပေလောက် ရှည်ထွက် နေပြီ"

"သိသားပဲ အစ်ကိုလေး ဂနာမငြိမ်ဖြစ်နေတာ"





"အယ် ဒါလည်းသိသွားပြန်ပြီလား မောင်စိန်ရယ်"

"သိတာပေါ့ ကျွန်တော်က အစ်ကိုလေးကို အားကျနေတာ၊ ကျွန်တော်က ဒီဆိုဒ်ထဲကို အစ်ကိုလေးထက်အရင်ရောက်တာပါ"

မချိုတင်က ပြောနေသော မောင်စိန်ကိုကြည့်ပြီး သူ ဘာဆက် ပြောရမလဲ သိချင်မိသည်။

"အဲတော့ ဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲ အဲဒီ ဝီရမေဆိုတဲ့ ကောင်မလေးကို ကျွန် တော် အရင်မြင်ရမှာလေ"

"ခင်ဗျားရောက်တာ ဘယ်နှနှစ်ကြာပြီမို့လဲ"

"မကြာသေးပါဘူး ရက်နှစ်ဆယ်လောက်ပဲ ရှိပါသေးတယ်၊ ဒီဆိုဒ်ထဲက ပန်းရံဆရာတွေ သံပန်းသမားတွေအားလုံးက လူသစ်တွေ ချည်းပဲလေ၊ အရင်လူဟောင်းတွေက ခိုးလို့ ဘောစိက အားလုံးကို ဖြုန်းလိုက်တာ"

"ဒါဆို ခင်ဗျားနဲ့ကျွန်တော် ရောက်တာ သိပ်မကွာဘူးလေ"

"မကွာပေမယ့် ကျွန်တော်က အရင်ရောက်တာလေ၊ ကျွန်တော့် ကျတော့ ဒီကောင်မလေးနဲ့တွေ့ပါတော့လား။ ခုတော့ ကျွန်တော့်မှာတော့ သရဲမတွေနဲ့ပဲ နှစ်ပါးသွားနေရတယ်"

အတည်ပေါက်နှင့်ပြောနေသော မောင်စိန့်စကားကြောင့် ဟက် ဟက်ပက်ပက် ရယ်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ပေါက်ကရတွေ ပြောမနေပါနဲ့ဗျာ၊ ဒီမှာ ဘာသရဲမမှမရှိဘူး ခင်ဗျား ထွင်လုံးတွေ မသိရင်ခက်မယ်"

"တကယ်ပြောနေတာ အစ်ကိုလေးက ကံမြင့်လို့မမြင်ရတာ ဖြစ်မယ်၊ မယုံရင် ဒီညတွေ့မလား၊ ကျွန်တော့်မှာ သရဲခေါ်နည်းရှိတယ် သူတို့ အစ်ကိုလေးဆီကို ဒီညလာကြလိမ့်မယ်လေ"

ဒီလိုကျတော့ ဒွိဟ ကျောထဲစိမ့်သွားတာတော့ အမှန်ပင်။

"ဟာ မတွေ့ပါဘူး၊ ဘာတွေလာပြောနေတာလဲ မသိဘူး ကျွ

က သရဲမကိုတွေ့စရာလား ခင်ဗျားပဲတွေ့"

မောင်စိန် တဟားဟား အော်ရယ်၏။ ဒွိဟမှာသာ လက်

နာရီကိုတကြည့်ကြည့်နှင့် ဦးလေးနှင့်အမေ လာမည့်လမ်းဘက်ကို မျှေ

တော်ယောင်လုပ်နေရတာ လည်ပင်းက ဈိုင်းလည်ပင်းဖြစ်နေပြီ။

"ကျွတ် ခုထိ မလာကြသေးဘူးဗျာ"

"လာမှာပေါ့ အစ်ကိုလေးရာ၊ ဒီအချိန်က ရုံးချိန်ကြီးကို လမ်း

တွေပိတ်လို့နေမှာပေါ့၊ ဒါနဲ့ အစ်ကိုလေး ဟိုဘက်ခြံမှာ ညည်သည်တွေ

ရောက်နေတယ်ထင်တယ်နော်၊ ကေန္တ အစ်ကိုလေးချစ်သူက ဒီနေ့

အစ်ကိုလေး သူ့ကိုလူကြီးစုံရာနဲ့လာတောင်းမယ်ဆိုလို့ ဆွေမျိုးတွေကို

ပြောထားလို့ အမျိုးစုံရောက်နေကြတာ ဖြစ်မယ်"

"ဟုတ်မယ် ထင်တာပဲ၊ ညက သူ့မိဘတွေရှိလို့ ငါလည်း

သွားမတွေ့ရဲဘူးလေ"





"ဟော ဟိုမှာ လာကြပြီ အစ်ကိုလေး"

ဦးလေးကားဝင်လာတာကို မောင်စိန် လှမ်းမြင်ပြီး မေးငေါ့ပြ

ဒွိဟ ဝမ်းသာသွားသည်။ ကားပေါ်မှ မိခင်ဖြစ်သူ အရင်ဆင်းလာ

ည်။

"ဟဲ့ သား ဘာရပ်ကြည့်နေတာလဲ၊ ကန်တော့ပွဲ လာဝိုင်းသယ်

လေ"

ကန်တော့ပွဲဆို၍ ဒွိဟ အံ့သြသွားသည်။ အမေ့နား ကပျာ

ယာပြေးဆင်းသွားပြီး

"ကန်တော့ပွဲက ဘာလုပ်ဖို့လဲ အမေ"

"မင်းမိန်းမကို ဒီကန်တော့ပွဲနဲ့ သွားတောင်းရမှာလေ"

ဝိရက ဒါမျိုးကို လက်ခံပါ့မလား။

"အ အမေရာ ကျွန်တော်တို့ ဘိုဆန်ဆန်လေးပဲ သွားကြရ

အောင်နော်"

ဒွိဟ စကားကြောင့် အမေ့မျက်ခုံးနှစ်ဖက် တွန့်ရှုံ့သွားသည်။

"ဟဲ့ ဘာလဲ ဘိုဆန်ဆန် ငါက အနောက်တိုင်းဝတ်စုံတွေ

ဘာတွေ ဝတ်ရမှာလား အဲလိုလား"

အမေနှင်ဒွိဟကိုကြည့်ပြီး ဦးလေး ရယ်သည်။

"မဟုတ်ဘူး မမရေ၊ မမသားက ကန်တော့ပွဲကြီးရွက်ပြီးသွား

မှာကို ရှက်တာ၊ ဒါကြောင့် ပေါ့ပေါ့ပါးပါးလေးပဲ ဘာမှမပါဘဲ သွား



www.burmeseclassic.com

www.burmeseclassic.com



ကြရအောင်လို့ ပြောတာ"

"ဩော် အဲလိုပြောတာလား၊ ဒါပေမဲ့ မိန်းကလေးရှင့်က ကျေနပ်ပါ့မလား"

"ကျေနပ်ပါတယ် မေမေရာ၊ ဒီခေတ်က ဒီလိုတွေပဲ မင်္ဂလာစကားပြောကြတာပဲလေ"

"အေးပါ အေးပါ ဒါဆိုလည်း ပြီးရော ကဲ ရော့ ဒီမှာ မင်းအတွက်ဝတ်စုံ မြန်မြန်ဝတ် သွားမယ်၊ မင်းဦးလေးက အစည်းအဝေးသွားစရာရှိတယ်မို့လား"

ခုမှလာပြီး လောနေသော အမေ့အနားမှ အဝတ်အစားလဲရန်ခပ်မြန်မြန် ထွက်ခဲ့လိုက်သည်။

ဒွိဟ ရင်ထဲမှာ ပျော်နေသည်။ ဘာတွေပျော်နေမိမှန်းကိုယ်ဝီရမကို ပိုင်ဆိုင်ရတော့မယ်ဆိုတဲ့အသိတရားက ရင်ထဲကို အပျော်တွေအဖြစ် စီးမျောနေလိုက်ပုံများ။

■ ■ ■



## အခန်း (၃၃)

"ဩော် ဧည့်သည်တွေလာတယ်"

ဝီရ အဒေါ်က ဒွိဟတို့သားအမိတူကြီး သုံးယောက်ကို တွေ့ကာ ပြုံးရွှင်ဖော်ရွေစွာကြိုပြီး ဝီရမိခင်ကို လှမ်းအော်ခေါ်သည်။

ဝီရအမေ အိမ်ထဲမှ ထွက်လာသည်။ ဒွိဟတို့ကိုမြင်ပြီး ပြုံးရွှင်၍ အိမ်ထဲဝင်ဖို့ ဖိတ်ခေါ်သည်။

"သမီးလေး ဧည့်သည်တွေထင်ပါရဲ့၊ ဝင်ပါရှင် ဧည့်ခန်းထဲကိုကြွပါနော်"

"ဟုတ်ကဲ့ခင်ဗျာ"

ဦးလေးက ယဉ်ကျေးစွာဖြေပြီး အိမ်ထဲကို ဦးဆောင်ဝင်သွားသည်။ ဒွိဟအမေ့နောက်မှ ခပ်ကုတ်ကုတ်လိုက်ဝင်လိုက်သည်။ ပုံစံကြည့်ရတာ ဝီရက သူ့မိခင်ကို သူတို့လာမည်ဆိုတာကို ကြိုတင်ပြောပြထားပုံရသည်။ ဒါကြောင့် ဝီရ မိခင်က ပျာပျာသလဲ ထွက်ကြိုတာဖြစ်မည်။

ဧည့်ခန်းထဲရောက်တော့ စားစရာပြင်ဆင်ထားသော စားပွဲဝိုင်း

www.burmeseclassic.com

www.burmeseclassic.com



က အဆင်သင့်။

"လာပါ ထိုင်ကြပါရှင်"

ဝီရမိခင်က ထမင်းဟင်း အမယ်မျိုးစုံကို ပြင်ဆင်ထားသော စားပွဲဝိုင်းမှာ ဝင်ထိုင်၍ ဖိတ်ခေါ်နေသဖြင့် ဦးလေး အမေနှင့်ဒွိဟမှာ အားတုံ့အားနာ ဘာမပြောညာမပြောနှင့် ဝင်ထိုင်လိုက်ရတော့တာပေါ့။ အမေက ဒွိဟကိုကြည့်ပြီး မသိမသာ ပြုံးပြသည့်အတွက် ဒွိဟကလည်း အမေ့ကို သိသိသာသာ ပြန်ပြုံးပြလိုက်သည်။

ဦးလေးကတော့ မင်္ဂလာစကား အရင်မပြောရသေးဘဲ မင်္ဂလာထမင်းအရင်စားနေရ၍ စိတ်ထဲမှာသိပ်ပြီး သက်တောင့်သက်သာရှိပုံမပေါ်။ လူပျိုကြီးကလည်းဖြစ်တော့ ရှိုးတို့ရှန့်တန့်ဖြစ်နေသည်။

စားပွဲပေါ်မှမှောက်ထားသော ထမင်းပန်းကန်တွေကို လှန်ပြီး ဝီရအဒေါ်ဖြစ်သူက ထမင်းထည့်ပေးသည်။

"စားကြပါနော် အားမနာပါနဲ့"

"ဟုတ်ကဲ့ပါရှင်"

အမေကလည်း အားနာပါးနာနှင့်လောကွတ်ချော်ကာ ပြန်ပြောပြီး သူ့ရှေ့မှာရှိနေသော ကြံမဆိုင်ဟင်းရည်ကို တစ်ဇွန်းခပ်မြည်းပြီး

"ဟင်းချက်ကောင်းမယ့်ပုံပဲနော်၊ အားလုံးက စားကောင်းမယ့်ပုံတွေ"

"ဟုတ်ကဲ့ မမ၊ ဒီဟင်းတွေအားလုံးက ဟိုတယ်က မှာထားတာလေ၊ ညီမတို့က အားလုံးအလုပ်ကိုယ်စီနဲ့ဆိုတော့ စီမံချက်ပြုတ်ဖို့မအားကြဘူး၊ ဒါကြောင့် ဘုန်းကြီးကို အာရုံကပ်ဖို့နဲ့ ဧည့်သည်ကျွေးဖို့ပဲ





ဆိုတော့ ဟိုတယ်ကပဲ မှာလိုက်တော့တာ"

စကားထဲမှာ ဘုန်းကြီးပါလာ၍ ဒွိဟ အံ့သြသွားသည်။ ဝီရသည်း သူ့ကိုဘာမှကို ပြောမထားပါလားပေါ့။

ဦးလေးကတော့ ဇွန်းခက်ရင်းဟန်ပါပါကိုင်ပြီး ဝီရ အဒေါ်ရှေ့မှာ ရှိုးတို့ရှန့်တန့် တို့ဆိတ်တို့ဂဏန်းစားနေသည်။ ဒွိဟမှာသာ ရောက်ကတည်းက ဝီရကိုမမြင်သဖြင့် ဟိုဟိုဒီဒီ လှည့်ပတ်ရှာနေမိသည်။ မေးသည်းမမေးရဲ။

ဒီလိုနဲ့ ထမင်းကို အားနာပါးနာနဲ့ တစ်ယောက်နည်းနည်းစီ စားကြပြီး ဧည့်ခန်းထဲရှိဆိုဖာထိုင်ခုံပေါ်တွေမှာ အချိုပွဲအစုံအလင်တင်ထားရာသို့ သားအမိတူကြီးသုံးယောက် အားနာပါးနာနဲ့ ဝင်ထိုင်ကြရပြန်သည်။

ဒီတစ်ခါ ဝီရအမေပါ မျက်နှာချင်းဆိုင်ဆိုဖာခုံမှာ လာထိုင်ပြီး ဧည့်ခံစကားပြောသည်။ ခုချိန်ထိ ဝီရကို မတွေ့ရသေး။

"သမီးလေး မိတ်ဆွေထဲမှာ အစ်ကိုကြီးတို့ အစ်မကြီးတို့လို ဂုဏ်သရေရှိမိတ်ဆွေတွေရှိနေမှန်း မသိဘူး။ ခုလိုမျိုး လာပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင်၊ ဒါနဲ့ သမီးလေးနဲ့ ဘယ်တုန်းကများ မိတ်ဆွေဖြစ်ခဲ့ကြတာပါလဲ"

ဝီရအမေအမေးကို ဦးလေးနဲ့အမေက ဘာပြန်ဖြေရမှန်းမသိဘဲ ဒွိဟကို လှမ်းကြည့်ကြသည်။ မင်းကိစ္စမင်းစရှင်းဆိုသည့်သဘော။

"ဟုတ်ကဲ့ တွေ့တာ ဆယ်ရက်လောက်ပဲ ရှိပါသေးတယ်ခင်ဗျ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ဝီရ အမေ မျက်လုံးအစုံပြူးကျယ်ဝိုင်းစက်သွားသည်။

"ဘယ် ဘယ်လို သား မင်းဘယ်လိုပြောလိုက်တယ်"

ဒေါသမျက်နှာလား။ အံ့ဩသောမျက်နှာလား ခွဲခြားမရအောင် ပြောင်းလဲသွားသော ဝီရအမေ၏မျက်နှာအမူအရာကြောင့် ဒွိဟလန့်သွားသည်။ ဦးလေးက အခြေအနေကို ဝင်ထိန်းသည့်အနေဖြင့်

"ဒီလိုပါ ဝီရတို့အမေ ဒါက ကျွန်တော့်တူလေးပါ၊ ကျွန်တော်က ဟိုဘက်ခြံက ဆောက်လုပ်ရေးလုပ်နေတဲ့ ကန်ထရိုက်ပါ၊ ဟောဒီက တူတော်မောင်နဲ့ အစ်မကြီးရဲ့သမီးတို့ လူငယ်ချင်းမေတ္တာမျှကြပါတယ်၊ ဒါကြောင့် သမီးလေးကို အရမ်းတန်ဖိုးထားချစ်မြတ်နိုးတဲ့ ကျွန်တော့်တူက အစ်မကြီးရဲ့သမီးကို မိသားဖသားပီပီ တောင်းရမ်းပေးပါဆိုတာနဲ့ ကျွန်တော်တို့အုပ်ထိန်းသူတွေက အစ်မကြီးနဲ့လာတွေ့တာပါ"

"ဘုရား ဘုရား"

ဝီရအမေ ရင်ဘတ်ကို အသာဖိလိုက်ပြီး

"နှရေ ဒါ ဒါတွေက တကယ်တဲ့လား၊ ဘုရားရေ ဒါဆို သူများတွေပြောသလို သမီးလေးက ဒီအိမ်မှာ တကယ်ရှိနေသေးတာပေါ့"

ဝီရအမေ ဘာတွေပြောနေသလဲဆိုတာ ဒွိဟတို့အားလုံး နားမလည်။ ဝီရအမေနားသို့ အဒေါ်ဖြစ်သူရောက်လာပြီး တုန်လှုပ်နေသော ဝီရအမေကို ထိန်းသည်။

"မမ သတိထားနော်"

"ဘာဖြစ်လို့လဲ ညီမလေး နေမကောင်းဘူးလားကွယ်၊ မမတို့ကြောင့် စိတ်အနှောင့်အယှက်ဖြစ်သွားတာ အားနာပါတယ်ကွယ်"





ဒွိဟအမေ အားနာစွာဖြင့် တောင်းပန်လိုက်သည်။

"ရပါတယ် မမရယ်၊ အခုကိစ္စက အရမ်းကို ထူးဆန်းနေလို့ မမ ရှော့ခ်ရသွားတာပါ"

"ဘာတွေဖြစ်လို့လဲကွယ်"

အမေက မိန်းမပီပီ ထပ်ပြီးစပ်စုနေပြန်သည်။ ဒွိဟမှာသာ ဝီရ ဘာများဖြစ်လို့လဲဟူသော စိုးရိမ်စိတ်ကြောင့် စိတ်တွေဂနာမငြိမ်ဖြစ်နေရသည်။

"ဒီနေ့ ဒီကိုလာရတဲ့ မမတို့ရည်ရွယ်ချက်က သမီးတောင်းဖို့ဟုတ်လား"

"ဟုတ်ပါတယ်ကွယ်"

ဝီရအဒေါ်ပါ ရှိုက်ကြီးတငင် ငိုကြွေးတော့သည်။ ဒွိဟ မနေနိုင်တော့။

"အန်တီ ဝီရ ဘာဖြစ်လို့လဲ၊ ပြောပါဗျာ ကျွန်တော် စိတ်ပူလို့ပါ ဒီထဲကိုဝင်လာကတည်းက ကျွန်တော့်စိတ်တွေ တစ်မျိုးဖြစ်နေလို့ပါ"

"တကယ်တော့ ဒီနေ့က သမီးလေးဆုံးတာ တစ်လပြည့်တဲ့နေ့ကွယ်"

"ဗျာ"

ဝီရ ဆုံးပြီဆိုသောစကားကြောင့် ဒွိဟ ထိုင်နေရာမှ မြောက်တက်သွားသလား ထင်ရ၏။ ဦးလေးနှင့်အမေလည်း ဘာပြောရမှန်းမသိအောင် ဖြစ်ကာ ငြိမ်သက်သွားကြသည်။

"မ မဖြစ်နိုင်ပါဘူး အန်တီ၊ ဝီရနဲ့ကျွန်တော် ညတိုင်းတွေ့ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကြတယ်၊ ကျွန်တော့်ကို ဝီရက စန္ဒရားအမြဲတီးပြတယ်၊ ကျွန်တော်တို့ စကားတွေ ညတိုင်းပြောကြတယ်''

ဝီရအမေ မျက်လုံးမှိတ်ပြီး မှိန်းနေရာမှ အသာပွင့်လာပြီး

''မဖြစ်နိုင်တာ မပြောပါနဲ့ သားရယ်၊ အန်တီ့သမီးက ဆုံးသွားပြီလေ၊ ဘယ့်နှယ်ကြောင့် မင်းနဲ့ညတိုင်း စကားတွေပြောရမှာလဲ၊ မဖြစ်နိုင်ပါဘူးကွယ်''

''ဟုတ်ပါတယ် ငါ့တူရယ် ဝီရဆုံးတာ ဒီနေ့ တစ်လပြည့် ဒါကြောင့် မမတို့ အန်တီတို့ကလေ မနေ့ကတည်းက ဒီကိုရောက်နေပြီး မနက်စောစောထပြီး သမီးလေးအတွက် ရည်စူးပြီး ဆွမ်းကပ်နေတာပါ''

ထိုမျှပြောနေသည်အထိ ဒွိဟ ခေါင်းကို တွင်တွင်ခါရမ်း

''ကျွန်တော် ဝီရနဲ့ညတိုင်းအတူတူရှိနေတာပဲ၊ အမှန်ပါပဲ အန် ဝီရဘဝက အရမ်းသနားစရာကောင်းပါတယ်ဗျာ''

''သား မင်းဘာတွေပြောနေတာလဲ၊ ဝီရမေက ဆုံးပြီးသားဆို သား ညတိုင်းတွေ့နေရတဲ့မိန်းကလေးက ဝီရမေမှ ဟုတ်ရဲ့လားကွယ် တခြားမိန်းကလေးများလား''

မေမေက အားနာစွာ ဝင်ပြီး မေးပေး၏။

''တခြားမိန်းကလေးမဟုတ်ဘူး ဝီရမှ ဝီရအစစ်ပါဗျာ၊ ကျွန် တော် မညာပါဘူး၊ ဝီရချစ်သူ မင်းခန့်ကျော်စွာအကြောင်းကအစ ကျွန်တော့်ကို ပြောပြခဲ့တယ်၊ နောက်ပြီး သူ့ချစ်သူယုတ်မာခဲ့တာ ဝီရ ရင်ထဲမှာအခဲမကြေဘဲ ကလဲ့စားချေမှာကအစ ဝီရ ကျွန်တော့်





ပြောပြတယ်''

''ဟင်''

''ဘယ်လို''

ဝီရအမေ အဒေါ်ပါ အကုန်လုံး အံ့သြကုန်ကြသည်။

''ဘုရား ဘုရား မမရေ ဒီကလေးပြောတာနဲ့ သမီးဖြစ်ခဲ့တာ တွေနဲ့ တစ်ထပ်ထဲပါလား''

''ဒါဆိုရင် မင်း မင်းကို သမီးက ဘာတွေဆက်ပြောသွားသေးလဲ''

''သူနာကျင်ခဲ့ရတာတွေပေါ့၊ ဒါပေမဲ့ သူဟာသေပြီးသားလူတစ်ယောက်အဖြစ်နဲ့မဟုတ်ဘူး၊ ဒါကြောင့် ကျွန်တော် လုံးဝကို မယုံနိုင်တာပါ အန်တီ၊ ဒါဟာ ဘယ်လိုမှမဖြစ်နိုင်ပါဘူး''

''ကောင်းပြီလေ မင်းမယုံဘူးဆိုရင်တော့ အန်တီနဲ့ မင်းကို သက်သေတွေပြရတာပေါ့''

အန်တီနု အနားမှထွက်သွားသည်။ ဧည့်ခန်းထဲတွင် ဒွိဟနှင့်အတူ အားလုံးဟာ မယုံကြည်နိုင်ခြင်းများစွာနှင့်အတူ သက်ပြင်းတချချဖြင့် တိတ်ဆိတ်ငြိမ်သက်စွာ ကျန်ရစ်ခဲ့သည်။

သိပ်မကြာလိုက် အန်တီနု ထွက်လာသည်။ လက်ထဲတွင် ဓာတ်ပုံအယ်ဘမ်တစ်ခုနှင့် နာရေးယပ်တောင်တစ်ခု ပါလာသည်။

''ရော့ အဲဒါတွေဟာ သမီးလေး ဝီရမေ ဆုံးသွားပြီဆိုတဲ့ သက်သေပါပဲကွယ်''၊

ဦးလေးရော အမေပါ ယပ်တောင်ပေါ်မှ နာမည်ကို မြင်တွေ့



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်ကြပြီး အံ့သြမှုတွေက အထွတ်အထိပ်ရောက်ကုန်ကြသည်။

"သိပ်ကိုဆန်းကြယ်ပါလားဗျာ၊ ကျွန်တော့်တဝမှာ ဒီလိုကိစ္စမျိုး ကြုံတာ ပထမဆုံးပဲ"

ဦးလေးထံမှ မှန်ကန်ကြောင်း သက်သေထွက်လာသည့်တိုင် အောင် ဒွိဟ ထိုသက်သေပစ္စည်းတွေကို မကြည့်ရဲ။

"သား အဲလိုမလုပ်နဲ့၊ မင်းစိတ်တွေ ဒွိဟဖြစ်နေပြီနော်၊ ဒါ ကြောင့် အမှန်တရားတစ်ခုကို သိရဖို့ ရဲရဲပဲကြည့်လိုက်ပါသားရယ်"

သားဖြစ်သူအတွက် အမေတော်တော်လေး စိတ်မကောင်း ဖြ နေပုံရသည်။ ရှောင်လွှဲ၍မရမှတော့ ဒွိဟ ထိုအရာတွေကိုကြည့်ရတော့ မှာပေါ့။

ဆက်တီစားပွဲပေါ်တင်ထားသော နာရေးယပ်တောင်တွင် ဝီ မေ အသက် (၂၃)ဟူသော စာတန်းက ဒွိဟရဲ့အသည်းနှလုံးတွေ အစိတ်စိတ်အမြွှာမြွှာ ကွဲအက်စေသည်။

"ဟောဒီဓာတ်ပုံတွေကိုလည်း ကြည့်ပါကွယ်"

ဆေးသမားလို တုန်ယင်နေသော လက်အစုံဖြင့် အယ်လ်ဘ ကို လှမ်းယူလိုက်သည်။ သေချာပါပြီ သူနဲ့ညစဉ်တွေ့နေခဲ့တဲ့ ဝီရ တာ ဒီအယ်လ်ဘမ်ထဲက ဓာတ်ပုံပိုင်ရှင်ပါပဲ။ ရင်ထဲမှာ ကမ္ဘာပြို သည့် ဒွိဟအဖြစ်။ ယောကျာ်းတန်မဲ့ မျက်ရည်တို့ ပိုးပိုးပေါက်ပေ ကျဆင်း၍လာခဲ့သည်။

ဝီရ၏ဝိညာဉ်မဲ့နေသော ခန္ဓာကိုယ်ပေါ်ကို ပန်းတွေဖုံးပြီး ဦ သက်စွာ ထာဝရအိပ်မောကျနေသော ဝီရ၏အသက်မဲ့နေသည့် မျ





မီးသဂြိုလ်စက်ထဲ မထည့်ခင် ရိုက်ထားသော ပုံရိပ်တွေ။ ဆွေမျိုးမိဘတွေ သဲသဲလှုပ် ငိုကြွေးနေကြသော မြင်ကွင်းပုံတွေ။ ကြည့်ရင်းကြည့်ရင်း ဒွိဟရင်ထဲ လှိုင်းထန်လာသည်။

ဘာကြောင့်လဲ ဘာကြောင့်များ ဝီရက သေပြီးသားဝိညာဉ်ဘဝ နဲ့ သူ့ကိုလာပြီး ပတ်သက်ရတာလဲ။ သူ့ကျမှ ဘာကြောင့် ဒီအဖြစ်ဆိုး မျိုးကြီးကို ရွေးကြုံရတာလဲ။ တစ်ခါမှ ရင်မခုန်၊ တစ်ခါမှ မချစ်ခဲ့ဖူးသော ဒွိဟဆိုတဲ့ကောင် ချစ်သူလေးရပြီဆိုပြီး မိုးမမြင်လေမမြင် ပျော်နေခဲ့ တာတွေဟာ ခုတော့ ဆန်းကြယ်တဲ့ပရလောကသားထဲက ဝိညာဉ်နဲ့တဲ့ လား။

သနားစရာကောင်းလိုက်တဲ့ ဝီရရယ်ဟု ညည်းတွားပြီး လူကြီး တွေရှေ့မှာ စိတ်ရှိလက်ရှိ ငိုပစ်လိုက်သည်။

"သူ သူဘာကြောင့် သေသွားရတာလဲ အန်တီ၊ သူ ကျွန်တော့် ကို ပြောပြတဲ့အထဲမှာ သူဟာ သေပြီးသားလူတစ်ယောက်ပါ ဆိုတာ လုံးဝမပြောခဲ့ဘူး၊ ဒါကြောင့် ကျွန်တော်ဟာ သူ့ကို ဝိညာဉ်ဆိုတာ လုံးဝ မသိခဲ့တာပါ၊ ပြောပြပါလား ကျွန်တော့်ကို သူ ဘာကြောင့် လောကကြီး ထဲကထွက်သွားရသလဲဆိုတာ"

ဝီရအမေနှင့်အဖေ တသိမ့်သိမ့် ရှိုက်ငိုနေကြသည်။ ပြီးနောက် ဒွိဟကို အငိုမျက်နှာများဖြင့် ကြေကွဲစွာကြည့်ပြီး

"သမီးလေးက သူ့ကိုယ်သူ ဆွဲကြိုးချသေခဲ့တာပါကွယ်"

"ဗျာ"

ဒွိဟ ထိုင်နေရာမှ အလန့်တကြား ထလိုက်သည်။ ဦးလေးနှင့်



www.burmeseclassic.com

www.burmeseclassic.com



အမေပါ ဝီရအကြောင်းနားထောင်ပြီး စိတ်မကောင်းဖြစ်နေကြရာမှ ဒွိဟ
ကို မော့ကြည့်လိုက်သည်။

"သား ဘာဖြစ်လို့လဲ"

"ဒါကြောင့် ဝီရက ကျွန်တော့်ကို စန္ဒရားတီးပြနေရင်းက ဟော
ဟိုအတွင်းခန်းထဲဝင်ပြီး ဆွဲကြိုးချဖို့ ကြိုးစားတာကိုး"

ဝီရအမေ ထပ်မံအံ့သြရပြန်သည်မို့

"မင်း ဒါကိုလည်း သိနေတာပါလား"

"အဲဒီအချိန်တုန်းက ဝီရမေ စိတ်သောကတစ်ခုခုကြောင့် သူ့
ကိုယ်သူ သေကြောင်းကြံတယ်လို့ပဲ ထင်ခဲ့တာလေ၊ အဲဒီလို ကြိုးဆွဲချ
ပြီး သေခဲ့တယ်လို့ ဘယ်လိုမှ မထင်ထားခဲ့မိပါဘူး၊ သူ အဲဒီလို သေဆုံး
ခဲ့ရတာ မင်းခန့်ကျော်စွာကြောင့်ပါ၊ ဒါကိုရော အန်တီသိသလား"

"အန်တီ သိသလောက်က သမီးရဲ့ဒိုင်ယာရီစာအုပ်ထဲမှာပါတဲ့
အကြောင်းပါပဲ၊ သူတို့လူငယ်ချင်း မှားယွင်းသွားတယ်၊ ဒါကြောင့် သမီး
သူ့ကိုယ်သူ အဆုံးစီရင်သွားတယ်"

"မဟုတ်ဘူး အဲဒီထက်အများကြီးပိုတဲ့ စော်ကားမှုတွေကို ဝီရ
ခံစားခဲ့ရတယ်၊ ဒါကြောင့် သူ့ကိုယ်သူ အဆုံးစီရင်သွားခဲ့တာပါ အန်တီ"

"ဘုရား ဘုရား ဒါတွေကို သမီးဟာ ဘာမှပြောမပြခဲ့ဘူး"

ပြောရင်းဖြင့် ဝီရအမေ ငိုရှိုက်ပြန်သည်။

"ကျွန်တော် ဝီရ ကြုံတွေ့သွားရတဲ့ ကြမ္မာဆိုးတွေကို ပြောပြ
ချင်ပါတယ်၊ အန်တီတို့ စိတ်ခိုင်ခိုင်ထားပြီး နားထောင်ပေးကြပါ"

သူ့အရှက်သိက္ခာကို သေတဲ့အထိဖုံးကွယ်ထားခဲ့သော ဝီရ၏





ဒွိဟ စိတ်ထဲမှ လေးစားမိပေမယ့် ချစ်ရသော ဝီရကို သေအောင်လုပ်
ခဲ့သည့် တရားခံနှစ်ယောက်ကို ဖမ်းဖို့အတွက် ဝီရမိဘတွေပါ ပါဝင်မှ
ဖြစ်မည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

"အမလေး သနားစရာကောင်းလိုက်တဲ့ သမီးလေးရယ်၊ ငါ့ တမျှခံစားသွားရတဲ့ သောကတွေကို မိဘတွေကို မြူတစ်မှုံတောင်မှ မသွားခဲ့ဘူး"

သက်သေခံအဖြစ် သိမ်းဆည်းခဲ့သော အဝတ်အစားတွေကို ကြည့်ပြီး ဝီရမိခင်မှာ ကမ္ဘာပျက်မတတ် ငိုကြွေးနေရှာ၏။

"သမီးလေးရယ် မေမေ ဘယ်လိုဖြေသိမ့်ရမလဲ၊ ဒီကိစ္စ သမီး လေးဖေဖေသာသိခဲ့ရင် ခုချက်ချင်း မြန်မာပြည်ပြန်လာပြီး သမီးလေး စော်ကားတဲ့ကောင်တွေကို အသေလာသတ်ပစ်မလား မသိဘူးကွယ်"

"အသေသတ်ဖို့မလိုပါဘူး အန်တီ၊ သူတို့ဘယ်မှာရှိနေတယ် ဆိုတာ ကျွန်တော် အားလုံးစုံစမ်းပြီးပါပြီ၊ စခန်းကိုတိုင်မယ်ဆိုရင်လည်း တိုင်လို့ရပါပြီ၊ ကျွန်တော် စိုးရိမ်ပြီး တွန့်ဆုတ်နေတာ တစ်ခုပဲရှိတယ် အန်တီ"





ပြောလက်စ စကားကိုဆက်မပြောဘဲ ရပ်သွားသဖြင့် အငို မျက်ဝန်းဖြင့် မော့ကြည့်ကာ

"ပြောပါ သားရယ်၊ သမီးလေးက တမလွန်ကနေ သူဖြစ်ချင် တာတွေကို သားကိုအကူအညီတောင်းနေတာပဲ"

"ဒါပေမဲ့ ကျွန်တော် ဝီရရဲ့အရှက်သိက္ခာကို မငဲ့ဘဲ တဖွတ်ထိုး သုပ်ရင် သေတဲ့အထိ အရှက်ကိုဖုံးထားတဲ့ ဝီရရဲ့ဂုဏ်သိက္ခာ မိဘတွေရဲ့ ဂုဏ်သိက္ခာကို ကျသွားမလားလို့"

ထိုစကားကြောင့် ဝီရအမေ မျက်နှာတင်းမာသွားကာ

"အန်တို့ဝမ်းနဲ့လွယ်ပြီး မွေးခဲ့ရတဲ့ သမီးလေးကိုတောင် အန်တီ ဆုံးရှုံးခဲ့ရပြီးမှတော့ အဲဒီဂုဏ်သိက္ခာတွေကို အန်တီ ဖက်တွယ်ထားရင် သမီးလေး လူ့လောကထဲက ထွက်သွားရတာ တန်ပါ့မလားကွယ်"

ဆန္ဒချင်းညှိကြည့်လိုက်သည်။ ခံစားချက်ချင်းတူနေမှတော့ ဒွိဟ အချိန်ဆွဲမနေချင်တော့။

"အဲဒီကောင်တွေနေတဲ့နေရာ ကျွန်တော်စုံစမ်းပြီးပါပြီ၊ သက် သေလည်းဆုံနေပြီဆိုတော့ ကျွန်တော်တို့ဥပဒေအတိုင်း အပြစ်ပေးကြ တာပေါ့၊ ကျွန်တော့်ဦးလေးမှာ ရှေ့နေကောင်းကောင်းတွေရှိပါတယ် အန်တီ၊ ဒီကောင်တွေကို ဝီရဆန္ဒအရ ထောင်ချပစ်မယ်"

ပြောရင်းနှင့် ဒွိဟ ဒေါသတွေတလုပ်လုပ် လှုံ့တက်လာပြန် သည်။ ဝိညာဉ်ကိုချစ်သူတော်ခွင့်ရအောင် ဒီကောင်တွေ ယုတ်မာခဲ့လို့။ ဒီဆိုလျှင်လည်း ဝီရနှင့်ဆုံတော့မည်မဟုတ်။ ဘာပဲဖြစ်ဖြစ် ဝီရဆန္ဒ အရ ဝီရ မုန်းလျှင်ကိုယ်လည်းမုန်းရမည်။ သတ်ပစ်ချင်လောက်အောင်ကို



www.burmeseclassic.com

www.burmeseclassic.com



မုန်းတီးပစ်ရမည်။

သူတို့ကို ဝိရ တမလွန်ကနေ ကျေနပ်လောက်တဲ့အထိ အပြစ်ပေးမှာပါ။ မင်းကျေနပ်ပါနော် အချစ်။

■ ■ ■



## အခန်း (၃၅)

"သား မင်းခန့်ဆိုတဲ့ ကောင်လေးကို တွေ့ခဲ့လား၊ အခြေအနေ ဘယ်လိုလဲ"

စိတ်ကျန်းမာရေးဆေးရုံက ပြန်လာသော ဖွဲ့ဟကို အမေက စိတ်ဝင်တစား မေးသည်။

"အခြေအနေက မကောင်းပါဘူး အမေရာ"

"ဟေ ဘာဖြစ်လို့လဲ သား၊ ရောဂါဖြစ်နေလို့လား"

"ဟာ အမေကလည်း ရောဂါဖြစ်နေလို့ စိတ်ကျန်းမာရေးဆေးရုံ ရောက်နေပါတယ်ဆိုမှ"

လူက စိတ်နှင့်လူနှင့်မကပ်ရတဲ့ကြားထဲ အမေက သူထင်ရာ အေးနေ၍ စိတ်ရှည်လက်ရှည် ပြန်ဖြေရသေးသည်။

"အေးလေ ငါပြောတာက အခြေအနေမကောင်းဘူးဆိုတော့ သေပေါက်သေဝရောက်တဲ့အခြေအနေမျိုးနဲ့ အိပ်ရာထဲ ဘုန်းဘုန်းလဲနေ



www.burmeseclassic.com

www.burmeseclassic.com



ဖြီလားလို့ မေးတာ''

''အဲလို မဟုတ်သေးပေမယ့် အရိုးပေါ်အရည်တင်ပြီး လူက သွက်သွက်ခါအောင် ရှုံးနေတာလေ၊ သူ့ကိုယ်ပေါ်မှာ အဝတ်တော င် မကပ်တော့ဘူး၊ ပါးစပ်ကလည်း ဝီရမေ ဝီရမေ ဆိုပြီး တတွတ်တွတ်နဲ့ အော်ပြီး ငိုငိုနေတာ''

''အေးပေါ့လေ သူလုပ်တဲ့အကျိုး သူပြန်ခံစားနေရတာပဲလေ ဒီပုံအတိုင်းဆို သူ့ကိုဘယ်ဖမ်းလို့ရမလဲ''

''သူ အခုလို သွက်သွက်ခါအောင် ရှုံးနေတာထက်စာရင် အဖမ်းခံလိုက်ရတာမှ သူ့ဘဝက ငြိမ်းဦးမယ်၊ ခုတော့ သူခံစားရတဲ့ ဒုက္ခက အကြီးကြီးလေ၊ ဘာပဲဖြစ်ဖြစ် တမလွန်ကနေ ဝီရမေ မြင်နေ မှာပါ''

သားအမိ အိမ်ရှေ့ဝရန်တာတွင် ထိုင်စကားပြောနေစဉ် ခင်ခင် ချစ်တို့အိမ်ရှေ့ကို ရဲကားတစ်စီး ထိုးစိုက်လာသည်ကို မြင်လိုက်ရသည်။

''ဟော့တော် ရဲကားပါလား၊ ဘာဖြစ်ကြလို့ပါလိမ့်''

အိမ်နီးနားချင်းတွေမို့ အမေ စိတ်ပူစွာ ပြော၏။

''သူ့ယောက်ျား ဗလကို လာဖမ်းတာနေမှာပေါ့''

''ဟင် ဘယ်လို ဗလကိုလာဖမ်းတာ ဟုတ်လား''

''ဟုတ်တယ် အမေ''

''အို သူက ဘာလုပ်လို့လဲ''

''မုဒိမ်းမှုလေ''

''အဲလို ပေါက်ကရ သူများကိုပြောပြန်ပြီ''





''ပေါက်ကရပြောနေတာ မဟုတ်ဘူး အမေ၊ သားတကယ် ပြောနေတာပါ''

''သူက ဘာလုပ်လို့လဲ ရဲကဖမ်းရအောင်''

''မုဒိမ်းမှုလေ''

''အလို့လေး ဘုရား ဘုရား''

''ဟုတ်တယ် အမေ၊ သူ့ကိုလာဖမ်းရအောင် ဝီရ ထားခဲ့ပေးတဲ့ အသံဖိုင်တွေ အဝတ်အစားတွေကို သက်သေခံပစ္စည်းအဖြစ် အသုံးချ ပြီး အမှုသွားဖွင့်လိုက်ပြီလေ''

''ဟင် ဒါဆိုရင် ဝီရကို စော်ကားတယ်ဆိုတဲ့ကောင်တွေထဲမှာ သူပါခဲ့တာပေါ့ ဟုတ်လား''

''ဟုတ်တယ် အမေ၊ ကျွန်တော်လည်း ဝီရ ဓာတ်ပုံပြထားဖူး လို့ မြင်ဖူးတာပါ၊ ဝီရက အဲဒီစိတ်ကြောင့် သူ့အိမ်ထဲမှာ ဆွဲကြိုးအကြိမ် ကြိမ်ချပြီး သေပွဲဝင်နေရတဲ့တာ၊ ဘယ်လောက်သနားစရာကောင်းလဲဗျာ''

ခင်ခင်ချစ်တို့အိမ်ထဲမှာ ရဲနှင့်ရပ်ကွက်လူကြီးအချို့ကို လှမ်း မြင်နေရပြီး ကြည့်နေရင်းမှပင် ဗလအား ရဲတွေအိမ်ထဲခေါ်ထုတ်လာပုံ ကို မြင်နေရသည်။

ဒွိဟ ကျေနပ်စွာ ပြုံးလိုက်သည်၊ အပြုံးတစ်ခုထဲတော့ မဟုတ်၊ မျက်ရည်တွေပါ အဖော်ပြု စီးဆင်းလာတာပါ။

မြတ်နိုးခွင့်ရပြီး ပိုင်ဆိုင်ခွင့်မရခဲ့သော ချစ်သူ၏ရင်ထဲက အမုန်း တွေ ဒဏ်ရာတွေကို ဒွိဟ ပြေပျောက်အောင် လုပ်ပေးခဲ့ပါပြီ။

ကြုံခဲ့ရတဲ့ သောကတွေ၊ နာကျင်မှုတွေ ဒီဘဝနဲ့တင် ကျေနပ်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့လိုက်ပါတော့၊ နောင်ဘဝထိ သယ်မသွားပါနဲ့တော့ ဝီရရယ်။ မင်းနာကျင်မှုကို ကိုယ် မကြည့်ရက်လို့ပါ။

ရင်ဘတ်ထဲ အချစ်ကို မျိုးစေ့ချသလို ချခဲ့ရပြီး အဲဒီအချစ်တွေ ကိုယ့်ရင်ထဲရှင်သန်လာတော့ အချစ်တွေက တံလျှပ်လို ကိုယ့်ဘဝထဲက ပျောက်သွားဦးမှာပါ၊ ဒါပေမဲ့ စိတ်ချပါ ဝီရရယ် ဘဝမှာ မင်းကိုသာ ချစ်ခဲ့ဖူးပြီး မင်းကိုသာ နမ်းခွင့်ကြုံခဲ့တာပါ။

ငါ့ဘဝထဲကို ဝိညာဉ်အဖြစ်နဲ့ဝင်လာပြီး ချစ်တတ်အောင် သင်ပေးသွားတဲ့မင်းကို ငါ့ရင်ထဲမှာ အမြဲသိုသိုသိပ်သိပ် သိမ်းထားပြီး ချစ်နေမှာပါ။

ဒါပေမဲ့ ငါ အဲဒီလို ချစ်နေဖို့အတွက် မင်း ဒီကနေ လွတ်မြောက်မှဖြစ်မယ်။ မင်း လွတ်မြောက်အောင် ရုန်းထွက်ပါတော့ ဝီရရယ်၊ ငါ မင်းရဲ့ပိတ်မှောင်နေတဲ့ဘဝကို ထပ်မမြင်ချင်တော့ဘူး။ မင်းတစ်ယောက်ထဲ ဘယ်လောက်အထီးကျန်လိုက်သလဲ။

ငါက မင်းကို ညတိုင်းအဖော်ပြုပေးချင်ပေမယ့် ကံကြမ္မာက အဲဒီအခွင့်အရေးကို ထပ်ပေးမှာမဟုတ်တော့ဘူး။ မင်းကို တွေ့ဆုံခွင့်လေး

ဘာပဲဖြစ်ဖြစ် မင်းနဲ့ငါ တစ်ကြိမ်တော့ တွေ့ခွင့်ရချင်သေးတယ်၊ တစ်ကြိမ်ထဲပါ အချစ်ရယ်၊ ငါတို့ ဒီတစ်ကြိမ်တွေ့ပြီးရင် မင်းသွားလိုရာကို လွတ်မြောက်ခြင်းတွေနဲ့ လွတ်လပ်စွာ ဖြတ်သန်းပါတော့။ နောက်ကို ဘယ်တော့မှ လှည့်မကြည့်ပါနဲ့တော့။

မင်းရဲ့အတိတ်ဆိုးတွေ မင်းဆီကပ်ပါလာမှာစိုးလို့ပါ အချစ်ရယ်။





ငါမင်းကို ဘယ်လောက်ချစ်သလဲဆိုတဲ့ ငါ့ရဲ့အချစ်တွေကိုတော့ မင်း အသိအမှတ်ပြုသွားပေးပါ။ တစ်ကြိမ်ထဲပါပဲ ဝီရရယ်။

ငါတို့ဒီည အချစ်တွေနဲ့အတူ တွေ့ကြရအောင်။ မင်း ငါ့ကို စောင့်နေပေးပါ။ ငါတို့ ဒီည တွေ့ကြရအောင်ကွာ။ ပြီးရင် မင်းကိုငါ ဘယ်လောက်ချစ်ခဲ့ကြောင်း သက်သေပြမယ်။ မင်းက ငါ့အချစ်တွေထဲ အလိုက်သင့်လေး စီးမျောပေးပါ အချစ်ရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၆)

ဝီရ အိမ်ရှေ့ကိုအရောက် အိမ်တံခါးအဆင်သင့်ဖွင့်ထားသော မြင်ကွင်းကြောင့် ဒွိဟ ပျော်သွားသည်။ သေချာပါသည်။ ဒီည သူ့ဆီကို ဒွိဟ လာမယ်ဆိုတာ ဝီရ ကြိုသိနေလို့ တံခါးကိုအဆင်သင့်ကြိုဖွင့်ပေး ထားတာ ဖြစ်မည်။

"ဝီရ ဝီရရေ"

ဝီရကို တွေ့ချင်စိတ်တွေ ရင်မှာတဖွားဖွားပေါ်လာပြီး ခြေလှမ်း တွေက အိမ်ထဲသို့ လှမ်းဝင်ခဲ့လိုက်သည်။ ငြိမ့်ညောင်းသော စန္ဒရားသံ က ည၏တိတ်ဆိတ်ခြင်းကို လွှမ်းမိုးပြီး သာယာစွာပေါ်ထွက်လာသည်။

ထိုသံစဉ်သည် ဝီရ သူ့ကိုအမြဲတီးပြနေသော သံစဉ်တေးသွား ဖြစ်သည်။

"ဝီရ ကိုယ်ရောက်ပြီ"





ညည်ခန်းထောင့်ရှိ စန္ဒရားခုံတွင် ကျောပေးလျက် စန္ဒရား ထိုင်တီးနေသော ဝီရ၏ကျော့ရှင်းသော ခန္ဓာကိုယ်လေးကို နောက်မှ သိမ်းဖက်လိုက်မည်ဟူသော စိတ်ကူးနှင့် ဒွိဟ စန္ဒရားခုံရှိရာသို့ ခြေသံ ခပ်ဖွဖွနင်း၍ လာခဲ့လိုက်သည်။

ဝီရအနောက်ရောက်သည်နှင့် ဝီရ၏ကိုယ်လေးကို နောက်ကျော မှ သိမ်းဖက်မည်အလုပ်။

"ဟင် ဝီရ"

လေထဲမှာ အရှိန်နှင့်ဖက်လိုက်သော သူ့လက်အစုံသည် ဝီရ နှင့်ထိတွေ့ခြင်းမရှိသလို ဝီရသည်လည်း သူ့ရှေ့တွင် ရှိမနေ။

"ဟာ ဝီရ ဝီရ ဘယ်ရောက်သွားတာလဲ"

ဝီရကို ဟိုဟိုဒီဒီ ဝေ့ဝဲရှာဖွေကာ ခေါ်လိုက်သည်။ စန္ဒရား ခလုတ်တွေက သူ့အလိုလို လှုပ်ရှားနေပြီး သံစဉ်ကလည်း ငြိမ့်ညောင်း စွာထွက်ပေါ်နေဆဲ။

"ဝီရ ကိုယ့်ကို အဲလိုမကျီစားပါနဲ့ကွာ၊ ကိုယ် ဝီရကို တွေ့ပါရစေ၊ ဝီရ ဖြစ်စေချင်တာတွေကို ကိုယ်အားလုံးလုပ်ပေးပြီးသွားပြီ၊ ဝီရကို ပြောပြချင်တယ်"

ဝီရအရိပ်ကို မတွေ့ရပေမယ့် ဒွိဟရင်ထဲရှိတာတွေ တရစပ် ပြောချလိုက်သည်။

"ဝီရ ဝီရရေ ကျေးဇူးပြုပြီး ကိုယ့်ကိုခဏလောက်တွေ့ ပေး



www.burmeseclassic.com

www.burmeseclassic.com



တွေ့ပါကွာ၊ ကိုယ်ဝီရကို ချစ်တယ်၊ ကိုယ့်ချစ်သူမျက်နှာလေးကို မြင်ခွင့်ပြုပါနော်၊ ကိုယ်တို့ မဆုံဆည်းနိုင်မှန်းတော့ သိပါတယ်၊ ဒါပေမဲ့ ကိုယ် ဒီတစ်ကြိမ်တော့ ဝီရကို တွေ့ချင်ပါသေးတယ်''

ပြောရင်းဖြင့် ဒွိဟ ငိုချင်လာသည်။

''နော် ဝီရ ကိုယ့်ကို ခဏလေးပဲ တွေ့ခွင့်ပေးပါလို့ ကိုယ် တောင်းဆိုပါတယ် အချစ်ရယ်''

ဒွိဟ၏တောင်းဆိုသံတွေသည် တိတ်ဆိတ်နေသော အိမ်ကြီးထဲမှာ ပဲ့တင်သံထပ်နေသလားပင်။ ညသည် အရင်ညတွေကလောက် ကဗျာမဆန်တော့တာ သိသာလွန်းနေသည်။

''ဝီရ''

နောက်တစ်ကြိမ် အသံလှမ်းပြုလိုက်သည်။

အတွင်းခန်းဘက်မှ ခပ်သဲ့သဲ့ကြားရသော ခြေသံကြောင့် ဝီရ ထိုနေရာမှာ ရှိလိမ့်မည်ဟုတွေးပြီး ဝင်ခဲ့လိုက်ပြန်သည်။ ဝီရ ဘာသဘော နှင့် ဒီလိုလုပ်နေတာလဲ စဉ်းစား၍မရ။

အတွင်းခန်းဆီရောက်ပြန်တော့လည်း ဝီရ ရှိမနေပြန်။ ဒွိဟ ရင်ထဲမှာ ဟာနေသည်။ ဒီည ဝီရမေနှင့်မတွေ့ရမှာကို ကြောက်လာသည်။ ထို့ကြောင့် တခန်းဝင်တစ်ခန်းထွက် ဝီရ နာမည်တကြော်ကြော် အော်ကာ လိုက်ရှာနေမိသည်။

''ဝီရရေ ကိုယ့်ကိုခဏလေး ထွက်တွေ့ပါကွာ၊ ကိုယ် တောင်း





ခံပါတယ်၊ ကိုယ် ဒီည ဝီရကို မတွေ့ရင်ကိုယ့်စိတ်တွေ ဘယ်လိုမှ ငြိမ်းမှာမဟုတ်ဘူး''

ဝီရပုံစံက စိတ်ဂနာမငြိမ်သူလို ဟိုအခန်းဝင် ဒီအခန်းထွက် ဝီရနာမည်ကို တကြော်ကြော် အော်ခေါ်ပြီး သွေးရူးသွေးတန်းဖြစ်နေသည်။ စိတ်နှင့်လူနှင့်မကပ်ဘဲ ရင်ထဲမှာ ဝီရနှင့်မတွေ့ရမှာစိုးသော အပူလှိုင်းတွေက ဖောခွျေးတွေ အလီလီ စိမ့်ထွက်ကာ ကလေးငယ်တစ်ယောက်လို စိတ်ရှိလက်ရှိ အော်ဟစ်ငိုကြွေးပစ်လိုက်ချင်တာပါ။

''ကိုယ့်ကို ခံစားရအောင်မလုပ်ပါနဲ့ ဝီရရယ်၊ ကျေးဇူးပြုပြီး တွေ့ခွင့်ပေးပါ''

ငိုသံနှောသောအသံဖြင့် တောင်းဆိုလိုက်ပြီး နံရံကိုကျောမှီကာ စိတ်ပျက်လက်ပျက် ထိုင်ချလိုက်သည်။

ထို့နောက် အတွေးတစ်ခုက လှစ်ခနဲ ဝင်လာသည်။ ထိုင်ရာမှ ဆတ်ခနဲ ထလိုက်ပြီး အခန်းတစ်ခုရှိရာသို့ တရှိန်ထိုး ပြေးဝင်လာခဲ့လိုက်သည်။

''ဟင်''

မြင်လိုက်ရသော မြင်ကွင်းကြောင့် ဒွိဟ မျက်လုံးတွေ ပြာဝေသွားသည်။

ကြိုးတန်းလန်းဖြင့် ဝိညာဉ်မဲ့နေသော ဝီရကို မြင်လိုက်ရသောကြောင့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



“ဝီရ မလုပ်နဲ့ မလုပ်ပါနဲ့”

အာခေါင်ခြစ်ကာ အော်ဟစ်ပြီး ဝီရ ရှိရာသို့ ပြေးဝင်သွားပြီး ဝီရနားအရောက်တွင် ဒွိဟ ခန္ဓာကိုယ် ဘုန်းခနဲ လဲပြိုကျသွားသည်

အသိစိတ်တွေသည် အမှောင်ကမ္ဘာကြီးထဲသို့ ရောက်ရှိသွားသည်။ အရာအားလုံးသည် ဝေဝါးကာ လေဟာနယ်တစ်ခုထဲရောက်သလို လွင့်မျောနေသည်။

“ဝီရ ဝီရရေ ကိုယ့်ကိုထားမသွားပါနဲ့”

အမှောင်ထဲမှာ ဝီရကို အငမ်းမရ ရှာဖွေအော်ခေါ်နေသည် ဟိုးခပ်ဝေးဝေးမှာ ဝီရ သူ့ကိုရပ်ကြည့်နေသည့် ပုံရိပ်တစ်ခုလို။

ပရိသတ်အတွက်

အမြဲတမ်း

ဖျူး



www.burmeseclassic.com